www.burmeseclassic.com

# မြင်းကလေး

ကြယ်စေတမန်



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# မိန်းကလေး

## ကြယ်စေတမန်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မိန်းကလေး

## ကြယ်စေတမန်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (မျိုးတာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျင်ရှင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းဒွေးကြည်

အတွင်းဒီဇိုင်း

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

စိုးမိုးတာပေ

ဖုန်း - ၀၁- ၂၉၀၉၉၅

ရ၉၅ ‧ ၈၃

မိန်းကလေး

ကြယ်စေတမန် / မိန်းကလေး ။ - ရန်ကုန်။

မျိုးတာပေ ၊ ၂၀၁၃ ။

၂၅၆ - စာ ၊ ၁၂ x ၁၈ စင်တီ။

(၁) ကြယ်စေတမန်

# အခန်း (၁)

"အတော် စွံတယ်နော် နှစ်နှစ်"

"ဘာစွံတာလဲ"

"ဟိုမှာလေ"

အဝါနှစ် မေးထိုးပြလျှင် နှစ်နှစ် နေကြာစေ့ခွာစားမပျက်ဘဲ လှမ်းကြည့်လိုက်သည်။

ကန်ဘောင်ပေါ်လျှောက်လာတဲ့ သူ။ သူ့ကို မမျှော်လင့်ဘဲ မြင်ရတော့ နှစ်နှစ်ရင်မှာ အလိုလိုနေရင်း ခပ်နွေးနွေးခံစားမှု လှိုင်းတစ်ခု ဖြတ်သန်းသွားလေပြီ။

သို့သော်၊ သူ့လက်မောင်းကို တွဲချိုပြီးပါလာတဲ့ ကောင်မလေးကို ပါ တစ်ပြိုင်နက်မြင်ရလျှင် နှစ်နှစ်ရင်မှာ မလုံမလဲ ဖြစ်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အတော်စွံနိုင်တဲ့ ငနဲလေးပဲ"

ထွင်ထွင် နေကြာစေ့ကို ရှေ့သွားနှင့်ကိုက်ခွာရင်း စိတ်ဝင်တစား ထပ်ပြော၏။

နှစ်နှစ် မလုံတဲ့စိတ်ကလေးကို ပြန်ထိန်းချုပ်ရင်း –

"အင်း" လို့ ထွင်ထွင်စကားကို တိုးတိုးလေး ထောက်ခံရသည်။ မထောက်ခံလို့ မရဘဲလေ။

ခုတစ်လော သူ့ကို နေရာတိုင်းလိုလိုမှာ နှစ်နှစ်နဲ့ထွင်ထွင် မထင်မှတ်ဘဲ တွေ့နေမိတဲ့ အကြိမ်အရေအတွက် များလှပြီ။

တွေ့လိုက်တိုင်း တစ်ယောက်တည်းမဟုတ်။ အတွဲနဲ့ တွဲထားတဲ့ မိန်းကလေးက တစ်ယောက်တည်းမဟုတ်ဘူး။ တစ်ခါတွေ့ရင် တစ်ယောက်။ တစ်ယောက်ထက်တစ်ယောက် လှသလို အဆင့်မြင့်မြင့်ထဲက ဖြစ်သည်။

သူ့ကို စတွေ့တာ အခုဆို ခုနစ်ခါတိတိ။ ပထမဦးက ကန်တော်ကြီးပတ်လမ်းမှာ လေညင်းခံလမ်းလျှောက်ရင်း သူ့ကောင်မလေးနဲ့သူ ချစ်စကားတွေ့ သီကျူးနေတာ မိုးမမြင် လေမမြင်။

ဒုတိယအကြိမ်က ထွင်ထွင်သူငယ်ချင်း ဆွေးဆွေးရဲ့မွေးနေ့ ဧည့်ခံပွဲမှာ ဖြစ်သည်။ ဆွေးဆွေးသူငယ်ချင်း သူသူသာက ဆွေးဆွေး မွေးနေ့ပွဲကိုလာရင် သူသူသာက သူသူသာရဲ့ချစ်သူကို ခေါ်လာခဲ့မယ်လို့ ကြော်ငြာထားသည်။





ကြော်ငြာထားတဲ့အတိုင်း သူသူသာ ခေါ်လာတဲ့ချစ်သူက သူ ဖြစ်နေပါသည်။ မွေးနေ့ပွဲမှာ ထွင်ထွင်က သတိထားမိဟန်နှင့် နှစ်နှစ်ကို တိုးတိုးကပ်ပြောသည်။

"ဟို Boy က ငါးရံ့နှစ်ကောင်နဲ့ဟ"

"ရှင်ကလည်း ကြားသွားဦးမယ်" လို့ နှစ်နှစ် နှုတ်ခမ်းလှုပ်ရုံ ပြောမိသေးသည်။ သူသူသာ ရိပ်မိပုံမပေါ်။ သူ့ချစ်သူကို သူငယ်ချင်းတွေနဲ့ ဂုဏ်ယူဝံ့ကြွားရဝမ်းသာ မိတ်ဆက်ပေးခဲ့သည်။

တတိယအကြိမ်က ရုပ်ရှင်ရုံမှာ။ ထွင်ထွင်နဲ့နှစ်နှစ် ဟော့ရှော့ ဇာတ်ကား သွားကြည့်ဖို့ သမ္မတရုံထဲအဝင်မှာ သူ့အတွဲကို ဖျတ်ခနဲ မြင်ရပြန်သည်။

စတုတ္ထအကြိမ်က ထွင်ထွင်ဦးလေးဖြစ်သူ ဦးဟန်စိုးရဲ့ နတ်သမီး ကာဇီဆိုင်မှာ။ ပဥ္စမအကြိမ်မြောက်က ကုမုဒြာဖက်ရှင်ရှော့တွင်။

Iron Cross စတိတ်ရှိုးပွဲမှာ ဆဋ္ဌမအကြိမ်။ ခုနစ်ကြိမ်မြောက် တွေ့တာက တက်သစ်စအဆိုတော်မလေးရဲ့ တစ်ကိုယ်တော်ဧည့်ခံပွဲမှာ။ ထိုအဆိုတော်မလေး အရေးတယူရှိလှတဲ့ ချစ်သူအဖြစ် အနုပညာ အသိုင်းအဝိုင်းကို မိတ်ဆက်ပေးတဲ့အကြောင်း ဂျာနယ်စာမျက်နှာထက် မှာ ဖြစ်သည်။

အခုတစ်ခါ ကန်ဘောင်ပေါ်မှာ။ အခုအချိန်အထိ တွေ့လိုက်တိုင်း တွဲတဲ့မိန်းကလေးတွေက တစ်ယောက်တည်းမဟုတ်။ ရှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တောင် ထည့်လဲတွဲနေတာ ဘာကြောင့်လဲ။ နောက်ထပ် သူတွဲနေတာ ဘယ်နှယောက်တောင် ရှိဦးမလဲ။

ဒါတော့ နှစ်နှစ်တို့ မမြင်ရသေး၍ မသိရသေးပါ။ သူကလည်း မိန်းကလေးတွေ မျက်စိကျလောက်အောင် လန်း၏။ ရင်ဖွင့်၍ ကိုယ်မက်ကာ လမ်းလျှောက်တဲ့ သူ့ဟန်က သမင်မလေးတွေ လည်ပြန်ငေးသွားစေမည်။

ရုပ်ရည်က ဖြောင့်သလို ကိုယ်နေဟန်က ခွဲခေါင်မှုရှိသည်။ သူ့မျက်ဝန်းက မိန်းကလေးတွေရဲ့စိတ်ကို ညှို့နိုင်တဲ့ဓာတ်တစ်မျိုး ကွန့်မြူးနေကာ။ ဝတ်စားဆင်ယင်မှုက ကိုရီးယားမင်းသားတွေထက် သာသည်။ တော်ရုံတန်ရုံ ချမ်းသာတဲ့လူတွေ သူ့အပါးကပ်လျှင် မှိန်သွားမှာ သေချာသည်။

ရုပ်ရည်နဲ့စတိုင်လ်က သူမတူအောင် လန်းထွက်နေသလို ဒိတ်ဒိတ်ကြဲ အဝန်းအဝိုင်းထဲမှ အခေါင်အဖျား ဖြစ်ပုံရတဲ့ သူ့ဂုဏ်ရည်အတိုင်း တွဲလိုက်တာက ဟောတစ်ယောက် ဟောတစ်ယောက်။

မိန်းမလှတွေကို မရိုးတမ်းတွဲကာ လူ့ဗီဇ ဒါမှမဟုတ် သူ့စရိုက်လား။ တွဲလိုက်တဲ့မိန်းကလေးတွေအပေါ်လည်း အရေးတယူ မရှိပေ။

သူ့ပုံစံက တွဲချင်လို့တွဲတယ်၊ လည်ချင်လို့လည်တယ်၊ တွဲချင်တဲ့ မိန်းကလေးနဲ့ တွဲပစ်မယ်၊ တွဲခွင့်တွေလည်း သူ့ဘေးမှာ ဝိုင်းဝိုင်းလည်နေပုံရသည်။





ခုလည်းကြည့်၊ သူ့ကောင်မလေး သူ့ကို အရေးတယူ စကားတွတ်ထိုး ပြောနေချိန်မှာ သူ့စိတ်က သူ့ကောင်မလေးရဲ့ ချစ်စကားတွေမှာ မျောမနေ

ထီးရိပ်အောက်ခုံတန်းမှာ တစ်ပွေတည်းထိုင်ပြီး သူ့ကိုရှိုးနေတဲ့ မိန်းမချောလေးကို ပြုံးတုံ့မျက်စပစ်ကာ ချိတ်လိုက်သေးသည်။ အကြည့်ချင်းဆုံတဲ့ ရင်ခုန်ဘာသာဗေဒ ကူးလူးယှက်တင်ကာ သွားရင်းလာရင်း ဘေးမှာ ရည်းစားကြီးတန်းလန်းပါလျက် နောက်တစ်ယောက်နဲ့ အကြည့်ချင်း ကြူနေတဲ့အဖြစ်။ တတ်လည်းတတ်နိုင်တဲ့သူ။

"အင်း ဘေးမှာ တွဲလျက်ပါတာကောင် မြူကဲ့ကောင်မလေးက မြူတယ်၊ အီတဲ့ကောင်ကလည်း အီတယ်၊ နောက်တစ်ခါတွေ့ရင် အဲဒီကောင်မလေးနဲ့ တွဲလျက်ပဲ ထင်တယ်နော် နှစ်နှစ်"

သူ မျက်စပစ်လိုက်သည်ကို နှစ်နှစ်နည်းတူ ထွင်ထွင်ကလည်း မျက်တောင်မခတ်တမ်း ကြည့်နေတာကြောင့် မြင်ပါသည်။ မြင်တဲ့အတိုင်းပဲ နှစ်နှစ်ကို ပခုံးချင်းတိုက်ကာ ပြော၏။

"အင်း ဖြစ်နိုင်တယ်" လို့ နှစ်နှစ် အလိုက်သင့် ပြန်ပြောလိုက်ရပေမယ့် ရင်ထဲမှာ မကြည်လင်လှပါ။ မှိုင်းမှိုင်းညို့ညို့နဲ့ ခံစားရတာ တစ်မျိုးလေး ဖြစ်လို့နေသည်။

တကယ်ဆို သူ အဲသလောက် မျက်နှာပြောင်ဖို့ မကောင်းပါ။ လက်တွဲထားတဲ့ ချစ်သူ ကပ်လျက်ရှိနေတာတောင် တခြားမိန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း မျက်စပစ်ချိတ်လိုက်တာ အံ့ဩဖို့တောင် ကောင်းသည်။

တစ်မွေတည်းထိုင်နေတဲ့ မိန်းမချောလေးကရော ဘာသဘော လဲ။ သူနဲ့ သူ့ကောင်မလေးကို တွဲမြင်ရက်နဲ့ သူ့ကို မြူကြည့်လိုက်တာ ဘာကြောင့်လဲ။

ကာလာခြယ်ညနေခင်းက မျက်စပစ်ခံရတဲ့ သူ့မျက်ဝန်း အကြည့်မှာ ရှာန်လျှော့ပြီးထင်ရသည့်နှယ်။

သူရယ် ဒဿဂီရိကို သဘောကျပြီး မျက်နှာများရတာလား ဟင်။

✿ ✿ ✿



## အခန်း (၂)

"အလို"

ညှော်ခန်းထဲဝင်လျှင်ဝင်ချင်း လှမ်းကြည့်တဲ့ မျက်ဝန်းချိုချိုနှစ်စုံ နဲ့ ဖျတ်ခနဲ ဆုံလျှင် နှစ်နှစ်ခြေလှမ်းလေး တန့်သွားသလို နှုတ်ခမ်းဖူးဖူး လေးပါ တအံ့တဩ ပိုင်းသွားလေသည်။

ညှော်ခန်းရှိ ဆိုဖာရှည်ပေါ်မှာ ယှဉ်တွဲထိုင်နေသော နှစ်နှစ်မိဘ အရွယ် ညှော်သည်စုံတွဲ။

ထိုညှော်သည်အတွဲကို နှစ်နှစ် တစခါမှ မမြင်ဖူးပါ။ မမြင်ဖူးတာ ကြောင့် မထင်မှတ်တဲ့ အကြည့်ခံရတော့ အံ့ဩတုံ့ဆိုင်းသွားခြင်းဖြစ်သည်။

"သမီးက မျိုးမျိုးသမီးလေး ထင်ရဲ့ ပုသိမ်မှာ ဒေါ်ဒေါ်နဲ့ နေတယ်ဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်သည်အန်တီက မျက်နှာချိုချိုလေးနှင့် ချစ်စဖွယ်လှမ်းမေး၏။ မေးသံကြားလိုက်မှ နှစ်နှစ် အသိဝင်လာပါသည်။

"ဟုတ် ဟုတ်ကဲ့ အန်တီ၊ နှစ်နှစ်က ဒေါ်လေးနဲ့ပုသိမ်မှာပဲ အနေများတယ်၊ ဒေါ်လေး ရိပ်သာဝင်နေလို့ မေမေနဲ့ ဖေဖေ့ဆီ ခဏပြန်နေတာ"

ဟု ခေါင်းဆတ်ပြောရင်း နှစ်နှစ် ပြုံးပြလိုက်သည်။ ပန်းခရမ်းရောင် ဆေးခြယ်ထားတဲ့ အန်တီ့နှုတ်ခမ်းအစုံလည်း တုံ့ပြန်ပြုံးလာပြီး-

"သမီးက ကျောင်းပြီးပြီဆို၊ ခဏ မျိုးမျိုးပြောလို့ကွယ်"

"ဟုတ်ကဲ့အန်တီ၊ ခဏနော် မေမေ့ကို သွားခေါ်လိုက်မယ်"

"နေ နေ သမီး၊ မျိုးမျိုးက အန်တီတို့ကို ညွှန့်ခံဖို့ စားစရာ သွားယူနေတာပါ၊ ကိစ္စမရှိပါဘူး၊ မျိုးမျိုးနဲ့အန်တီတို့က ငယ်သူငယ်ချင်းတွေ၊ သမီးဖေဖေနဲ့ရောပေါ့"

မျက်နှာချိုသလို စကားသံလေးလည်း ချိုလွင်နေအောင် ပြောတတ်သော အန်တီ့စကားအဆုံးမှာ နှစ်နှစ် ပခုံးတွန့်မိသွားသည်။

အန်တီနှင့်နှစ်နှစ် ပြောဆိုနေသမျှကို အန်တီ့ဘေးမှကပ်လျက်ထိုင်နေသည့် အန်ကယ်က ပြုံးပြုံးကြီး ခေါင်းညိတ်သည်။

"ဟုတ်တယ် သမီးရဲ့၊ အန်ကယ်တို့ကို အားနာမနေပါနဲ့၊ သမီးအပြင်က ပြန်လာတာ မဟုတ်လား၊ သွားနားချည်လေ သမီး"

အန်ကယ်ကပါ ထပ်ပြောတော့ နှစ်နှစ် ဘာပြန်ပြောရမှန်းမသိ





အောင် အားနာသွားသည်။ ညွှန့်သည်က အိမ်ရှင်ကို ပြန်အားနာနေပုံ အဖြစ်။

နှစ်နှစ် အားနာစွာပဲ ရယ်ချမိကာ –

"ရ ရပါတယ် အန်ကယ်၊ မေမေ့ကို ကူပေးဦးမယ်၊ ခဏစောင့်နော်"

ညွှန့်သည်စုံတွဲ ခေါင်းညိတ်အသိအမှတ်ပြုနေတာကို စောင့်မနေတော့။ လက်ကိုင်အိတ်ကို နီးစပ်ရာ ဆိုဖာတစ်လုံးပေါ်တင်၍ နှစ်နှစ် ခြေလှမ်းက မီးဖိုခန်းဆီ ရွေ့ခဲ့၏။

သွက်လက်ဖြူးကြွသောအသွင်နဲ့ အားကုံ့အားနာဖြစ်ကာ၊ ပြုံးပြုံးလေးနဲ့ ချစ်စဖွယ်ကောင်းသော နှစ်နှစ်ကို ညွှန့်သည်စုံတွဲ ရှုမဝနိုင်စွာ ကြည့်သည်က အတွင်းခန်းဆီ ဝင်သွားတဲ့နောက် လိုက်ကာစလေး လှုပ်ခါစင်းကျသွားသည်အထိ ငေးကြည့်ဖြစ်သွားသည်။

ဘာကြောင့်မှန်းတော့ မသိပါ။ ညွှန့်သည်စုံတွဲအကြည့်ကြောင့် နှစ်နှစ်ရင်မှာ တစ်မျိုးလေး လှုပ်ရှားသွားသည်။

✿

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော သမီးရောက်ပြီလား၊ လာ လာ၊ မေမေ့ကို ဝိုင်းကူဦး"

ဒေါ်မျိုးမျိုးဦး သမီးခေါ်သံကြားသည်နှင့် ဝဲမကြည့်ဘဲပြောသည်။ တစ်ဆက်တည်းပင် လက်ထဲက အခွံသင်ပြီးသား ပန်းသီးကို စိတ်၍ ကြွေပန်းကန်ထဲ ထည့်သည်။

"ဘာကူပေးရမလဲ မေမေ"

မီးခင်အပါးရောက်လာတဲ့သမီးကို ဒေါ်မျိုးမျိုးဦး ကြည့်ရွှင်စွာ တစ်ချက်ပြုံးကြည့်ပြီး ဆက်ပြောသည်။

"သမီး လိမ္မော်ရည်ဖျော်လေ"

"အင်း"

နှစ်နှစ် ခေါင်းညိတ်ပြီး စားပွဲပေါ်အသင့်ရှိနေတဲ့ ယိုးဒယားက လာတဲ့ လိမ္မော်ရည်အဆီဘူး ချက်ချင်းဖွင့်သည်။ ဒေါ်မျိုးမျိုးဦးက ပန်းသီးစိတ်ပြီးသည်နှင့် စတော်ဘယ်ရီကိတ်တုံးကြီးကို အတုံးသေးသေး တုံး၍ ပန်းကန်ထဲ ထည့်သည်။

"အချိုပေါ့ပေါ့ဖျော်နော် သမီး၊ သမီးအန်ကယ်က ဆီးချိုရှိတယ်၊ အချိုမလွန်စေနဲ့"

လိမ္မော်ဆီနဲ့သကြားရည်ရောပြီး ဖန်ခွက်ထဲထည့်ဖျော်ဖို့ ပြင်ဆင်နေတဲ့ သမီးကို သတိပေးသလို ပြောသည်။

"အဲဒါဆိုလည်း သကြားမထည့်တော့ဘူးလေ၊ နော် မေမေ၊ လိမ္မော်ဆီအနှစ်ကိုပဲ ရေနဲ့ဖျော်လိုက်မယ်"





"အေး အဲဒါလည်းကောင်းတယ်၊ လိမ္မော်အရသာ ချဉ်ချဉ်လေး ဆိုတော့ ခံတွင်းလိုက်တယ်၊ ကဲ သမီးဖျော်နှင့်၊ မေမေ မုန့်ပန်းကန် ယူသွားဦးမယ်"

"ဟုတ် ပြီးရင် မေမေလာနဲ့တော့၊ ဧည့်သည်တွေချည်း ထိုင် နေရတာကို အားနာစရာကြီး"

"သမီးသဘော"

ဒေါ်မျိုးမျိုးဦး သဘောတကျပြော၍ ပြုံးမိသည်။ သမီးက နေရာတကာ အားနာတတ်သူလေးဖြစ်သည်။

ပူတင်း၊ ပန်းသီးစိတ်၊ ကိတ်တုံးနဲ့ ကျောက်ကျောတုံးလေးများ လှလှပပထည့်ထားသည့် မုန့်ပန်းကန်လေးချပ်ကို လေးထောင့်ဗန်းရှည် ထဲ ထည့်သည်။

"ပြီးရင် သမီးပဲ ဖျော်ရည်ယူခဲ့နော်"

ဟုဆို၍ မုန့်ဗန်းပင့်ကာ ဒေါ်မျိုးမျိုးဦး ထမင်းစားခန်းထဲက ထွက်သွားသည်။ နှစ်နှစ် ခေါင်းညိတ်၍ လိမ္မော်ရည်ဆက်ဖျော်သည်။

အန်တီ့အတွက် သကြားရည်နှင့် ခပ်ချိုချိုဖျော်ပြီး အန်ကယ့် အတွက် လိမ္မော်ဆီနဲ့ပဲ ခပ်ချဉ်ချဉ်ဖျော်သည်။

ပြီးတော့ ရေခဲတုံးကလေးများ ဖျော်ရည်ခွက်ထဲထည့်သည်။ ပိုက်တံကလေးပင် မကျန်အောင် ဂရုစိုက်လုပ်နေမိသည်။ ကြည်လင်နေ တဲ့ ဖန်ခွက်ထဲမှာ အဝါရောင်ဖျော့ဖျော့လိမ္မော်ရည်က အေးလာကာ



www.burmeseclassic.com

သောက်ချင်စဖွယ် ဖြစ်နေတော့သည်။

လက်သုတ်ပဝါသန့်သန့်လေးကို ပန်းကန်အလွတ်မှာတင်သည်။ လေးထောင့်ဇန်းတစ်ချပ် ဆွဲယူပြီး လိမ္မော်ရည်နှစ်ခွက်နှင့် လက်သုတ်ပဝါပန်းကန်ထည့်သည်။ ညှော်သည်အတွက် အဆင်သင့်ဖြစ်သွားတဲ့ ဖျော်ရည်ဇန်းကို နှစ်နှစ်ကိုယ်တိုင် ပင့်မကာ ညှော်ခန်းဆီထွက်ခဲ့သည်။

ညှော်ခန်းထဲ ခြေလှမ်းဝင်သည်နှင့် –

"မျိုးမျိုးသမီးက သိပ်လိမ္မာတာပဲ"

ကျောက်ကျောတုံးငုံဝါးရင်း အန်တီ သဘောကျစွာပြောတော့ မေမေက ပြုံးသည်။

"သမီးလိမ္မာတော့ မျိုးမျိုးသက်သာတာပေါ့ လှိုင်ရယ်"

မေမေကလည်း ကြည်နူးစွာ ပြန်ပြောသည်။ နှစ်နှစ်ကို ခုလို ချီးမွမ်းနေတော့ နှစ်နှစ် မနေတတ်အောင် ဖြစ်ရသည်။ စားပွဲပေါ်ကို ဖျော်ရည်ဇန်းတင်၍ –

"ဒီလောက်လည်းမဟုတ်ပါဘူး အန်တီရယ်၊ မေမေ့ကို နည်းနည်းပါးပါးပဲ ကူလုပ်ပေးဖြစ်တာပါ"

"ကူလုပ်ပေးတတ်တဲ့စိတ်ရှိနေတာက လိမ္မာရေးခြားရှိနေလို့ပေါ့ သမီးရဲ့၊ မဟုတ်ဘူးလား မျိုးမျိုး"

အန်တီက ပို၍ပင် ချီးမွမ်းပြန်သည်။ မေမေက သူငယ်ချင်း အလိုကျ ခေါင်းညိတ်တော့ နှစ်နှစ်မှာ ရှက်ပြုံးလေးပြုံး၏။





"ဒီမှာ အန်ကယ့်အတွက် သကြားရည်မထည့်ဘဲ ဖျော်ထားတာ"

ဟု အန်ကယ်ရှေ့ လိမ္မော်ရည်ခွက်ချပေးရင်း စကားလမ်းကြောင်းပြောင်းစေဖို့ နှစ်နှစ်ဆိုလိုက်သည်။

"အန်ကယ်က ခက်ရင်းနဲ့ထိုးထားတဲ့ ပူတင်းတုံးကို ခံတွင်းထဲထည့်မလို့ပြင်ပြီးမှ မထည့်သေး။ နှစ်နှစ်ကို ခပ်ပြုံးပြုံးကြည့်၍ ပြောလေသည်။

"ကျေးဇူးပဲ သမီးရယ်၊ သမီးက တကယ်လိမ္မာတာပါကွယ်"

"ဟွန်း အန်ကယ်လည်း မြှောက်ပြောပြန်ပြီ"

နှစ်နှစ် ရှက်ရှက်နှင့် ခေါင်းငုံ့ရင်း ပြောမိသွားသည်။ နှစ်နှစ်ပြောပုံလေးက ချစ်စရာလေးမို့ မေမေအပါအဝင် အန်တီနဲ့ အန်ကယ် သဘောတကျရယ်သည်။

"သမီးကလည်းကွယ်၊ သမီးက တကယ်လိမ္မာတာ မေမေ သိတာပေါ့လို့"

မေမေက နှစ်နှစ်ခေါင်းကို ဖွဖွ လှမ်းပွတ်ရင်း ပြောပြန်သည်။

"သမီးကတော့ စံပဲ မျိုးမျိုးရယ်"

အန်တီက ပြောရင်း ငုံ့ချထားတဲ့ နှစ်နှစ်မျက်နှာလေးကို အမိအရကြည့်သည်။ မျက်နှာကျသွယ်ဝန်းကာ ပါးလေးနှစ်ဖက် ပြည့်အိအိလေးဖြစ်နေတဲ့ ကောင်မလေး။ မျက်တောင်တို့ရှည်ကာ အဖျားကော့ညွတ်

www.burmeseclassic.com



လျှက်။ နှာတံလေးစင်းပြီး နှုတ်ခမ်းလေးဖူးနေတာက အကြည့်ငေးသွဲ့ချစ်စရာ လှနေတော့လည်း ဒေါ်လှိုင်သစ္စာ အမိအရစိုက်ကြည့်ဖြစ်တာ မဆန်းပေ။

အန်ကယ်က လိမ္မော်ရည်ခွက်ပင့်ကာ ပိုက်တံနဲ့ တစ်ငုံ စုပ်သောက်ရင်း နှစ်နှစ်ကို တစ်ခုခုပြောချင်နေဟန်ရှိမှန်း သိသာနေသည်။ ထို့ကြောင့် –

"ကဲ သမီး ထိုင်ပါဦး"

ဟု မေမေက လှည့်ထွက်သွားမလို ခြေလှမ်းပြင်တဲ့ နှစ်နှစ်လက်တစ်ဖက်ကို ဆွဲရင်းပြောသည်။ နှစ်နှစ် မထိုင်ချင်ပေမယ့် မေမေ့ဘေးချင်းကပ် ဆိုဖာအလွတ်မှာ ဝင်ထိုင်လိုက်ရသည်။

"ဒါနဲ့ သမီး၊ သမီး ကျောင်းပြီးပြီဆိုတော့ ဘာလုပ်မယ်စိတ်ကူးလဲ"

အန်ကယ်က လိမ္မော်ရည်ဖန်ခွက် စားပွဲပေါ် အသာပြန်ချ၍ အလေးအနက် မေးသည်။ ဖေဖေ့လို စိတ်ရှည်တတ်ဟန်တူတဲ့ အန်ကယ့်ကို နှစ်နှစ် မျက်တောင်မခတ်ဘဲ တစ်ချက်ကြည့်မိသည်။ အန်ကယ့်မျက်ခုံးပင့်ကာ အသံတိတ်ထပ်မေး၏။ ထိုအခါ နှစ်နှစ် ကုပ်ပိုးကို လက်ချောင်းလေးတွေနဲ့ အသာပွတ်၍ –

"ဟို ဘာမှ စိတ်မကူးရသေးဘူး၊ အန်ကယ်"

"သမီး အလုပ်လုပ်ချင်စိတ်ရှိရင် အန်ကယ့်ကုမ္ပဏီမှာ ဝင်လုပ်





လို့ရတယ်"

"ဘယ်လိုလဲ၊ သမီး စိတ်ဝင်စားရင် သမီးအန်ကယ်ကုမ္ပဏီမှာ ဝင်လုပ်ပါလားကွယ်"

အန်ကယ်နဲ့အန်တီ တစ်ယောက်တစ်ခွန်းစီ လိုလိုလားလားပြောကြသည်။ နှစ်နှစ် အားနာမျက်နှာလေးနဲ့ မေမေကို ငဲ့ကြည့်သည်။ မေမေက ခေါင်းလေးဆတ်လျှက်ပြောသည်။

"ဟုတ်တယ် သမီး၊ သမီး လောလောဆယ် အားနေတာပဲ ဝင်လုပ်ပါလား"

"ဒေါ်လေး တရားစခန်းက ပြန်ထွက်လာရင်း နှစ်နှစ် ပုသိမ်ပြန်မှာလေ"

"အောင်မယ်လေး၊ သမီးဒေါ်လေးအကြောင်း မေမေသိပါတယ်၊ သမီးဒေါ်လေး တရားစခန်းတစ်ခါဝင်ရင် အနည်းဆုံး ခြောက်လတစ်နှစ်ကြာမှာအေ့၊ ဒီအတောအတွင်း သမီးအဖေကလည်း သမီးကို အလုပ်လုပ်စေချင်နေတာ၊ သမီးအဖေရုံးမှာ ဝင်လုပ်ပါပြောတော့ သမီးက ရုံးဝန်ထမ်းမလုပ်ချင်ဘူးဆိုတော့ သမီးအန်ကယ်ဆီမှာ ဝင်လုပ်ကြည့်၊ စိတ်မဝင်စားရင်လည်း အချိန်မရွေး ထွက်လို့ရသားပဲ"

"ဟုတ်တယ်သမီးရဲ့"

မေမေ့စကားကို အန်တီလှိုင်ကလည်း အားတက်သရော ထောက်ခံသည်။ နှစ်နှစ်မှာ ငြင်းရခက်ဖြစ်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေး တရားစခန်းတစ်ခါဝင်ရင် အနည်းဆုံးခြောက်လကြာတာ နှစ်နှစ်သိသည်။ ကျောင်းလည်းပြီးပြီမို့ စိတ်မလေအောင် ဖေဖေက ဖေဖေ့ရဲ့ အကောက်ခွန်ရုံးမှာ ရုံးဝန်ထမ်းလုပ်ဖို့ပြောသည်။

နှစ်နှစ်ပဲ ရုံးဝန်ထမ်းမလုပ်ချင်ပါဘူးဟု ငြင်းခဲ့သည်။ အခု တစ်ခါ မေမေက ပြောပြန်ပြီ။ အန်ကယ်နဲ့အန်တီမျက်နှာမှာလည်း မငြင်းစေချင်မှန်း သိသာနေသည်။

"ကဲပါ သမီးရယ်၊ လုပ်ကြည့်ကွယ်၊ ဟုတ်ပြီလား"

မေမေ ဖွတ်ပြောပြန်သည်။ ငံ့ထားမိတဲ့ နှစ်နှစ်ခေါင်းလေး မခါရက်တော့ပါ။ လူကြီးတွေ စိတ်ကျေနပ်စေဖို့ နှစ်နှစ် ခေါင်းအသာ ဆတ်လိုက်ရသည်။

"အေး၊ ဒါမှ သမီးဖေဖေလည်း သမီးကို စိတ်ချလက်ချ ဖြစ်မှာ၊ နောက်ဆို သမီး စိတ်လေမှာစိုးတယ်ကွယ်၊ သူငယ်ချင်းနှစ်ယောက် အချိန်တိုင်း လျှောက်လည်နေတာကို မေမေလည်း သဘောမကျပါဘူး၊ အလုပ်လုပ်တော့ တည်ငြိမ်တာပေါ့ကွယ်၊ သမီးဒေါ်လေး တရားစခန်းက ထွက်ရင် သမီး ပုသိမ်ပြန်ပေါ့ မဟုတ်ဘူးလား"

မေမေက ထိုသို့ လိုရာဆွဲပြီး သွက်သွက်ပြောချတော့သည်။ နှစ်နှစ်ခမျာ ထိုင်ရာမထ အလုပ်ရသွားတဲ့အဖြစ်။

စိတ်ညစ်လိုက်တာနော်၊ ထွင်ထွင်နဲ့ အပြင်ထွက်နေရင် သူနဲ့ မတော်တဆ ဆုံတွေ့နိုင်သေးသည်။ သူ ဘယ်ကောင်မလေးနဲ့ တွဲနေလဲ





ဆိုတာ သိနိုင်သေးသည်။

အလုပ်ဝင်သွားရင် တွေ့ရဖို့ ခဲယဉ်းမှာသေချာသည်။

"ကဲ သမီးသွားနားတော့လေ၊ အပြင်က ပြန်လာတာလည်း မနားရသေးဘူး၊ အန်တီတို့အတွက် ညှော်ခံရတာနဲ့ ပိုပင်ပန်းနေမယ်၊ သွားနားတော့နော်"

အန်တီ အလိုက်သိသိ ပြော၏။ နှစ်နှစ်လည်း မေမေနဲ့အန်တီ တို့ရှေ့မှာ ထိုင်နေရတာ မွန်းကျပ်လှသည်။ ထို့ကြောင့် နှစ်နှစ် ခေါင်း ညိတ်လျက် ဧည့်သည်ရှေ့မှ ထထွက်ခဲ့သည်။

အလုပ်ရမှာ ဝမ်းမသာသော်လည်း သူ့ကိုမတွေ့ရမယ့်အတွက် ဝမ်းနည်းသလို ဖြစ်ရသည်။ အဲဒါ ဘာကြောင့်လဲ၊ ပြောလှည့်ပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"သမီး အဆင်သင့်ဖြစ်ပြီလား"

ကျောလယ်သာသာရှိတဲ့ နှစ်နှစ်ဆံပင်ပျော့လေးကို ဘီးလေးနဲ့ ရှင်းနေတုန်း မေမေ အခန်းထဲဝင်လာပြီး မေးသည်။

"ပြီးခါနီးပြီ မေမေ"

"အေး ပြီးရင်လာခဲ့၊ သမီးဖေဖေ စောင့်နေတယ်"

"ဟွန်း ဖေဖေ ဘာလို့စောင့်နေတာလဲ"

နှစ်နှစ် ဘာ့ကြောင့်မှန်းမပျက်ဘဲ မေး၏။ မေမေက နှစ်နှစ်ဆံပင်လေးကို တယုတယ ကိုင်ကြည့်ရင်း –

"သမီးကို သမီးအန်ကယ်ရဲ့ကုမ္ပဏီ ပို့ပေးမလို့တဲ့"

"ဒို့ မေမေကလည်း နှစ်နှစ်ဘာသာ နှစ်နှစ်သွားမှာပေါ့လို့"





"အံမယ် သမီးက သွားတတ်လို့လား"

ဖေဖေ့မေးသံ။ ဖေဖေ့မေးသံကြောင့် နှစ်နှစ် တစ်ကိုယ်လုံးပါအောင် လှည့်ကြည့်မိသည်။ ဖေဖေက နှစ်နှစ်ရဲ့အခန်းဝမှာ လက်တစ်ဖက် ထောက်ရပ်၍ ပြုံးပြုံးလေးမေးနေသည်။

ပါဝါမျက်မှန်တပ်ထားသော ဖေဖေက ရုံးအရာရှိပီသစွာ ဟန်အပြည့် မာန်အပြည့်ရှိလှ၏။ ဖေဖေ့ကို နှစ်နှစ် လေးလေးစားစားကြည့်၍ –

"ထွင်ထွင်နဲ့ အဖော်စပ်ထားလို့ပါ ဖေဖေ၊ ထွင်ထွင်က လိုက်ပို့မယ်တဲ့"

"ဟွန်း ဒါဆို ဖေဖေနဲ့မသွားတော့ဘူးပေါ့"

"ဟုတ်"

နှစ်နှစ် ခေါင်းလေးညိတ်လိုက်တော့ ဖေဖေက သဘောကျသွား၏။

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ၊ သမီးသဘော၊ အလုပ်ကို ဂရုတစိုက်လုပ်နော် သမီး"

"ဟုတ်ကဲ့ ဖေဖေ"

"အေး၊ သူတက တော်တန်ရုံဝန်ထမ်းကို ခန့်တာမဟုတ်ဘူး၊ အရည်အချင်းရှိတာကို ရွေးပြီးမှ ခန့်တာ၊ သမီးကိုမြင်သွားကတည်းက သမီးလေးလို ချစ်သွားလို့ အလုပ်တန်းပေးလိုက်တာ၊ သမီးကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်မှတ်''

''ဟုတ်တယ်နော် မောင်၊ ကိုသုတတို့ကုမ္ပဏီမှာ အလုပ်ရဖို့ဆိုတာ မလွယ်ဘူး၊ သမီးလေး ကံကောင်းလို့သာ ထိုင်ရာမထ အလုပ်ရသွားတာ''

ဖေဖေ့စကားနောက်မှာ မေမေပါ အလေးအနက် ဝင်ပြောလေသည်။

''ဟုတ်တာပေါ့၊ ကိုသုတတို့လင်မယား မောင်တို့အိမ်အလည်ရောက်လာတာက သမီးလေးကို အလုပ်ပေးဖို့ လာသလို ဖြစ်သွားတာပဲ၊ ဘာပဲဖြစ်ဖြစ် သမီးလေး လျှောက်လည်နေတာနဲ့စာရင် အလုပ်ရသွား တော့ ခြေငြိမ်သွားတာပေါ့၊ မဟုတ်ဘူးလား''

''ဟွန်း၊ ဖေဖေကလည်း နှစ်နှစ်က ရန်ကုန်မရောက်တာကြာပြီလေ၊ ဒါကြောင့် လိုက်လည်တာပါ''

''ဟုတ်ပါပြီ ကဲ သမီး ဖေဖေသွားလိုက်မယ်၊ သမီးသူငယ်ချင်းနဲ့ပဲ သမီးသွားမယ်ဆို သွားတော့၊ ကဲ မျိုးရေ လာ၊ မောင့်ရုံးအိတ် ယူပေးဦး၊ သမီးနားပဲ ကပ်မနေနဲ့''

ဖေဖေက နောက်သလိုပြောရင်း နှစ်နှစ်အခန်းမှ ခွာသွားသည်။ မေမေ သဘောကျသလို ပြုံးပြီး –

''အဲဒါပဲ၊ သမီးဖေဖေက ရုံးအိတ် သူ့နေရာနဲ့သူရှိနေတာ ဆွဲသွားရင် ပြီးတဲ့ကိစ္စ''





''ဖေဖေက မေမေ့ကို ချစ်တာကိုး''

''အံမယ် သမီးလေးက ချစ်တာတွေ ဘာတွေ သိနေပြီလား''

''အို မဟုတ်တာ''

နှစ်နှစ် ရှက်သလိုလေး ဖြစ်သွားသည်။ မေမေက ပြုံးနေရာမှ မျက်နှာလေးတည်ကာ မှန်ထဲမှာပေါ်နေတဲ့ နှစ်နှစ်မျက်နှာလေးကို စေ့စေ့စပ်စပ်ကြည့်ရင်း –

''မဟုတ်တာ ဆိုရင်တော့ မေမေ ချီးကျူးပါတယ် သမီးရယ်၊ ဒါပေမဲ့ မေမေက သမီးလေးကို အသန့်ဆုံး, အစင်ကြယ်ဆုံး သမီးလေးပဲ ဖြစ်စေချင်တယ်၊ ချစ်တာတွေ ဘာတွေကို အကြောင်းပြုပြီး ရည်းစားသနာထားမှာကို မေမေ မလိုလားဘူး''

''ဟင်''

စကားလမ်းကြောင်းပြောင်းကာ အလေးအနက်ဆိုနေတဲ့ မေမေ့ကို နှစ်နှစ် တအံ့တသြ မော့ကြည့်သည်။

''ဟုတ်တယ် သမီးရဲ့''

မေမေက နှစ်နှစ်ပခုံးပေါ် လက်ကလေးတင်သလို နှစ်နှစ်ဆံပင်ကို တို့ထိယုယလျက် ဆက်ပြော၏။

''မေမေ့သမီးလေးက ရုပ်ရည်လေးကအစ စင်စင်ကြယ်ကြယ်လေး၊ ရည်းစားသနာကိစ္စလည်း စင်ကြယ်နေဖို့ လိုတယ်၊ ဒါမှ သမီးလေးရဲ့ အပျိုစင်ဂုဏ် ပိုရှိမှာလေ၊ ရည်းစားထားပြီဆိုကတည်းက သူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးရဲ့ အထိအတွေ့ ခံရမယ်၊ အထိအတွေ့တွေနောက်မှာ သွေးသားတွေ လှုပ်ရှားလာမယ်၊ ပြီးတော့ ဘာဘာညာညာစိတ်တွေ ဝင်လာနိုင်တယ်လေ၊ ဘာစိတ်ညာစိတ် ဝင်လာတော့မှ ဆင်ခြင်တာတွေ ထိန်းသိမ်းတာတွေ ဘယ်လိုလုပ်ရှိနိုင်တော့မလဲ၊ အဲဒီကတစ်ဆင့် ခြေလွန် လက်လွန် ဖြစ်ကြဖို့ ဝန်မလေးတော့ဘူးလေ၊ ဒါကြောင့် သမီးလေးကို ရည်းစားမထားရဘူးလို့ မေမေ စည်းကမ်းတင်းကျပ်ထားတာ''

''နှစ်နှစ်လည်း ရည်းစားမထားပါဘူး မေမေရဲ့''

''မထားပေမယ့် သမီးတို့ လျှောက်လည်လျှောက်သွားနေရင်းနဲ့ သမီးရည်းစားစုံတွဲတွေကို မြင်မှာပဲ၊ တချို့ မြင်မကောင်းအောင်တွဲကြတာတွေရှိတယ်၊ အဲလိုအတွဲတွေကိုမြင်ပြီး သမီးလေး စိတ်ဝင်စားသွားမှာစိုးတယ်၊ ပြီးတော့ ရည်းစားထားချင်စိတ်ပေါ်လာမှာကို မေမေ စိုးရိမ်လို့ပေါ့ကွယ်၊ သမီးက ချစ်တာ ဘာညာပြောလာတာဆိုတော့''

''အဟွန်း မေမေကလည်း နှစ်နှစ် တစ်ခွန်းလေး ပြောမိတာပါနော်''

''မေမေက အပြစ်ပြောနေတာ မဟုတ်ဘူး၊ ဆင်ခြင်သတိရှိဖို့ ပြောနေတာ''

''စိတ်ချပါ မေမေရယ်၊ နှစ်နှစ်က မေမေတို့ စိုးရိမ်ကြောင့်ကြဖြစ်အောင် ဘာမှမလုပ်ပါဘူး''

''ဒါကြောင့် မေမေ့သမီး လိမ္မာတယ်လို့ မေမေပြောတာပေါ့၊





မေမေ့သမီးလေး လိမ္မာလို့ မေမေတို့ မျက်နှာပွင့်ရတယ်လေ၊ လိမ္မာတဲ့ သမီးလေးမို့ ဘယ်သူမြင်မြင် သမီးလေးကို ချစ်သွားတာချည်းပဲ''

မေမေ ဘာကိုရည်ရွယ်ပြောမှန်း နှစ်နှစ်မသိပေမယ့် အနက်ကယ်နဲ့ အနက်တီတို့ရဲ့ လိုက်လိုက်လဲ့လဲ့ ချစ်ခင်သွားတဲ့ မျက်လုံးတွေကို ပြန်မြင်လာသည်။

မေမေပြောသလိုပဲ နှစ်နှစ်ကိုမြင်တာနဲ့ ချစ်ခင်နှစ်သက်စိတ်တို့ ဖြစ်သွားတတ်တာ အမှန်ရယ်။

''မျိုးမျိုးရေ''

အောက်ထပ်က ဖေဖေ့ခေါ်သံလေး ထပ်ကြားရမှ မေမေ သတိရသလိုနှင့် –

''ဟော သမီးဖေဖေ ခေါ်နေပြီ၊ အဲဒါပဲ''

''သွားလိုက်ပါ မေမေရယ်၊ ဖေဖေ ရုံးနောက်ကျနေဦးမယ်''

''အေးပါကွယ် အေးပါ''

မေမေ မခွဲချင် မခွာချင်နဲ့ နှစ်နှစ်အပါးမှ ခွာသွားလေသည်။ မေမေက အဲလိုပဲ။ နှစ်နှစ်နဲ့ အနီးကပ် မနေနေလို့လား မသိဘူး။

နှစ်နှစ် မေမေတို့ဆီပြန်လာတိုင်း နှစ်နှစ်အနားမှာ ကပ်ကာ တတွတ်တွတ်ပြောနေတာ စကားဆုံးတယ်လို့ မရှိဘူး။

အထူးသဖြင့် စိတ်ကာစားပြီး ရည်းစားမထားရဘူးဆိုတာ ထိပ်ဆုံးက။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့သမီးလေး ရည်းစားသနာကင်းမှ မေမေတို့က သား မက်လောင်းကို ခေါင်းခေါက်ရွေးနိုင်မှာလေ၊ ပြောလို့ပြောတာ မဟုတ်ဘူး၊ သမီးလေးကို သားရှင်တွေမြင်တိုင်း ချွေးမတော်မယ်ချည်း ဖွင့်ပြောကြတာ လေ၊ မေမေက တော်တန့်ရုံကောင်လေးကို သားမက်မတော်ချင်ဘူး၊ အဖက်ဖက်က ပြည့်စုံတာတွေရဲ့ အခေါင်အဖျားကိုမှ သားမက်တော်ချင် တာ၊ ဒါကြောင့် သမီးလေးက ခြောက်ပစ်ကင်းသဲလဲစင် အပျိုစင်ဂုဏ် အပြည့်နဲ့ နေပေးဖို့ တခုတ်တရ သတိပေးနေရတာသမီးရဲ့"

မေမေက ထိုသို့ တဖွဖွပြောတတ်သည်က နှစ်နှစ်နားမှာ စွဲလို့နေသည်။

နှစ်နှစ်ကလည်း ရည်းစားထားဖို့ စိတ်မဝင်စားပါ။ လွတ်လွတ် လပ်လပ်လေး နေခွင့်ရတာကိုပဲ ကျေနပ်နေသည်။

မေမေက ရည်ရွယ်ချက်ကြီးကြီးနဲ့ နှစ်နှစ်ကို ပုံသွင်းနေတာလေ။ အဖက်ဖက်က ပြည့်စုံတဲ့ အခေါင်အဖျားကိုမှ သားမက်တော်ချင်သတဲ့။

နှစ်နှစ်က စိတ်မဝင်စားပေါင်။ နှစ်နှစ်ကို မြတ်နိုးပြီး တန်ဖိုး ထားတဲ့သူဆို ရပြီပေါ့။ စည်းစိမ်ဥစ္စာက ဘာလုပ်မှာလဲ။

စည်းစိမ်ဥစ္စာတွေနဲ့ အခေါင်အဖျား ဖြစ်နေစေဦးတော့၊ သူ့လို မိန်းကလေး ထည်လဲတွဲနေတဲ့သူမျိုးဆို နှစ်နှစ်ပဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရမှာလေ။

အိုး အိုး နှစ်နှစ် ဘာတွေ တွေးနေပါလိမ့်။ မဆိုင်တာတွေကို။





ဘယ်ကဘယ်လို သူ့အကြောင်းက အတွေးထဲ ဝင်လာပါလိမ့်နော်၊ မက်တယ် ရှင်ရယ်။

ရှင့်ကြောင့် ခက်လှပါတယ်။ တကယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟင်"

"ဟောတော်"

နှစ်နှစ်က ဟင်ခနဲဖြစ်၏။ ထွင်ထွင်က ဟောတော်နဲ့ဖြစ်ကာ နှစ်ယောက်သား တစ်ယောက်လက်ကို တစ်ယောက်တွဲထားလျက်နဲ့ ခြေလှမ်းတို့ တန့်သွားသည်။

အကြောင်းက ကမ္ဘာ့ပုံးလို ဆိုင်းဘုတ်ကြီးတပ်ထားတဲ့ ကုမ္ပဏီ အဆောက်အအုံကြီးရဲ့ ဝင်ပေါက်ဆီ ဦးတည်နေတဲ့ နှစ်နှစ်နဲ့ ထွင်ထွင်။

ဝင်ပေါက်ဆီရောက်ဖို့ ခြေ သုံးလေးလှမ်းပင် လိုတော့သည်။ ထိုအခါ အနက်ရောင်မှန်ချပ်နဲ့ ဖိတ်ဖိတ်တောက်လင်းနေတဲ့ ဝင်ပေါက် တံခါးကြီး ဗျဲခနဲပွင့်လာကာ ထိုတံခါးဝမှ အရှိန်အဝါကြီးစွာ ထွက်လာသူ။





မထင်မှတ်တဲ့ နီးနီးကပ်ကပ် ထိပ်တိုက်ဆုံလိုက်ရတော့ နှစ်နှစ်ငဲ့ ခြေလှမ်းတွေ တန့်သွားတဲ့အဖြစ်။

ခြေလှမ်းတန့်သွားတဲ့သူကလည်း နှစ်နှစ်တို့ကို ပြန်ကြည့်ကာ သူ့အကြည့်က နှစ်နှစ်ဆီမှာ တန့်သွားသည်။

ဘုရားရေ

နှစ်နှစ် ကိုယ်လေးမျှားတုန်ကာ ချွေးစများပင် ပြူထွက်ချင်ချင်နဲ့ စိတ်လှုပ်ရှားသွား၏။

သူ့အကြည့်ကို ရှောင်လွှဲချင်စိတ်နဲ့ မျက်နှာလေးလွှဲကာ ထွင်ထွင်နဲ့ကွယ်ပြီး ကိုယ်လေးကို ကျုံ့ထားမိလေသည်။ သူ ဘာကြောင့် ကြည့်ရတာလဲ။ မကြည့်နဲ့။ ထွင်ထွင်က ရိပ်မိတာကြောင့် –

"လာ"

ဟု လေသံလေးနဲ့ပြောရင်း နှစ်နှစ်လက်ကိုဆွဲပြီး ဝင်ပေါက်တံခါးဆီ ဆွဲခေါ်သွား၏။ နှစ်နှစ်လည်း ထွင်ထွင်ဆွဲခေါ်သွားတဲ့အတိုင်း ပါသွားပေမယ့် ရင်ထဲမှာ တစ်မျိုးတစ်မည်လှုပ်ခတ်ကာ။ သူ ဘယ်လိုနေမလဲ ဆိုပြီး နှစ်နှစ် မသိမသာ ငဲ့ကြည့်မိ၏။ သူက ခြေလှမ်းကို ရပ်ထားဆဲနဲ့ တစ်ခုခုကို စဉ်းစားသယောင် ငြိမ်သက်လျက်။

ပြီးတော့ နှစ်နှစ်ကို ပြန်လှည့်ကြည့်၏။ လည်ပြန်အကြည့်ချင်းဆုံ အတွေ့မှာ နှစ်နှစ် ရင်တဒိတ်ဒိတ် ခုန်လျက် ဖျတ်ခနဲ အကြည့်လွှဲမိ ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကြည့်ပုံက တစ်မျိုးပဲဟ၊ ထွင်ထွင်တို့ကို မကျေနပ်လို့လား မသိဘူး"

"ဘာဆိုင်လဲ"

"သိဘူးလေ၊ ထွင်တို့က ကောင်မလေးတွေနဲ့ သူ့ကို တွဲလျက် တွေ့တဲ့အကြိမ်ပေါင်း မနည်းတော့ဘူး၊ ခုလည်း တစ်ခါတွေ့ပြန်ပြီ"

"ဟုတ်တယ်နော်"

သူ့ဘေးမှ လက်တွဲလျက်ပါလာတဲ့ ကောင်မလေးကလည်း သူ့လိုပဲ နှစ်နှစ်ကို ပြန်ကြည့်တာလေ။

"ဟုတ်ကိုဟုတ်နေမှာ နှစ်ရဲ့"

"အိုး နှစ်တို့ပဲ သူ့ကိုမြင်တာပါ၊ သူတို့က နှစ်တို့ကို မြင်တာမှ မဟုတ်တာ"

"အဲဒါလည်းဟုတ်တယ်၊ ထွင်တို့ပဲ သူ့ကိုမြင်မြင်နေတာ၊ ဒီ တစ်ခါ နီးနီးကပ်ကပ်နဲ့ ထိပ်တိုက်ရယ်၊ ဒါပေမဲ့ သူ ကြည့်ပုံက နှစ်နှစ်ကို ရင်းရင်းနှီးနှီး ဖြစ်နေသလိုပဲ"

"ဟွန်း၊ နှစ်ကို ဘယ်လိုလုပ် မြင်ဖူးမှာလဲ၊ နှစ်က ပုသိမ်မှာပဲ အနေများတာလေ"

"အေး ဒါလည်းဟုတ်တယ်"

နှစ်နှစ်က အန့်တီလေးနဲ့ပဲ ပုသိမ်မှာနေတာ။ ကျောင်းတက် တာတောင် ပုသိမ်တက္ကသိုလ်ပဲ တက်ပြီး ဘွဲ့ရခြင်း။





မေမေနဲ့ဖေဖေက အန့်တီလေးတစ်ယောက်တည်း ဖြစ်နေတာကို ...ညှာပြီး အန့်တီလေးအနားမှာ နှစ်နှစ်ကို နေစေတာ ငယ်ငယ်ကတည်း ...ကာ။

ဖေဖေက အလုပ်ကိစ္စတွေနဲ့ နယ်ပြောင်းနေရတော့ မေမေက နှစ်နှစ်ကို ကျောင်းပျက်မှာ၊ ကျောင်းပြောင်းလုပ်ရမှာတွေ အလုပ်ရှုပ်တာမို့ ...ပေါ်မသွား။

အန့်တီလေးဆီမှာပဲ ထားတာ ခုချိန်ထိ။ ခုတော့ အန့်တီလေး ...သောဝင်နေလို့ မေမေတို့ဆီမှာ နှစ်နှစ် သောင်တင်နေခြင်း။

သူသိနေဖို့ဆိုတာ ဝေလာဝေး။

"ကဲလာ ထွင်ထွင်၊ အန်ကယ်စောင့်နေရမှာ အားနာစရာ ...။"

"ဟုတ်သား"

နှစ်ယောက်သား သူ့အကြောင်းကို ဘေးဖယ်ကာ အန်ကယ့် ...န်းဆီ ခြေဦးလှည့်ရပေမယ့် သူ့အကြည့်လေးက နှစ်နှစ်မျက်ဝန်းထဲမှာ ...။

ဘာကြောင့် ကြည့်ရတာလဲ ရှင်ရယ်။

ရှင့်မှာ ရည်းစားတွေ ဒီလောက်များလျက်နဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကမ္ဘာလုံးစံအိမ်။

လုံးဝန်းနေတဲ့ ကမ္ဘာလုံးကြီးထဲမှာ ရွှေရောင်နဲ့ ထုထွင်းပုံဖေ

ထားတဲ့ ကမ္ဘာလုံးစံအိမ်ဆိုတဲ့ ဖောင်းကြွစာလုံးကြီးက ခြံဝမှာ ခံ့ညား

သည်။

စတီးပိုက်တွေကို ပန်းဒီဇိုင်းဖော်ပြီး ခြံဝင်းတစ်ခုလုံးကို ဘော

ခတ်ထားသည်က ဖိတ်ဖိတ်တောက်လျက်။ ခြံဝင်းကြီးရဲ့မျက်နှာစာမှ

မြက်ခင်းစိမ်းကြီးက ကတ္တီပါကော်ဇောစိမ်းကြီး ဖြန့်ခင်းထားသည့်နှယ်

မြက်ခင်းစိမ်းနောက်မှာ တိုက်ကြီးကလည်း ကမ္ဘာလုံးစံအိမ်ဆို

နာမည်နဲ့လိုက်ဖက်စွာ လုံးလုံးဝန်းဝန်းနဲ့ ရှန်းရှန်းကြွကြွရှိနေသည်။

တိုက်ကြီးရဲ့ခြေရင်းဘက်က တိုက်လုံးလေးက ပိုလှပြီး ပိုချ



ရောကောင်းနေသည်။

လုံးဝန်းဝန်းပုံစံဖြစ်ပေမယ့် ဆင်ဝင်ရှေ့ဘက်တိုင်တွေက ခပ်

ယိုင်ယိုင်။ ရုတ်တရက်ကြည့်လျှင် လုံးဝန်းတဲ့တိုက်ပုလေးက ယိုင်ကျနေတော့

မလိုလို။

ထိုတိုက်လေးက ဒီဇိုင်းဆန်းသလို ခေတ်မီရုံမက ထိုတိုက်အိမ်

လေးထဲ ပြေးဝင်သွားချင်စိတ်ကလေးဖြစ်အောင် ဆွဲဆောင်သလို ဖြစ်နေ

သည်။

ပြီးတော့ အရောင်နုဆေးသုတ်ထားသေးသည်။ ဆေးရောင်တွေ

ကအစ အရောင်ကူးလူးနေတယ်လို့ ထင်ရလောက်အောင် အနုပညာဆန်

လှပေသည်။

ဒီလို ခမ်းနားထည်ဝါပဲ့တိုက်ကြီးမျိုး နှစ်နှစ် တစ်ခါမှ မမြင်ဖူး

ပါ။ အပြင်က မြင်လိုက်တာနဲ့ အတွင်းမှာလည်း ဘယ်လောက်ခမ်းနား

မလဲဆိုတာ သိသာနေသည်။

တိုက်ကြီးထဲ နှစ်နှစ်ဝင်လွယ်အောင် ခြံဝင်းတံခါးကြီးကို အသင့်

ဖွင့်ထားသည်။

ဖေဖေက နှစ်နှစ်ကို ခြံဝမှာ ကားရပ်ပေးသည်။ ဖေဖေက

ခြံထဲမဝင်တော့ပါ၊ ရုံးကိုတန်းသွားသည်။

နှစ်နှစ်တစ်ယောက်တည်း ခြံဝင်းထဲခြေချရင်း တိုက်ကြီးနဲ့

တိုက်ကလေးကို ငေးမောကြည့်ကာ တိုက်ကြီးရဲ့ဝင်ပေါက်နားအထိ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့ပြီး ဖြစ်သည်။

"ဟော သမီး လာ လာ"

ဆင်ဝင်အောက်ရောက်သည်နှင့် နှစ်နှစ် တိုက်ထဲချောင်းကြည့်လိုက်သည်။ ထိုအခါ အနီရဲရဲဆိုဖာကြီးနားရပ်ပြီး ဖုန်းခွက်ကိုင်ရင်း တန်းလန်းနှင့် အန်တီလှိုင် လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ကာ -

"အန်တီလှိုင်က ခုပဲ သမီးမေမေဆီ ဖုန်းဆက်မေးတော့မလို့ ဖုန်းကိုင်ရုံရှိသေးတယ်ကွဲ့"

အန်တီလှိုင် ဖုန်းခွက်ချရင်းပြောကာ နှစ်နှစ်ဆီ လျှောက်လာသည်။ နှစ်နှစ် ဧည့်ခန်းထဲလှမ်းဝင်ရင်း -

"မေမေ ခြံဝထိ လိုက်ပို့တယ် အန်တီ"

"သမီးမေမေကို အန်တီလှိုင် ကျေးဇူးတင်ပါတယ်ကွယ်၊ ကားလွှတ်ပြီး ကြိုခိုင်းပါ့မယ်လို့ ပြောထားရဲ့နဲ့"

"ရပါတယ် အန်တီလှိုင်ရဲ့၊ မေမေ ရုံးသွားရင်းနဲ့ တစ်ခါတည်း ဝင်ပို့တာပါ၊ ဒါနဲ့အန်ကယ်ရော"

"ရှိပါတယ် သမီးရယ်၊ သမီးအန်ကယ်က စာဖတ်ခန်းထဲမှာလေ၊ လက်တော့ပ်တစ်လုံးနဲ့ အလုပ်ရှုပ်နေလေရဲ့၊ သမီးကို ဝိုင်းကူခိုင်းဖို့ ဒီနေ့ ရုံးကိုမသွားခိုင်းတာလေ"

"ရပါတယ် အန်တီလှိုင်ရဲ့၊ သမီးကူလုပ်ပေးတာ အန်ကယ့်အတွက် အဆင်ပြေတယ်ဆိုရင်ပဲ သမီးဝမ်းသာပါတယ်"





"ပြေတာပေါ့ သမီးရယ်၊ သမီးကို သမီးအန်ကယ်က အတော်လေး ချီးကျူးတာကွဲ့"

"အန်တီကလည်း မြှောက်နေပြန်ပြီး"

"မြှောက်စရာမလိုပါဘူး သမီးရယ်၊ သမီးလေးက နဂိုကတည်းက တော်လည်းတော်၊ လိမ္မာလည်းလိမ္မာတော့ သမီးအန်ကယ်က သမီးကို သမီးရင်းလို ချစ်နေတာ၊ ဖြစ်နိုင်ရင် သမီးအန်ကယ်က အန်တီလှိုင်တို့ ဆီမှာပဲ ခေါ်ထားချင်တာတဲ့"

"အိုး"

နှစ်နှစ် နေရခက်ခက်လေးဖြစ်သွားသည်။ ဒေါ်လှိုင်သစ္စာက ချစ်စရာကောင်းတဲ့ သူ့မလေးမျက်နှာကို တစိမ့်စိမ့်ကြည့်သလို တယုတယလည်း ဖက်ထားရင်း -

"ဟုတ်တယ်သမီးရဲ့၊ သမီးအန်ကယ် သမီးအကြောင်း တဖွဖွပြောနေတာက သမီးကိုမြင်ပြီးကတည်းက၊ ပြီးတော့ အလုပ်ထဲရောက်လာတော့လည်း သမီးက သင်ပေးသလို လုပ်နိုင်တယ်၊ အများအယွင်းမရှိအောင် အလုပ်ကို စိတ်ဝင်စားစွာနဲ့ လုပ်တာကိုင်တာ မြင်တော့လည်း သမီးအန်ကယ်က သဘောကျပြန်ရော"

"ဟွန်း အန်တီလှိုင်ပြောနေတာက သဘောကျနေတာချည်းပဲ"

"တကယ်ပြောတာလေ၊ ဒါကြောင့် သမီးကို အရေးကြီးတဲ့စာရင်းတွေ ကူလုပ်ခိုင်းဖို့ ဒီကိုခေါ်လိုက်တာ၊ လာ သမီး"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်း နှစ်နှစ်ကို အန်တီလှိုင် လက်ကလေးဆွဲကာ ညာဘက်ခြမ်းက အခန်းတစ်ခုထဲ ခေါ်သွင်းသွားသည်။ အန်ကယ်က အန်တီလှိုင်ပြောတဲ့အတိုင်း လက်တော့ပ်နဲ့ အလုပ်ရှုပ်နေဆဲ။

"ကိုကိုရေ၊ သမီးလေး ရောက်ပြီ"

"ဟာ ရောက်ပြီလား၊ လာ သမီး"

ဦးသုတမောင် အားတက်သရောခေါ်လေသည်။ ဒေါ်လှိုင်သစ္စာက သူမလေးကို အလုပ်စားပွဲနားအထိ ခေါ်သွားပြီး –

"သမီးကတော့ စံပဲ ကိုကိုရေ၊ သမီးလေး တော်ကြောင်း၊ တက်ကြောင်းပြောတာကို သမီးက မယုံဘူးဖြစ်နေတယ်လေ"

"ဟုတ်လား သမီး"

ဦးသုတမောင်က မော့ကြည့်ရင်း မေးသည်။ နှစ်နှစ်မျက်နှာလေးကို ရှက်သလိုလိုနဲ့ ရောင်ဖယ်ဖယ်လေးပြုကာ –

"နှစ်နှစ်က အဲလောက်မတော်ပါဘူး၊ အန်ကယ်သင်ပေးသလို လုပ်တာလေးပါ"

"အေးပေါ့ သမီးရဲ့၊ အန်ကယ်ခိုင်းသလို လုပ်နိုင်တာက သမီးမှာ အရည်အချင်းရှိလို့၊ ပြီးတော့ အလုပ်အပေါ် စိတ်ဝင်စားရှိလို့လေ၊ ကဲ ထိုင် သမီး၊ အန်ကယ့်ကိုကူပေးဦး"

အန်ကယ့်အလုပ်စားပွဲနဲ့ကပ်လျက် အလုပ်စားပွဲမှာ နှစ်နှစ်ထိုင်ချလိုက်သည်။ အန်ကယ်က ပြုလုပ်နေတဲ့ စာရင်းတွေကို နှစ်နှစ်ကို





လုပ်ခိုင်းသည်။

နှစ်နှစ်ကလည်း အန်ကယ်ခိုင်းတဲ့အတိုင်း စာရင်းတွေကို စစ်ဆေးနေရသည်။

စက်ရုံ၊ အရောင်းပြခန်းနဲ့ ပြည်ပပို့ကုန်သွင်းကုန် စာရင်းတွေ ညှိညွတ်မှု ရှိ မရှိ အသေးစိတ် ပြန်စစ်ဆေးနေသလို အန်ကယ်ကလည်း အီးမေးလ်နဲ့ အလုပ်ကိစ္စတွေ အကြောင်းပြန်နေသည်။ ထိုစဉ် –

"ဒယ်ဒီ"

ခေါ်သံက မာမာတင်းတင်းနဲ့ ပျံ့ထွက်လာသည်။

"ဩော် သား လာလေ"

"ကျွတ် သော့ပေးစမ်းပါ"

ဖအေကို ပြန်ပြောတဲ့ သားဖြစ်သူလေသံက မာဆတ်ဆတ်။ မအေလုပ်သူက ပျော့ပျော့ပျောင်းပျောင်း၊ ညင်ညင်သာသာ။

အလုပ်စားပွဲနှစ်ခုကြားမှာရှိနေတဲ့ သော့တွဲတစ်ခုကို အန်ကယ်က ကောက်ယူပြီး နောက်မှာရှိနေတဲ့ သားဖြစ်သူကို ကမ်းပေးသည်။

နှစ်နှစ်က အလုပ်တွေပဲ ဆက်လုပ်နေတာမို့ လှည့်မကြည့်ပါ။ သော့တွဲရတာနဲ့ နှစ်နှစ်တို့နောက်ဘက်မှာရှိနေတဲ့ အန်တီလှိုင်က –

"ပေး သား၊ မာမီ သော့ဖွင့်ပေးမယ်"

"မလိုပါဘူး"

မိခင်လုပ်သူကိုလည်း ခပ်ဆတ်ဆတ်ကြီး ပြန်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသားမျိုးပါလိမ့်၊ နှစ်နှစ် မသိမသာလေး ငဲ့စောင်းကြည့်လိုက်တော့။

အလို၊ နှစ်နှစ်နှုတ်ခမ်းလေး မယုံနိုင်အောင် ပွင့်ထွက်သွား သည်။

သူ။

မီးခံသေတ္တာကို ဆိုးဆိုးဆတ်ဆတ်ဖွင့်ပြီး ပိုက်ဆံထုပ်တွေ ကျွန်ကျောင်းအိတ်ထဲ ထိုးထည့်နေတဲ့သူ။

ဘုရားရေ၊ နှစ်နှစ် မယုံနိုင်စွာ။ အန်ကယ်နဲ့အန်တီကို နှစ်နှစ် ပြန်ကြည့်ရင်း ဘယ်လိုမှမယုံနိုင်အောင် ဖြစ်လို့နေသည်။

အန်တီက မျက်နှာချိုလေးသွေ့ပျက်ဲ သားဖြစ်သူအပါးမှာ ရစ်ဝဲနေသည်။ အန်ကယ်က လုပ်လက်စတွေလုပ်ရင်း သားကိုပဲ အရိပ် တကြည့်ကြည့်နဲ့။

သူက ဖခင်မျက်နှာလည်းမကြည့်၊ မိခင်မျက်နှာကိုလည်း အလေးမထား။ အိတ်တစ်လုံးအပြည့် ပိုက်ဆံတွေထည့်ပြီးတာနဲ့ သော့ ကို အန်ကယ့်စားပွဲခုံဆီ ပစ်ထည့်ပေး၏။

ကြည့်စမ်း မရှိမသေလိုက်ပုံများ။ အန်ကယ်က ဘာမှလည်း မပြော၊ အန်တီက —

"သား မနက်စာစားသွားပါလား၊ မာမီပြင်ပေးမယ်"

"ကျွတ်၊ မစားဘူးလို့ ဘယ်နှခါ ပြောရမလဲ"

မိခင်ကို ပြန်ပြောတာများ သူစိမ်းထက် စိမ်းလွန်းနေသည်။





"ဒယ်ဒီ သား သွားမယ်"

အန်ကယ့်ကိုတော့ နှုတ်ဆက်သလိုပြောပြီး ပိုက်ဆံအိတ်ကြီး ဆွဲထုတ်ကာ ထွက်သွားလေသည်။

"အေး သား၊ ငွေလိုသေးရင် ဖုန်းထပ်ဆက်လိုက် ဒယ်ဒီ ပို့နိုင်းလိုက်မယ်၊ ဟုတ်ပြီလား"

အန်ကယ်ပြောတဲ့စကားကို ဆုံးအောင်နားထောင်မသွားတဲ့သူ။ သူထွက်သွားမှ အန်ကယ် သက်မချကာ ခေါင်းတွင်တွင်ရမ်း၏။ အန်တီ က မျက်နှာလေး ထားမတတ်အောင် ပျက်ကာ –

"သားက ကြာလေ ပိုစိမ်းသလိုဖြစ်နေပါလား ကိုကိုရယ်"

"အဲဒါတွေ လှိုင့်ခေါင်းထဲ ထည့်မထားနဲ့၊ သားစိတ်နဲ့သား နေချင်သလိုနေပါစေ"

အန်ကယ်ပြောသံကလည်း သူ့လိုပဲ ခပ်ဆတ်ဆတ်။ သားနဲ့ ပြောစဉ်က ညွတ်ပျောင်းနေသလောက် အန်တီ့ကိုပြောတာက ဆန့်ကျင် ဘက်။

အန်ကယ် ခပ်ဆတ်ဆတ်ပြောလိုက်တော့ အန်တီ့မျက်နှာ ချို ချိုလေးက သိသိသာသာ ပျက်လေသည်။ မျက်နှာပျက်ပျက်နဲ့ အန်တီ အခန်းထဲက ထွက်သွား၏။

နှစ်နှစ်မှာ အန်တီနဲ့အန်ကယ့်ကိုကြည့်ရင်း ရင်ထဲမှာ တစ်မျိုး ကြီး ဖြစ်လို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ။

"သမီး စိတ်အနှောင့်အယှက် ဖြစ်သွားလား"

"မ မဖြစ်ပါဘူး"

"သားက အဲလိုပဲ၊ သမီးလို မလိမ္မာဘူး၊ အန်ကယ့်အလုပ်ကိုလည်း စိတ်မဝင်စားဘူး၊ အဆိုးဆုံးက မိဘ ပင်ပင်ပန်းပန်းရှာထားတဲ့ ပိုက်ဆံကို ဖေသန္တရာလို အလှူပေးနေတာလေ၊ ခုလည်း သားသူငယ်ချင်း တစ်ယောက် ခရီးသွားအေဂျင့်ထောင်မလို့ ငွေလိုတယ်ပြောတာနဲ့ သွားပေးဖို့တဲ့"

"ဘုရားရေ"

သိန်းအုပ်တွေ ကျုန်ကျောင်းအိတ်ငယ်လေးနဲ့ တစ်လုံးအပြည့် ယူသွားခြင်း။ ဖခင်လုပ်သူက မငြိုငြင်ရဲ၊ မိခင်က မပြောရဲ။ သူက သူ လုပ်ချင်တာလုပ်ပြီး သွားလေရဲ့။

နှစ်နှစ် ဘုရားတလိုက်တော့ အန်ကယ်က ပြုံး၏။ ထိုအပြုံးက ခံရမန်များလို့ ရိုးနေပါပြီဆိုတဲ့ သဘောထားတွေ ပါဝင်တဲ့ နောက်ကျိုကျို အပြုံး။

"သမီးကတော့ အံ့ဩမှာပဲ"

နှစ်နှစ် သက်မလေးချမိသွားသည်။ ဒီလောက် ချစ်ခင်နှစ်သက် ဖွယ်ကောင်းသော မိဘနှစ်ပါးကို ရထားလျက်နဲ့ သူ ဘာကြောင့် မယဉ် ကျေးရတာလဲ။





မိဘကို ဘာကြောင့် မလေးစားရတာလဲ။ မလိမ္မာရင်တောင် မိဘနှစ်ပါးရင်ထဲမှာ ဝေဒနာတွေ ပွားများအောင် မပြုသင့်ဘူးလေ။

ခုတော့ အန်တီ့ခမျာ မျက်နှာအပျက်ပျက်နဲ့၊ အန်ကယ့်မျက်နှာမှာလည်း လျှို့ဝှက်မှုတွေ ဖြစ်နေကာ။

နှစ်နှစ်ရင်မှာ မောလျှသွားတာက အရင်။

အကယ်၍ နှစ်နှစ်ကိုပါ သူမြင်သွားရင် ပိုဆိုးသွားမလားပဲ။ တော်သေးတယ်။ နှစ်နှစ်ကို မြင်မသွားလို့။

သူတို့ရဲ့ကမ္ဘာလုံးစံအိမ်ကြီးက သုံးဦးသောမိသားစုကြား လုံးလုံး ထွေးထွေး ခံစားမှုတွေ ဖြစ်တည်လျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဘယ်လို နှစ်နှစ်"

"အေး၊ ထွင်ထွင် အရမ်းအံ့သြနေတယ် မဟုတ်လား"

"အစစ်ပေါ့ဟ"

"ဟုတ်တယ်၊ နှစ်နှစ် ယုံတောင်မယုံချင်ဘူး။ မျက်မြင်တွေ့လို့သာ ယုံလိုက်ရတာ၊ ဒါတောင် သံသယဖြစ်နေသေးတယ်"

"ဘယ်လို၊ သံသယ ဟုတ်လား"

နှစ်နှစ် ခေါင်းလေးဆတ်ကာ မသောက်ရသေးတဲ့ ဒိန်ချဉ်ကို ပိုက်တံလေးနဲ့မွှေလျက် ပြောသည်။

"ဟုတ်တယ်၊ သူနဲ့အန်တီလှိုင်နဲ့ အန်ကယ်ကြားမှာ မိသားစုဆိုတဲ့ ခံစားချက်တွေ ရှိမနေတာ မိသားစုအရင်းမှ ဟုတ်ရဲ့လားလို့တောင်





ထင်ရတယ်၊ တကယ့်စိမ်းစိမ်းပြတ်ပြတ်ကြီး၊ ရိုးသေလေးစားမှုလေးတောင် မရှိတာ သံသယအဖြစ်ဆုံးပဲ"

ထွင်ထွင်က သက်ပြင်းရှည်ကြီးချသည်။ ပီဇာမုန့်တစ်ခုကို စိတ်မပါတပါနဲ့ ကိုက်ဝါးရင်း –

"ရှင်လည်းသတိထားဦး နှစ်နှစ်"

"ဘာကိုလဲ"

"အန်တီနဲ့အန်ကယ်က ရှင့်ကို အရေးတယူနဲ့ ချစ်ချစ်ခင်ခင် ဆက်ဆံနေတယ် မဟုတ်လား"

"အင်း"

"အဲလို အရေးတယူဆက်ဆံတာကို သူ မျက်မုန်းကျိုးချင်လည်း ကျိုးနေဦးမှာ"

"သူ မမြင်ပါဘူးဟ"

"အေးပါ၊ ရုတ်တရက်မို့ပါ၊ ရှင် ခဏခဏ အဲဒီစံအိမ်ထဲ ရောက်နေတာ မြင်သွားရင်"

ထွင်ထွင် စကားမဆုံးခင် နှစ်နှစ် အလေးအနက် ခေါင်းညိတ်သွားသည်။

"ဟုတ်တယ်နော်"

"ဟုတ်တယ်နော် လုပ်မနေနဲ့၊ ဖြစ်နိုင်ရင် အဲဒီစံအိမ်ထဲ မသွားနဲ့၊ ရှုံးမှာပဲလုပ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်က ခေါ်တာကိုး"

"ဟွန်း အဲလူကြီးကလည်း သူ့သားတော့ သူ လိမ္မာအောင် မဆုံးမဘူး၊ သူများသမီးကိုတော့ လိမ္မာလှချည်ရဲ့နဲ့ဆိုပြီး သည်းသည်း လှုပ်ဖြစ်နေတာ၊ ထွင်တော့ သိပ်ဘဝင်မကျဘူး"

"ဘာဖြစ်လို့"

"ဘာဖြစ်ရမှာလဲ နှစ်နှစ်ရဲ့၊ တော်ကြာ သူတို့သား ငပွေလေးနဲ့ ဘာဘာညာညာ စီစဉ်ရင်ကော"

"ဟွန်း စီစဉ်ကြည့်ပါလား"

"ယူမယ်ပေါ့"

"အဲ ထွင်နော်"

နှစ်နှစ်မျက်နှာလေး ရဲမှည့်သလို နှုတ်ခမ်းလေးပါ ဆူမိသွားသည်။ ထွင်ထွင်က ကရော်ကရော်လုပ်ရင်း –

"ရှင်ကလည်း အလကားနောက်တာပါ"

"မနောက်ပါနဲ့"

"အေးပါ မနောက်တော့ဘူး၊ အတည်ပဲပြောမယ်၊ နှစ်နှစ် ထွင့်ကိုကိုကိုပဲ ပြန်ကြိုက်လိုက်စမ်းပါဟာ"

"အလို"

ဒိန်ချဉ်သောက်မလို့ပြင်နေတဲ့ နှစ်နှစ်နှုတ်ခမ်းလေး ဝိုင်းသွားပြန်သည်။





မျက်နှာချင်းဆိုင်ထိုင်နေတဲ့ ထွင်ထွင်ကို စူးစူးလေး စိုက်ကြည့်လျှင် ထွင်ထွင် ပေါ့ပါးစွာ ရယ်ချလျက်။

"ဟုတ်တယ်လေ၊ ကိုကိုက နှစ်ကိုမြင်ကတည်းက ချစ်နေတာကို နှစ် မသိချင်ဟန်ဆောင်မနေပါနဲ့"

"အိုး"

နှစ်နှစ် ခေါင်းလေးအသာရမ်းမိသွားသည်။

"ဘာလဲ၊ ကိုကိုက မချောလို့လား"

မချောဘူးလို့ မပြောရက်ပါ။ ချောတယ်လို့လည်း မှတ်ချက်မပေးချင်ဘူး။

ထွင့်ရဲ့ကိုကို ကိုစောစက အသားဖြူဖြူ၊ အရပ်မြင့်မြင့်နဲ့ တည်တည်ငြိမ်ငြိမ် ရှိလှသည်။ စီးပွားလည်း အရှာတော်သည်။ နှစ်နှစ်ကို မြင်ကတည်းက သဘောတကျဖြစ်နေမှန်း နှစ်သိနေသည်။

သိလို့လည်း ထွင်ထွင်တို့အိမ် သွားမလည်တော့ဘဲ ရှောင်နေခဲ့တာ ဘာကြောင့်မှန်းမသိပါ။ နှစ်နှစ်ကိုဆို အဲလိုပဲ ဘယ်သူဖြစ်ဖြစ် ချစ်တဲ့စိတ် ဝင်သွားတတ်သည်။

နှစ်နှစ်က ပြန်မချစ်နိုင်။ ချစ်တယ်ဆိုတာ ဘာခံစားချက်မှန်း နှစ်နှစ်မသိပါ။ ဒါကြောင့် ရှောင်လွှဲနေခဲ့တာက အရင်။ ရှောင်လွှဲနေမှ ထွင်ထွင်က စကားစလာပြီ။

"ကိုကိုက ချောလည်းချောတယ်၊ စီးပွားလည်း ရှာကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နှစ်နှစ်ကိုလည်း ချစ်တယ်လေ၊ နှစ်နှစ်က ဘာလို့ငြင်းချင်ရတာလဲ''

''အိုး မသိဘူး''

''နှစ်နှစ်မေမေက တားထားလို့မဟုတ်လား''

နှစ်နှစ် မလုံမလဲနှင့်ခေါင်းရမ်း၏။ ထွင်ထွင်က ထွင်းဖောက်သိမြင်တတ်သူပီပီ –

''ထွင် ရိပ်မိပါတယ်နော်၊ နှစ်နှစ်မေမေက နှစ်နှစ်အတွက် ဆန်ခါတင်ကို ဒေါင်ခနဲ ရွေးနေတယ်ဆိုတာ''

''အိုး ဒါတွေ နှစ်နှစ် စိတ်မဝင်စားပါဘူး''

''နှစ်နှစ် စိတ်မဝင်စားပေမယ့် နှစ်နှစ်မေမေက အဲဒါတွေ စိတ်ဝင်စားတယ်လေ၊ နှစ်နှစ်က မအေစကားနားထောင်တဲ့ သမီးအလိမ္မာလေးဆိုတော့ သားရှင်တွေကြားမှာ မျက်နှာလေးမော့လို့၊ ဘယ်သားက ဘယ်အခြေအနေဆိုတာ ကွန်ပျူတာမလိုဘဲ ခေါင်းထဲမှာ နှစ်ဆယ့်လေးနာရီ တွက်ချက်နေပြီးသား''

''ထွင်ရယ်၊ မေမေ့ကို အဲလိုမပြောပါနဲ့''

မေမေ့စိတ်ကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်တာကို နှစ်နှစ် လက်မခံချင်။ ထွင်ထွင်က အားမနာတာထက် အခြေအနေကို အမှန်အတိုင်း ပြောလိုက်ဖို့ ဝန်မလေးသူ မဟုတ်လား။

''ထွင်က နှစ်နှစ်မေမေကို ဝေဖန်တာမဟုတ်ဘူး။ နှစ်နှစ်မေမေ





ရဲ့ စိတ်ကူးက အဲလိုမျိုး ဖြစ်နေတာလေ၊ အဲဒါကြောင့် ကိုကိုကလည်း ရှေ့တိုးဖို့ ခက်နေတာ၊ တကယ်လို့ နှစ်နှစ်ကသာ ကိုကို့ကို''

''ကဲ တော်ပါတော့ထွင်ရယ်၊ အဲဒီအကြောင်းတွေ ရပ်ထားလိုက်တော့၊ မုန့်စားဦး၊ ဒီနေ့ နှစ်နှစ် လခထုတ်လာတာလေ၊ ဒါကြောင့် စားချင်တာစား၊ အားမနာနဲ့''

နှစ်နှစ် စကားလမ်းကြောင်းကို အတင်းပြောင်းပစ်၏။ ဒါတောင် ထွင်ထွင်က သိပ်ကျေနပ်လှပုံမပေါ်။ မေမေ့သဘောထားကို ဒီထက်မက ထုတ်ပြောချင်သေးသည်။ ပြီးတော့ ကိုကို့ကို လက်ခံဖို့လည်း ပြောချင်သေးတာ။

''ထွင်ကလည်း စားစရာရှိတာ စားစမ်းပါ''

နှစ်နှစ်က စားဖို့အကြောင်းပဲ ဖွတ်ပြောတာမို့ ထွင်ထွင် ရင်ထဲက စကားတွေကို ပြန်ခေါက်သိမ်းလိုက်ရသည်။

''ရော့ ထွင့်အကြိုက်''

ကြက်ပုံပီဇာမုန့်ကို ထွင့်လက်ထဲ အတင်းထိုးထည့်ပေးလိုက်သလို နှစ်နှစ်ကလည်း ဒိန်ချဉ်ကို အဆက်မပြတ် သောက်၏။ ထိုအခါ သူငယ်ချင်းနှစ်ယောက်ကြား စကားစတွေ ပြတ်တောက်သွားလေသည်။

နောက်ဆိုမလွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဒီနေ့ နှစ်နှစ်စိတ်မှာ ရွှင်လန်းနေသည်။ ပိတ်ရက်မို့ ရေချိုးရင်း တစ်ပါတည်း ခေါင်းပါလျှော်လိုက်တော့ ပိုပြီး ပေါ့ပါးလန်းဆန်းနေသည်။

ခေါင်းလျှော်ထားတာမို့ ဆံပင်ရှည်ကို ကျောပေါ်ဖြန့်ချထားကာ လေသလပ်ပြီး ခြောက်သွေ့အောင် ဘီးလေးနဲ့ ဖြီးသင်နေမိသည်။ ခေါင်း ဖြီးနေရင်း ဗိုက်ဆာလာတာ သတိရ၏။

ဟုတ်ပါရဲ့။ ဒီမနက် မနက်စာ ဟုတ်တိပတ်တိ စားထားတာ မဟုတ်တော့ ဆာရောပေါ့။ နေ့လယ် ထမင်းစားချိန် မရောက်သေးခင် အဆာပြေတစ်ခုခုတော့ စားထားရမယ်လေဆိုတဲ့စိတ်ကူးနဲ့ အောက်ထပ် ကို ပေါ့ပေါ့ပါးပါးလေး ဆင်းခဲ့သည်။





ထမင်းစားခန်းထဲ ဝင်ရန် လိုက်ကာစလေး ဖယ်မလို့လုပ်စဉ်

"ဘယ် ဘယ်လို လှိုင်"

မေမေ့ရဲ့ တအံ့တသြမေးသံ။ လှိုင်ဆိုတာက အန်တီလှိုင်သစ္စာ။ သူ့မာမီလေ။

"မျိုးမျိုးတော့ အံ့သြနေမလားပဲ"

"ဟုတ်တယ် လှိုင်ရယ်၊ မျိုး အံ့သြလွန်းလို့ပါ"

"အံ့သြနေရင်လည်း အံ့သြတာတွေ ဘေးဖယ်ပြီး စဉ်းစားပေးပါမျိုးရယ်"

"မောင့်ကိုလည်း ဖွင့်ပြောပါရစေဦး"

"ရှင့်မောင်တော်ကို ကိုကိုပြောပါလိမ့်မယ်၊ သူတို့ ဒီနေ့တွေ့ဖို့ ချိန်းထားတယ်လေ"

"အို ဒါကြောင့် မောင်က မနက်စာစားပြီးကတည်းက ထွက်သွားတာကိုး"

"ဟုတ်ပါလိမ့်မယ်၊ လှိုင်က လှိုင်တို့မိန်းမသားချင်း ဖွင့်ပြောတာပါ စဉ်းစားပေးပါဆိုတာထက် လက်ခံပေးဖို့ တောင်းဆိုချင်တယ်၊ လှိုင့်မှာ သားအတွက် ဘယ်တော့မှ စိတ်အေးရတယ် မရှိဘူး။ ကြာလာလေ မိန်းလေနဲ့၊ ဘာပဲဖြစ်ဖြစ် အိမ်ထောင်ကျသွားရင် မိဘမေတ္တာကို နား လည်လာလိမ့်မယ်လို့ လှိုင်ထင်တယ်၊ ဒါကြောင့် ဖွင့်ပြောရတာပါ မျိုးရယ်"

အန်တီလှိုင့်အသံလေးက ခပ်ယယနဲ့ တောင်းတောင်းပန်ပန်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပူလောင်ပြင်းရှနေတဲ့ ရင်တွင်းသောကတွေ ဘယ်လောက်များနေလဲဆိုတာ ပြောသံဆိုသံလေး ကြားရရုံနဲ့ သိသာနေသည်။

နှစ်နှစ် ထမင်းစားခန်းထဲ ဝင်သွားဖို့ တံခိုင်းသွားပါ။ မေမေနဲ့ အန်တီလှိုင် ပြောနေတဲ့ စကားအသွားအလာကို နှစ်နှစ် တီတီကျကျ မသိရသေးပါ။

အန်တီလှိုင်က ဘာကိုတောင်းဆိုနေတာလဲ။ သိချင်စိတ်နဲ့ ဆက်လက်နားစွင့်လျက်။

"လှိုင့်ဘက်က ဒီလောက်စိတ်ထက်သန်နေမှတော့ မျိုး မငြင်းရက်ပါဘူး၊ ဒါပေမဲ့ သမီးဖေဖေက"

"အဲဒီအတွက် စိတ်မပူပါနဲ့၊ ကိုကိုက မျိုးမောင်တော် ကျေနပ်လက်ခံအောင် ပြောမှာပါ၊ ကိုကို့မှာလည်း ဒီသောကနဲ့ ရင်ထဲမှာ တစ်ချိန်လုံး မီးလောင်နေတာလေ၊ သမီးလေးကိုမြင်ကတည်းက လှိုင့်စိတ်က အဲလိုဖြစ်နေတယ်၊ သားဒယ်ဒီက သမီးမှသမီး၊ ဒါကြောင့် လှိုင်နဲ့ကိုကို တိုင်ပင်ပြီး ခုလိုဖွင့်ပြောရတာပါ မျိုးရယ်၊ လှိုင့်သားအတွက် သမီးကို ချွေးမဆိုတာထက် သမီးတော်ခွင့်ပေးစမ်းပါကွယ်နော်"

"ဘုရားရေ"

နှစ်နှစ် အသက်ရှူလွဲသွားသလား အောက်မေ့ရလေသည်။ သူ့အတွက် နှစ်နှစ်ကို။

ဟင့်အင်း မဖြစ်နိုင်တာ။





သူ့မှာ တွဲစရာယူစရာ မိန်းမတွေက ပေါလွန်းလို့။

လူရှေ့သူရှေ့တောင် ဟောတစ်ယောက် ဟောတစ်ယောက် တွဲနေရင် နောက်ကွယ်မှာ ဘယ်လောက်ခြေရှုပ်နေမလဲ။ နှစ်နှစ် ခေါင်းလေးရမ်းကာ ထမင်းစားခန်းနားက ခွာခဲ့မိသည်။ ဗိုက်ဆာတာတွေလည်း ကြက်ပျောက် ငှက်ပျောက် ဖြစ်လို့ရယ်။

တကယ်လို့ သူသာ တည်တည်တံ့တံ့ဖြစ်နေမယ်ဆိုရင်။ တော်ပြီ မတွေးတော့ဘူး။ နှစ်နှစ် ခေါင်းလေးတခါခါနဲ့ အပေါ်ထပ်ပြန်တက်ကာ မွေ့ရာပေါ် ကိုယ်လုံးလေး ပစ်ချရင်း လူးလိမ့်နေမိသည်။

ဒီကိစ္စ ငြင်းပါရစေ မေမေရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"နှစ်နှစ်"

ရတနာမိုးလမ်းသွယ်ထဲ နှစ်နှစ် ခြေချရုံရှိသေးတယ်။ ခေါ်သံနဲ့ အတူ ဘေးနား လျှောခနဲလာရပ်တဲ့ ကားလေး။

နှစ်နှစ်ကြည့်လိုက်တော့ ထွင်ထွင်မဲ့ကိုကို ကိုစောစ။ နှစ်နှစ် ပြုံးပြလိုက်တော့ –

"ဘယ်သွားမလို့လဲ"

ကိုစောစ ရင်းရင်းနှီးနှီး မေး၏။

"ဒီလမ်းထဲမှာ ပုသိမ်ပြန်မယ့် လူကြုံရှိလို့ ဒေါ်လေးအတွက် လိုအပ်တဲ့ ဆေးနဲ့ စားစရာတွေ သွားပို့မလို့ပါ"

"အဲဒါဆို လာလေ၊ ကိုကို လိုက်ပို့ပေးမယ်"

"ရပါတယ်"





"လာပါ နှစ်နှစ်ရဲ့၊ လက်ထဲမှာလည်း အထုပ်ကြီးနဲ့"

"ပေါ့ပေါ့လေးပါ ကိုစောရယ်၊ အကြော်အလှော် နည်းနည်းပါးပါး ပါ"

"ဟုတ်ပါတယ်၊ နည်းနည်းဖြစ်ဖြစ်လေ၊ ကြုံတုန်းလိုက်ပို့ပေးတဲ့ သဘောပါ၊ လာပါ"

ကိုစောစက ပြောပြောဆိုဆို ကားတံခါးပါ ဖွင့်ပေးလေသည်။ နှစ်နှစ် ငြင်းလို့မကောင်းတော့ပါ။ ကားနောက်ခန်းပေါ် တက်ရလေသည်။ ပြီးတော့ နှစ်နှစ်ကို လူကြုံပါးရမယ့်အိမ်ကို အရောက်ပို့မပေးသလို အိမ် အပြန်ပါ လိုက်ပို့ပေး၏။

နှစ်နှစ်က အားနာလို့ ငြင်းသော်လည်း မရ။ နောက်ဆုံး ကိုစောစသဘောဆန္ဒအတိုင်းသာ။

နှစ်နှစ်ကို ကိုစောစ ပြန်ပို့ပေးတဲ့အဖြစ်က ရိုးရိုးသားသား မိတ်ဆွေအဆင့်မျှသာ။ အဲဒါကို မေမေက မနှစ်မြို့ဖွယ် ကြည့်၏။

ကိုစောစကိုလည်း မေမေက မလိုလားသလိုလို၊ ဘာလိုလို အမူအရာနဲ့ တုံ့ပြန်တာမို့ နှစ်နှစ် အားနာရလေသည်။ ကျေးဇူးတင် ကြောင်းတောင် ဖြောင့်အောင်မပြောနိုင်။

မေမေက လှမ်းခေါ်နေသည်။ ဒါကြောင့် လက်ကလေးပဲ ပြ လိုက်ရသည်။ ကိုစောစကားလေး တိုက်ရှေ့ကထွက်ခွာသွားမှ နှစ်နှစ် မသိမသာ သက်မချ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

ဧည့်ခန်းထဲ လှမ်းဝင်တာနဲ့ မေမေ ဆီးခေါ်သည်။ ထိုအခါ နှစ်နှစ် မလုံမလဲဖြစ်လျက် –

"ပြောပါ မေမေ"

"သူစိမ်းယောကျ်ားလေးနဲ့ နှစ်ယောက်တည်းသွားတာလာတာ မေမေ မကြိုက်ဘူးလို့ ပြောထားလျက်နဲ့"

"မေမေရယ်၊ လမ်းမှာ အမှတ်မထင် ကြုံတာပါ"

"အမှတ်မထင်ဘဲ ကြုံကြုံ၊ တမင်တကာပဲ ကြုံကြုံပေါ့ သမီးရယ်၊ ဘာပဲဖြစ်ဖြစ် နှစ်ယောက်တည်းဖြစ်နေတာကို မေမေ မကြိုက်ဆုံးဘဲ၊ အဲဒါကြောင့် အစကတည်းက မေမေပြောတာ၊ တက္ကစီနဲ့ပဲ သွားပါဆို"

နှစ်နှစ်ကပဲ တမင်တကာ လိုင်းကားနဲ့သွားမိလို့ ဆုံရတာ။ အဲဒီအတွက် နှစ်နှစ်ကို အပြစ်မကင်းသလို မေမေမြင်ကာ။

"အဲဒါကြောင့် မောင့်ကိုပြောတာ၊ စီစဉ်စရာရှိတာ အမြန်စီစဉ်ပါလို့"

စာဖတ်ခန်းထဲက ထွက်လာတဲ့ ဖေဖေ့ကိုပါ မေမေ လှည့်ပြောပြန်သည်။ ဖေဖေက နှစ်နှစ်ကို စာနာစွာ တစ်ချက်ကြည့်ပြီး –

"သမီးသဘောကို မေးရဦးမယ်လေ မျိုးရဲ့"

"အို ဘာမေးစရာလဲ၊ မျိုးတို့စီစဉ်ရင် သမီးက နာခံရမယ်လေ"





မေမေက ဖွင့်ပြောနေသည်။ ဘာကိုစီစဉ်မှာလဲ၊ နှစ်နှစ် ဂဃနဏ မသိသေး။ ဖေဖေ့ကို အားကိုးတကြီး ပြန်ကြည့်ပြီး –

"ဘာလဲ ဖေဖေ"

"အေး၊ သမီးကို ဖေဖေဖွင့်ပြောရဦးမယ်၊ လာထိုင်ဦး သမီး"

ဖေဖေက နှစ်နှစ်ပခုံးလေးကို ဖက်ကာ ချော့ချော့မော့မော့ ပြောဆိုမယ့်ပုံစံလေးနဲ့ ဆိုဖာမှာ ထိုင်စေသည်။

မေမေက ဖေဖေ့အပြုအမူကို သဘောကျဟန်မတူ၊ မျက်စောင်းထိုးသည်။ ဒါပေမဲ့ စကားတော့မဆိုပေ။

မေမေနဲ့ဖေဖေက နှစ်နှစ်နဲ့ပတ်သက်လျှင် ပြောဆိုဆက်ဆံတာက တခြားစီ။ မေမေက လိုသလိုပြောဆိုတဲ့ဆီမှာ မာန်ပါသည်။

အစဉ်အမြဲ ပြောစကားနားထောင်လေ့ရှိတဲ့အတွက် ဘာကိစ္စဖြစ်ဖြစ် မေမေပြောဆိုတဲ့အတိုင်း ဖြစ်နေရသည်။

ဖေဖေက နှစ်နှစ်သဘောထားကို မေးတတ် မြန်းတတ်သည်။ ပျော့ပျော့ပျောင်းပျောင်းနဲ့ ချော့ချော့မော့မော့ စကားဆိုတတ်သည်။ ခုလည်း ဆိုဖာမှာထိုင်မိသည်နှင့် ဖေဖေပြော၏။

"သမီးအန်တီလှိုင်နဲ့ သမီးအန်ကယ်က သမီးကို ချွေးမတော်ချင်လို့တဲ့"

နှစ်နှစ် ကြိုတင်သိနေသည်မို့ မအံ့သြပါ။ ဒါပေမဲ့ မျက်နှာအစင်းမျက ခေါင်းလေးတစ်ချက် ရမ်းမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို သမီးက ခေါင်းရမ်းနေတာလား၊ ငြင်းနေတာလား"

မေမေ ဆိုးဆိုးဆတ်ဆတ်မေးရင်း နှစ်နှစ်ရှေ့ထိုင်ချသည်။ ဖေဖေက မေမေ့လက်ကိုဆွဲကိုင်၍ လက်ကာဟန့်၏။ မေမေက ဖေဖေ ဟန့်တားတာကို ဂရုမစိုက်ဘဲ –

"မဟုတ်သေးဘူးလေ၊ ငြင်းရလောက်အောင် လှိုင့်သားမှာ ဘာချွတ်ယွင်းချက် ရှိလို့လဲ၊ ဒီမှာသမီး၊ ခေါင်းခါငြင်းဖို့ မေမေခွင့်မပြုဘူး၊ မေမေတို့က စီစဉ်ပြီးသား"

မေမေ့စကားနောက်မှာ နှစ်နှစ် ဖေဖေ့ကို တအံ့တသြ မော့ကြည့်သည်။ ဖေဖေက ပြောရခက်တဲ့ပုံစံနဲ့ နှစ်နှစ်ဆီက အကြည့်လွှဲကာ ကျောပြင်ကို ဆိုဖာပေါ်မှီချလိုက်ပြီး သက်ပြင်းငွေ့ငွေ့ ချ၏။ ပြီးမှ –

"ဟုတ်တယ်သမီးရဲ့၊ သမီးမေမေက"

"ဟုတ်တယ်၊ မေမေပဲ အစစအရာရာ စီစဉ်တာ"

ဖေဖေ့စကားသံလေး မဆုံးဘဲ မေမေ ဆတ်ခနဲ ဝင်ပြောပြန်သည်။ နှစ်နှစ် မျက်ရည်လေးဝဲချင်ချင် ဖြစ်လာသည်။

"သမီးလက်မခံရင် ဖေဖေ"

"အို မောင် ဘာတွေပြောနေတာလဲ၊ သမီး လက်မခံမယ့် လမ်းကြောင်းဖော်ပြီး မပြောပါနဲ့၊ သမီးလက်ခံရအောင် လှိုင်တို့ အဆင့်အတန်းက နိမ့်နေလို့လား၊ မျိုးတို့နဲ့ အဆပေါင်းများစွာ သာတယ်ရှင့်၊ ပြီးတော့ တစ်ဦးတည်းသောသား၊ သမီးကိုလည်း လှိုင်တို့လင်မယား





တုန်နေအောင် ချစ်တာလေ၊ ဒါကိုမှ လက်မခံဘူး ငြင်းမယ်ဆိုရင် ဒီထက်သာတာရှိမှ ငြင်းလို့ကောင်းမယ်၊ ဘာလဲ သမီးက စောစနဲ့"

"မ မဟုတ်ပါဘူး မေမေရယ်"

နှစ်နှစ်အသံလေး တုန်ယင်သွားသည်။ မေမေက ဖေဖေ့ကို ဘာစကားမှ ပြောခွင့်မပေး။ မေမေပဲ ဖွတ်ပြော၏။

"မဟုတ်ဘူးဆိုရင် ပြီးရော၊ ကဲ သွားနားတော့၊ ဒီနေ့ကစပြီး သမီးတစ်ယောက်တည်း ဘယ်မှမသွားရဘူး၊ သမီး ရုံးသွားရင် မောင်လိုက်ပို့၊ အပြန်ဝင်ကြို ဒါပဲနော်"

မေမေက နှစ်နှစ်နဲ့ဖေဖေ့ကို ခြိုးပြီးပြော၏။ နှစ်နှစ် ဘာမှဝင်မပြောသာ။ မေမေ့ရှေ့က ထွက်ခဲ့ရသည်က ဝမ်းနည်းစွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဘာလဲ မင်းက"

မလိုလားတဲ့မေးသံက စိမ်းသက်သက်နိုင်စွာ။

"ဟို ဇက ယွန်းကို ရှောင်နေတာမဟုတ်လား"

"ယွန်း ရှောင်နေတာမဟုတ်ဘူး။ မတွေ့ချင်တာ၊ မမြင်ချင်တာ ကဲ ရှင်းပြီလား ယွန်းဝတီ"

ယွန်းဝတီဆိုတဲ့ ကောင်မလေး ဝမ်းနည်းစွာ မျက်ရည်ဝဲသွားသည်။

"ဇ ယွန်းကို တကယ်ပဲ မတွေ့ချင် မမြင်ချင်တာလားဟင်"

"ဟာ မမြင်ချင်လို့ ရှောင်သွားတာလေ၊ အဲဒါကို မင်း သဘောပေါက်သင့်တယ်၊ ဘာလို့ နောက်က တကောက်ကောက်လိုက်နေ





ရတာလဲ"

"ယွန်းနဲ့ဇက ချစ်သူတွေပါ ဇရယ်၊ ယွန်းကို သစ်စိမ်းချိုး ချိုးသလို မဆက်ဆံပါနဲ့နော် ဇ"

"ဒီမှာ သစ်စိမ်းချိုးချိုးတယ်လို့ ပြောရလောက်အောင် မင်းကို ငါ ဘာလုပ်ထားလို့လဲ၊ တောက် အရေးမပါတာတွေ၊ မင်းကို ရှင်းရှင်းပဲ ပြောမယ်၊ မင်းကို ငါ ဖြတ်တယ်ကွာ၊ ဒါပဲ"

ပြောပြီး ချာခနဲ ကျောခိုင်းသွားတဲ့ဖယားသစ်။ ယွန်းဝတီဆိုတဲ့ မိန်းမချောလေး မျက်ရည်ကျသည်အထိ ဝမ်းနည်းသလို နာကျင်မှုတွေ နှလည်း အံကြိတ်၏။

ထိုပုံရိပ်လေးက နှစ်နှစ်မျက်ဝန်းထဲမှာ ဘယ်လိုမှ မထွက်ပေ။

"ယွန်းဝတီဆိုတဲ့ကောင်မလေးကို သနားရမလား၊ သူ့ကိုပဲ ဒေါသဖြစ်ရမလား၊ ထွင်ထွင်တော့ သူ တရားလွန်တယ်လို့ထင်တယ်"

အဖြစ်အပျက်က ထွင်ထွင်ရှေ့တင် မဟုတ်လား။ နှစ်နှစ်နဲ့ ထွင်ထွင်က ကြွေပန်းအိုးတွေ ရွေးဝယ်နေခြင်း။

သူက စင်တာထဲ ဝင်လာတာကို ယွန်းဝတီမလေးကနောက်က လိုက်ပြီး ခေါ်နေသည်။ သူက လှည့်မကြည့်။ သူ လှည့်မကြည့်လေ ယွန်းဝတီ ဆက်လိုက်လေနဲ့။

အဲဒီမှာ နောက်ဆုံး သူပြောတဲ့စကားက ပေါ့ပေါ့လေးရယ်။ မင်းကို ငါဖြတ်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း၊ ဘယ်လောက်ခံစားမှုမဲ့တဲ့စကားလဲ၊ ဘယ်လောက် အတ္တကြီးသလဲ၊ ပြီးတော့ မိန်းကလေးတွေအပေါ် တန်ဖိုးမထားရာလည်း ရောက်တယ်လေ။

“အေးနော်၊ သူ့ပုံစံက နားလည်လို့ မရတာထက် ရှုပ်ထွေးနေတာကပိုဘယ်၊ ဘာကြောင့် မိန်းကလေး ထည့်လဲတွဲတာလဲ မသိဘူး”

“သေချာတာက သူက မိန်းကလေးတွေကို အပျော်တမ်းတွဲလို့ရတဲ့ အရုပ်တွေလို့ ထင်တယ်ဖြစ်မယ်၊ တွဲချင်တဲ့အချိန်တွဲပြီး ဖြုတ်ချချင်တဲ့အချိန် ဖြုတ်ချထားတာ၊ ရှင်လည်း သတိထား”

ဒီတစ်ခါ နှစ်နှစ် ဘာမှ ပြန်ပြောမထွက်တော့ပါ။ သက်ပြင်းသာ ရှိုက်လျက် –

“ရှင် သူ့ဒယ်ဒီကုမ္ပဏီမှာ မလုပ်ပါနဲ့တော့လား”

ထွင်ထွင်က စိုးရိမ်စိတ်နဲ့ပြောသည်။

“ထွင်ရယ်၊ ရှင် ဘာမှမသိဘူးနော်၊ အေး မသိတာဘဲ ကောင်းတယ်”

နှစ်နှစ် စိတ်ထိခိုက်စွာပြောပြီး အပြာရောင်မှာ ဖောင်းကြွအရုပ်တွေပါဝဲ့ ကြွေပန်းအိုးလေးကို ရွေးယူလိုက်သည်။ ထွင်က နားရှုပ်သွားဟန်နှင့် –

“ဘယ် ဘယ်လိုနှစ်နှစ်၊ ထွင်မသိတာတွေ ရှိနေသေးတယ်၊ ဟုတ်လား၊ ထွင်မသိတာတွေက ဘာတွေလဲ၊ ပြောစမ်း ထွင့်ကို၊ သူနဲ့





ရှင် ဘာတွေလဲ၊ သူက ရှင့်ကို လာပတ်သက်တာလား”

ထွင်ထွင့်မေးခွန်းနောက်မှာ နှစ်နှစ် သက်မလေးချရင်း ငွေရှင်းကောင်တာမှာ ပန်းအိုးဖိုးငွေရှင်းပြီး ရှေ့ကထွက်ခဲ့လေသည်။ ထွင်ထွင် မျက်မှောင်တကြုတ်ကြုတ်နဲ့ နှစ်နှစ်နောက်က အပြေးတစ်ပိုင်း လိုက်လာသည်။

ပြီးတော့ နှစ်နှစ်လက်မောင်းကိုဆွဲပြီး –

“ပြောလေ နှစ်နှစ်ရဲ့၊ နှစ်နှစ်အတွက် ထွင် စိတ်ပူလိုက်တာတယ်”

စာနာစိုးရိမ်စိတ်ကလေးနဲ့ တသသ မေးနေရှာတဲ့ ထွင်ထွင့်စကားနောက်မှ နှစ်နှစ် တကာယ်ဝမ်းနည်းလာကာ မျက်ရည်လေးဆို့လာသည်။

“မေမေပေါ့”

နှစ်နှစ် ရင်ထဲ ဆို့ကျုပ်နေတဲ့ ခံစားမှုက အလုံးလိုက် အန်ထွက်လာသည်။

“မေမေ ဟုတ်လား၊ နှစ်မေမေက ဘာလဲ”

“သူနဲ့စီစဉ်နေတယ် ဖွတ်ပဲ”

“ဘုရားရေ၊ နှစ် ထုတ်ပြောလိုက်ပေါ့၊ သူ ဘယ်လောက်ချစ်သလဲဆိုတာ”

“ပြောတာပေါ့လို့”



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတဲ့စကားလုံးလေးတွေနောက်မှာ ဝမ်းနည်းလွန်းလို့ အသံလေးများပါ တုန်ခါနေသည်။

"အဲဒီတော့ အန်တီ ဘာပြောလဲ"

"အဟွန်း"

နှစ်နှစ် နှုတ်ခမ်းလေး မဲ့ကျသွားသည်။

"သမီးရယ်၊ ယောကျ်ားလေးပဲ ရည်းစားများတာ ဘာဖြစ်လဲ၊ ပွေရှုပ်နေတော့ရော ဘာအရေးလဲ၊ လွတ်လပ်နေတဲ့အချိန်မှာ ယောကျ်ားလေးတွေက ဒီလိုပဲ သမီးရဲ့၊ ယူပြီးသွားရင်သာ မပွေမရှုပ်ဘဲနေနိုင်အောင် သမီးထိန်းဖို့ပဲ စဉ်းစား"

"မေမေရယ်၊ သူ့ကို သမီးက လိုက်ထိန်းနေရအောင် သူက ကလေးမှ မဟုတ်တာ၊ သူ့လို ဇရိုတဲ့သူကို သမီး ထိန်းလည်းမထိန်းဘူး၊ ယူလည်းမယူဘူး၊ နှစ်နှစ် ပုသိမ်ပြန်မယ်၊ ရိုးသားဝင်နေတဲ့ ဒေါ်လေးကိုပဲ လိုအပ်တာတွေ အနီးကပ် လုပ်ပေးကိုင်ပေးတော့မယ်"

"အံမယ် မယ်၊ စကားတွေက ရိုးသားရောက်နေလိုက်တာ၊ တကတဲ မပြောလိုက်ချင်ဘူး၊ ညည်းဒေါ်လေးလို ညည်း အပျိုကြီးလုပ်ဖို့ စိတ်မကူးနဲ့၊ မေမေ ခွင့်မပြုဘူး မိနှစ်နှစ်၊ သူ့ဘာသာ ဘာကြီးဖြစ်ဖြစ်"

"မေမေရယ်၊ နှစ်နှစ်ကိုကျတော့ ခြောက်ပစ်ကင်းအောင် ရည်းစားတောင် မထားရဘူးတဲ့၊ သူ့ကျတော့ ထင်တိုင်းပွေနေတာလေ၊ အဲဒါကို





မေမေက ဘာဖြစ်လို့ လက်ခံရတာလဲ၊ သူက နှစ်နှစ်လို စင်စင်ကြယ်ကြယ် မဟုတ်ဘူး မေမေရဲ့"

"ဟင့် ဟင့် ဟင့်၊ မိနှစ်နှစ်ရယ်၊ ယောကျ်ားလေးနဲ့ မိန်းကလေးက မတူဘူး မိနှစ်ရဲ့၊ အောင်မယ်လေး ပြောနေတာ အာပေါက်ချင်လာပြီ၊ ညည်းလေး ခြောက်ပစ်ကင်းဖြစ်လို့ လူိုင်တို့က သဘောကျတာ၊ ညည်းသာ သူ့လိုပဲ ရည်းစားများကြည့်ပါလား၊ ဟိုက သဘောကျမလား လို့ မိနှစ်ရယ်၊ ညည်းမသိတာတွေ ဘာမှ လျှောက်မပြောနဲ့၊ ဒီကိစ္စက မေမေစီစဉ်တာ၊ ညည်းလေး စောဒကမတက်နဲ့၊ အေး သမီးလီမှာလု ချည်ရဲ့လို့ ချိုးမွမ်းနေတဲ့အချိန်မှာ ယောက်မမြင်းစီးထွက်ဖို့ မကြံစားနဲ့၊ သမီးဖေဖေ ရှက်ပြီးသေလိမ့်မယ်၊ နားလည်လား"

နောက်ဆုံး မေမေက ဖေဖေနဲ့ကိုင်ပေါက်၏။ ဖေဖေ့ကို နှစ်နှစ် ငနားလှသည်။

"သမီးရယ်၊ သမီးအန်ကယ်က ဖေဖေ့ကို ခြေထောက်မကိုင်ရုံ မယ် ပြောတာလေ၊ ဖေဖေ ဘယ်လိုငြင်းမလဲသမီးရယ်၊ သမီးအန်ကယ် အန်တီက ဒီလောက် လိုလိုလားလားဖြစ်နေလျက်နဲ့ ဖေဖေတို့က ငြင်းလိုက်ရင်"

"တော်ပါတော့ ဖေဖေရယ်"

နှစ်နှစ်ပဲ ဝမ်းနည်းကာ ထိုကိစ္စ ဆက်မပြောဖို့ စိတ်ထိန်းကာပြီး ငြိမ်လျှော့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွင်ထွင်က သက်မမောလေးချရင်း နှစ်နှစ်ကို ငေးကြည့်၏။ ထွင်လည်း နှစ်နှစ်နည်းတူ ရင်ထဲမှာ ထိခိုက်စွာ။ နှစ်နှစ်လက်ဖဝါးနုနုလေးကို ကြင်နာစွာ ဆုပ်ကိုင်ပြီး -

"နှစ်ရယ်၊ နှစ်ကို ထွင် ဘယ်လိုကူညီရမလဲဟင်"

နှစ်နှစ်လည်း ဘယ်လိုကူညီပါ သူငယ်ချင်းရယ်လို့ ပြောဖို့ ခွန်အားမရှိသလိုဖြစ်ကာ -

"ဒီလိုလုပ်ပါလား နှစ်နှစ်"

"ဘာလုပ်ရမလဲဟင်"

ထွင် ဖျတ်ခနဲပြောလျှင် နှစ်နှစ်လည်း စိတ်ဝင်တစား နားထောင်မိ၏။

"သူနဲ့ မစီစဉ်နိုင်အောင် ကိုကို့ကို နှစ်နှစ်ခေါင်းညိတ်လိုက်ပါလား သူငယ်ချင်း။ ခုပဲ ကိုကို့ကို ထွင် ဖုန်းဆက်ခေါ်လိုက်မယ်၊ နှစ်နဲ့ကိုကို တစ်နေရာရာမှာ ရှောင်နေလိုက်လေ"

"အို မဖြစ်နိုင်တာဘဲ ထွင်ရယ်"

နှစ်နှစ် ချက်ချင်း ခေါင်းလေးရမ်း၏။

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

"မေမေသတ်လိမ့်မယ် ထွင်ရယ်၊ နှစ်ကို မေမေ အလွတ်ပေးမှာ မဟုတ်ဘူး၊ နှစ်သိတယ်၊ မေမေက ကိုစောကားနဲ့ လိုက်ပို့တာတောင် ကြည့်တာမဟုတ်ဘူး"





"နှစ်နှစ်ရယ်၊ နှစ်နှစ်က အနိုင်တီမကြည့်လင်တာဆို ဘာမှမလုပ်ချင်မှန်း ထွင်သိပါတယ်၊ ဒါပေမဲ့ အဲလိုမှမလုပ်ရင် နှစ်နှစ် သူ့ကို ယူနေရမှာလေ၊ စဉ်းစားစမ်းပါ သူငယ်ချင်းရယ်၊ ကိုကို့ဆို နှစ်ကို အလိုလည်းလိုက်မယ်၊ ထွင်က သူငယ်ချင်းယောက်မလေး သဘောအတိုင်းပါပဲ နှစ်နှစ်ရယ် နော်၊ ကိုကို့ကို စဉ်းစားပေးစမ်းပါ၊ အိုး စဉ်းစားနေရင် ကြာတယ်၊ ခေါင်းလေးပဲ ညိတ်လိုက်၊ ဟုတ်ပြီလား"

ထပ်တလဲလဲ ပြောနေတဲ့ ထွင့်အသံလေး နားထဲက မထွက်ပေ။ ထွင်ပြောသလိုပဲ နှစ်နှစ် ခေါင်းလေးညိတ်ရမလား။

ပြောကြပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ခင်ဗျား ဝင်မပြောပါနဲ့"

ဖယားသစ် ရင့်ရင့်သီးသီး ပိတ်ပြောလိုက်သည်။ ဒေါ်လှိုင်သစ္စာ ဒါတောင် မျက်နှာမပျက်နိုင်ပါ။

"ဟိုလေ၊ မာမီက"

"မပြောနဲ့လို့ ပြောနေတယ်နော်"

"ခလွမ်း"

ပိတ်ပြောလိုက်တဲ့စကားသံနောက်မှာ ထိသံ ကျကွဲသံတို့ တစ်ဆက်တည်း ပေါ်လာချေသည်။

ဒေါ်လှိုင်သစ္စာ မျက်နှာလေး ပျက်ယွင်း ညှိုးငယ်သွားကာ အထိတ်တလန့်ဟန်လေးနဲ့ ခြေလှမ်းလေး နောက်ဆုတ်၏။





နံရံကပ်နာရီဝိုင်းကြီးကို ကိုင်ထားတဲ့ဟန်းဆက်နဲ့ ပစ်ပေါက်ခွဲလိုက်တဲ့ သားဖြစ်သူကို တစ်လှည့်၊ ကျသွားတဲ့ ဟန်းဆက်နဲ့ ကွဲသွားတဲ့ နာရီမှန်စတွေကိုတစ်လှည့် ကြည့်ရင်း အသက်ရှူလွဲနေလေသည်။

ဦးသုတမောင်က ဘာကိုမှ မမြင်သလို၊ မကြားသလိုနှင့် ငြိမ်သက်နေရာမှ သားအနား ရွေ့သွားသည်။

သားက လက်သီးကျစ်ကျစ်ဆုပ်လျက် ချာခနဲ လှည့်ထွက်သွားဖို့ မြင်သည်။ ထိုအခါ ဦးသုတမောင်က –

"သား"

ဟု လှိုက်လှိုက်လှဲလှဲ ခေါ်သည်။

ဖခင်ခေါ်သံက ဖယားသစ်ခြေလှမ်းကို ဟန့်တားသည့်နှယ်။ ဦးသုတမောင် သားလက်မောင်းလေးကို မေတ္တာအပြည့်နဲ့ ဆုပ်ကိုင်ပြီး ပြောရှာသည်။

"သားရယ်၊ ဒယ်ဒီ့ဆန္ဒလို့ သဘောထားပြီး လိုက်လျောပေးပါကွာ"

"ကျွန်တော့်ကို ခြေငြိမ်သွားအောင်တဲ့၊ ကျွန်တော်က ဘာခြေများနေလို့လဲ"

ဖယားသစ် မကျေမနပ်ပြောချတော့ ဒေါ်လှိုင်သစ္စာ မလုံမလဲဖြစ်ကာ –

"ဟို မာ မာမီပြောတာ သားဘဝ တည်တည်ငြိမ်ငြိမ်နဲ့ လေး



www.burmeseclassic.com

www.burmeseclassic.com



လေးနက်နက်ဖြစ်အောင်လို့"

"မပြောနဲ့ ခင်ဗျားကြီး"

ဒေါ်လှိုင်သစ္စာ ချက်ချင်း ပါးစပ်ပိတ်လိုက်ရသည်။

"ခင်ဗျားကြီး နေရာတကာမှာ ဝင်စွက်တာနဲ့ အားမရသေးဘူး။ ခုလည်း ခြယ်လှယ်နေတာ ကျွန်တော်မသိဘူး ထင်နေလား"

ဒေါ်လှိုင်သစ္စာ မျက်စိမျက်နှာပျက်သွားသလို ရှက်တဲ့စိတ်နဲ့လည်း မျက်ရည်ဝဲလေသည်။

ဦးသုတမောင်က ဇနီး ဘာကြီးဖြစ်နေနေ သူ့အတွက် အရေးမပါဘလိုဘဲ လျှစ်လျူရှုလိုက်သည်။ အမိက သားတော်မောင် လက်ခေါင်းညိတ်ဖို့သာ သေရေးရှင်ရေးတမျှ အရေးကြီးတယ်လို့ ယူဆသည်မဟုတ်လား။

"လှိုင် မင်း တစ်နေရာရာမှာ သွားနေစမ်းပါ၊ သားကို မင်းဘာမှမပြောနဲ့၊ ကိုကို့သား ကိုကို့ဘာသာ ပြောယူမယ်"

ဒေါ်လှိုင်သစ္စာ မျက်ရည်ပေါက်ခနဲကျသည်အထိ ခံစားရလေသည်။

ဒီမိသားစုထဲမှာ သူမဟာ မိခင်တစ်ယောက်ဆိုတာထက် လင်နဲ့သား ပြောသမျှ ဆိုသမျှ ငေါက်ငမ်းသမျှ ခံနေရတဲ့ဘဝ။

ဘယ်ဘဝက ဝဋ်ကြွေးရှိလို့ ဒီလိုခံစားနေရတာလဲ။ သားအပေါ်ကျ ခင်ပွန်းသည်အလိုကျ သူတို့နဲ့ကွယ်ရာ အခန်းလွတ်တစ်ခုရဲ့ ထော





ကလေးမှာ ကျုံ့ကျုံ့ကလေးထိုင်ချရင်း မျက်ရည်တွေသာ ခြွေနေမိသည်။

"သား"

"ဒယ်ဒီက အဲဒီမိန်းမဘက်ကနေ ကျွန်တော့်ကို ဖိအားပေးနေတာလား"

"မဟုတ်ရပါဘူး သားရယ်၊ မဟုတ်ရပါဘူး၊ သား ဘယ်လိုနေနေ ဘာတွေလုပ်လုပ် သားအပေါ် ဒယ်ဒီမငြိုငြင်ခဲ့ပါဘူး သားရယ်၊ ခု စီစဉ်တာကလည်း သားရဲ့လွတ်လပ်မှုကို ချုပ်ကိုင်ချင်လို့ မဟုတ်ဘူး။ ဖခင်တစ်ယောက်အနေနဲ့ မိဘဝတ္တရားကို ကျေချင်လို့ပါသားရယ်၊ ဒယ်ဒီ့ကို နားလည်ပေးပါ သားရယ် နော်၊ သားနဲ့စီစဉ်တဲ့ မိန်းကလေးက ဂုဏ်သိက္ခာအပြည့်ရှိတဲ့ မိန်းကလေးပါ၊ သားအံလိုကို လိုက်လျောနိုင်မယ့် ပီပွာရေးခြားရှိတဲ့ မိန်းကလေးကိုပဲ ဒယ်ဒီရွေးတာပါ သားရယ်"

"မလိုပါဘူး"

"သား ယတိပြတ်တော့ မငြင်းပါနဲ့ သားရယ်၊ သားကို သမီးလေးနဲ့တွေ့ပေးပါ့မယ်၊ သား အကဲခတ်ကြည့်ပါဦးနော် သား"

ဖယားသစ် အံတစ်ချက်ကြိတ်လိုက်သည်။ ပြီးတော့ အားကိုးကြီး ဆုပ်ကိုင်ထားတဲ့ ဒယ်ဒီ့လက်ကို ဖြုတ်ချကာ ဘာတစ်ခွန်းမှ မပြောဘဲ ဧည့်ခန်းအပြင်ဘက် တစ်ရှူးထိုး ထွက်ခဲ့၏။

ထိုအခါ ဆင်ဝင်အောက်မှာ ပြုံ့တစ်ပြုံ့တစ်နဲ့ ဧည့်ခန်းဘက် ချောင်းကြည့်နေမိတဲ့ နှစ်နှစ်နဲ့ ဘွားခနဲ ဆုံသွား၏။ ဆုံအတွေ့မှာ နှစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



မလုံမလဲနဲ့ ဘာလုပ်လို့လုပ်ရကောင်းမှန်းမသိ ဖြစ်လျက်။ လက်ကိုင်အိတ်လေးကို ဖျစ်ညှစ်ကိုင်ရင်း –

"ဟို ဟို"

နဲ့ ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်ကုန်သည်။ သူက စိမ်းစိမ်းစူးစူး စိုက်ကြည့်နေရာမှ –

"ဘာလဲ မင်းက"

နဲ့ ရန်လိုသလို စကားစ၏။

"ဘာ ဘာမှ မဟုတ်ပါဘူး"

"မဟုတ်ရင် ဘာလို့ ဒီမှာရှိနေရတာလဲ၊ ဘာလို့ သူများမိသားစု စကားပြောနေတာကို နှိုးနားထောင်ရတာလဲ"

နှစ်နှစ် ဘာပြောလို့ပြောရမှန်းမသိတော့ပါ။ နှစ်နှစ် ရောက်နေတာ ကြာလှပြီ။ အန်ကယ်နဲ့သူ စကားများနေကတည်းက။ နှစ်နှစ် ညှော်ခန်းထဲ ဝင်မသွားရဲတာနဲ့ အပြင်မှာပဲ စောင့်နေလိုက်တာက လှည့်ပြန်ရင်ကောင်းနိုးနိုးနဲ့ပါ။

ခုတော့ ပက်ပင်းမိသလိုဖြစ်ကာ နှစ်နှစ်ကို နှိုးနားထောင်လေခြင်းဆိုတဲ့ စွဲချက်တင်တဲ့လေသံမျိုးနဲ့ ရင့်ရင့်သီးသီး ပြော၏။

"နှိုး နှိုး နားထောင်တာ မဟုတ်ပါဘူး၊ အန်ကယ့်ဆီလာတာပါ၊ အဲဒါ"

"ဩော် သမီး"





နှစ်နှစ်အသံကြောင့် အန်ကယ် ပြေးထွက်လာသည်။ သူက သူ့ဒယ်ဒီကို တစ်လှည့်ပြန်ကြည့်လျှင် –

"သား၊ ဒယ်ဒီပြောတဲ့ အဝါနှစ်ဆိုတာ ဒီသမီးလေးပေါ့"

သူ့ဒယ်ဒီက ဖျာဖျာသလဲ မိတ်ဆက်ပေး၏။ သူက ရွတ်ချဘာလည်း မမည်၊ မနှစ်မြို့သလိုလည်း မဟုတ်။

ဒါပေမဲ့ အမြင်ရှုပ်သလိုပုံစံနဲ့ နှစ်နှစ်ကို စိုက်ကြည့်ရင်း ဘာမှဆက်မပြောဘဲ ရှေ့ထွက်သွားလေသည်။

သူ့ခြေလှမ်းတွေက တိုက်ငယ်လေးဆီ။ တိုက်ငယ်လေးက သူ့စံအိမ်ထင်ရဲ့။ စံအိမ်ထဲ သူဝင်ရောက်ပျောက်ကွယ်သွားမှ နှစ်နှစ် အကြည့်တွေ ရုပ်သိမ်းမိသည်။

အန်ကယ်က သက်မလေးလေးချရင်း –.

"သမီးကို အန်ကယ် ကြိုပြီးတောင်းပန်ပါတယ်ကွယ်၊ သားက သမီးရဲ့အန်တီလှိုင်ကို စိတ်ကောက်နေလို့ပါ၊ တစ်မျိုးတော့ မထင်နဲ့နော် သမီး"

"ရပါတယ်"

နှစ်နှစ် ဒါပဲပြောကာ ခေါင်းလေးငုံ့နေလိုက်သည်။

"လာ သမီး၊ သမီးအန်တီလှိုင် ရှိပါတယ်၊ လှိုင်ရေ ဒီမှာ သမီးရောက်နေတယ်ဟေ့"

အန်ကယ်က ချက်ချင်း ကြွေးကြော်သည်ကာ ပုံမှန်အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် စကားလမ်းကြောင်းဖော်လေသည်။

ညှော်ခန်းထဲမှာတော့ မုန့်ကွဲစတွေ။ ပြီးတော့ နှစ်နှစ်ရဲ့ ခြေလှမ်းရှေ့မှာ သူ့ဟန်းဆက်။

"နေ နေဦးသမီး၊ မုန့်စတွေ စူးလိမ့်မယ်"

"ရပါတယ်အန်ကယ်"

"လိုင်ရေ ဒီမှာ မုန့်ကွဲတွေ ယောသိမ်းဦးကွာ၊ မင်း ဘာလုပ်နေလဲ အထဲမှာ"

"လာ လာပါပြီ ကိုကို"

အန်တီလိုင် ဟန်ဆောင်ဖုံးဖိသော မျက်နှာလေးနဲ့ ညှော်ခန်းထဲပြန်ဝင်လာသည်။ အန်ကယ်က အလုပ်ခန်းထဲ တန်းဝင်သွားသည်။

"နေ နေ သမီး၊ အန်တီလိုင် လုပ်ပါ့မယ်"

နှစ်နှစ်က အလုပ်ခန်းထဲကို ဝင်မသွားသေး။ ကျုံ့ကျုံ့လေး ထိုင်ချကာ ကတ္တီပါကော်ဇောကြီးပေါ်က မုန့်ကွဲစတွေ တစ်ခုချင်း လိုက်ကောက်နေမိသည်။

အန်တီလိုင်က ပျာပျာသလဲဝင်ပြောရင်း မလုပ်ဖို့ ပြောသည်။ နှစ်နှစ်က စားပွဲပေါ်က သတင်းစာတစ်စောင် ဆွဲယူပြီး မုန့်ကွဲစတွေ ကောက်စုရင်း -

"အန်တီလိုင့်ကို ဝိုင်းကူတာပါ"

"သမီးရယ်"





ဒေါ်လိုင်သစ္စာရင်ထဲရှိတဲ့အတိုင်း ငိုချပစ်ချင်စိတ် ပေါက်လာသည်။ တကယ်ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ခေါင်းညိတ်လိုက်ပါတော့လား ယောက်မရယ်"

ထွင်ထွင် သည်းမခံချင်စွာ ပြောဏ်။ နှစ်နှစ် ခေါင်းညိတ်ဖို့တဲ့။ ထိုစကားနောက်မှာ ကိုစောစပုံရိပ်လေး ထင်လာသည်။ ခေါင်းညိတ်လိုက်တာနဲ့ နှစ်နဲ့ကိုစော --

ဟင့်အင်း။ နှစ်နှစ် အလိုလို ခေါင်းလေးရမ်းမိဏ်။ နှစ်နှစ်ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေတဲ့ ထွင်ထွင်က –

"ဘာလဲ၊ ကိုကို့ကို လက်မခံဘူး၊ အဲလိုလား"

"နှစ်နှစ် ဘာကိုမှ ဝေခွဲလို့မရပါဘူး ထွင်ရယ်၊ နှစ်ရင်ထဲမှာ အေးအေးဆေးဆေးနဲ့ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်၊ ယောကျ်ား မလိုချင်ဘူး၊ ဖြစ်နိုင်ရင် ဒေါ်လေးဆီပဲ သွားလိုက်ချင်တာ"





"ဟွန်း"

ထွင်ထွင်က နှစ်နှစ်ပြောတာကို သဘောမကျချင်တော့ပါ။ နှုတ်ခမ်းစူလေသည်။

"တကယ်ပြောတာပါ ထွင်ရယ်"

"နှစ်ကတော့ အဲလိုပြောမှာပေါ့၊ နှစ်မေမေက လက်ခံလို့လား"

"မေမေကတော့ ပြောလို့ဆိုလို့ရမှာ မဟုတ်ဘူး"

"အေးလေ၊ ပြောလို့ဆိုလို့မရမယ့်အတူတူ ယူရမှာပဲမဟုတ်လား။ ယူရရင် သူနဲ့ကိုကို ကြိုက်ရာရွေးယူလေ၊ ထွင်ကတော့ ကိုကို့ကို တောင် ပြောထားပြီးသား"

"ဘယ်လို"

"ဟုတ်တယ်၊ ကိုကို့ကို တစ်၊ နှစ်၊ ကျအောင်ပြောပြီးပြီ၊ ကိုကိုက အိုကေပဲတဲ့"

"ကြည့်စမ်း မိထွင်၊ ရှင်ဟာလေ မေမေ့လိုပဲ ဖွတ်"

"ဖွတ်ပဲလေ၊ ဘာဖြစ်လဲ၊ ယောက်မလိုချင်တာကိုး"

ထွင်ထွင့်စကားအဆုံးမှာ နှစ်ယောက်သား သဘောတကျ ရယ်မိလေသည်။ ဟုတ်တယ်လေ။ မေမေလည်း ဖွတ်၊ ထွင်လည်း ဖွတ်။

ဖွတ်တွေကြားထဲမှာ နှစ်နှစ်က ဝေခွဲရခက်စွာ။ လောလောဆယ် နှစ်ယောက်သား ရယ်မောနေရသည်က အရင်။

ရယ်မောကြလို့ပင် မဆုံးသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွီ"

ခနဲ ကားဘရိတ်ဆွဲသံကြီးနဲ့အတူ နှစ်နှစ်တို့နှစ်ယောက် ယှဉ်တွဲလျှောက်နေတဲ့ လမ်းပေါ် ကပ်ကပ်လေးလာရပ်တဲ့ကား။

နှစ်နှစ်တို့ လန့်လန့်ဖျပ်ဖျပ်ကြည့်လိုက်တော့ အနက်ရောင်မှန်ချပ်ကွေ့နဲ့ ဖိတ်ဖိတ်တောက်လက်ပြောင်နေတဲ့ စူပါကာစတန်ကားသစ်လေး။

ကားမောင်းသူနေရာမှ မှန်တစ်ချပ်ပွင့်လာတော့ သူ့မျက်နှာဘွားခနဲ ပေါ်လာသည်။ နှစ်နှစ်တို့ ကိုယ်ရှိန်သတ်ကာ။ ထွင်က သူနဲ့အဆုံမခံလိုစွာ။ နှစ်နှစ်လက်ကိုဆွဲပြီး ရှေ့လျှောက်သွားဖို့ ခြေလှမ်းပြင်သည်။

"ဟေ့"

သူ့ခေါ်သံက ရိုင်းစိုင်းနေသည်။

"ဘာလဲ"

ထွင်ထွင်ကလည်း သူနဲ့အပြိုင် အရိုင်းဆန်စွာ ပက်ခနဲ ပြန်မေးလိုက်၏။ ထိုအခါ သူ့မျက်နှာကြီး ထင်မှတ်မထားစွာ တင်းပြောင်သွားပြီး –

"မင်းနဲ့ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ နှစ်နှစ်က ထွင့်သူငယ်ချင်း"

"သူငယ်ချင်း ဟုတ်လား၊ ခေါက်ထားလိုက်၊ ဟေ့ အဝါနှစ်





ငါ့လက်ကိုင်ဖုန်း ဘယ်ချောင်မှာ သွားထိုးထားလဲ"

သူက ထွင့်ကိုလည်း အရေးမစိုက်ပြန်ပြောရင်း နှစ်နှစ်ကိုကဲ့မေး၏။ နှစ်နှစ်က ထွင့်ကို မပြောဖို့ မျက်ရိပ်ပြရင်း သူမေးတာကိုလည်း ဖြေရသည်။

"အန်တီလှိုင့်ကို ပေးထားတယ်"

"မင်းကို ဘယ်သူပေးခိုင်းလဲ"

မလိုအပ်တဲ့ ရန်လိုနေတဲ့မေးခွန်း။ ကျနေလို့ ကောက်ပြီး အန်တီလှိုင့်လက်ထဲ ထည့်ပေးခဲ့တာလေ။ အဲဒါ ဘာဖြစ်လဲ။ သူ့ဖုန်း သူ့မာမီကိုပေးတာပဲဟာ။

ထွင်ထွင်က ပြန်ဖြေချင်စိတ်နဲ့ တရှန်းရှန်းဟကြွကြွ ဖြစ်နေသည်။ နှစ်နှစ်က ဘာမှ ပြန်မဖြေမိ။ နှစ်နှစ် ပြန်မပြောတော့ သူ စိုက်ကြည့်နေရာမှ –

"ခုချက်ချင်းသွားယူ၊ တက္ကစီငှားပြီးသွား၊ ငါ ရှေ့က သွားနှင့်မယ်"

ဒါပဲပြောပြီး ကားကို လျှောခနဲ မောင်းထွက်သွား၏။

"တောက်၊ အတော်လူပါးဝတယ်"

ထွင်ထွင် တောက်ခတ်ရင်း မကျေမနပ်ပြော၏။ နှစ်နှစ် ဘာမှ မပြောတော့ပါ။ တက္ကစီကိုပဲ လှမ်းတားရသည်။

"သူလည်း အခု အိမ်ပြန်နေတာပဲ၊ ကိုယ့်အမေလက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတဲ့ဖုန်း ကိုယ့်ဘာသာကိုယ်ပြန်တောင်းလည်း ရရဲ့သားနဲ့''

''ကဲပါ ထွင်ရယ်၊ သူက အန်တီလှိုင်နဲ့ စကားပြော အဆင်မပြေဘူးမဟုတ်လား''

''အံမယ်၊ ရှင်ကပါ သူ့ဘက်က''

''မဟုတ်ပါဘူး။ လာပါ''

တက္ကစီအဖြူလေး ထိုးရပ်လာသည်နှင့် ထွင်ထွင့်လက်ကို ဆွဲကာ ကားပေါ် ဦးဆောင်တက်၏။ ထွင်က သိပ်မလိုက်ချင်။

''လာပါ ထွင်ရယ်၊ အပြန်မှာ နှစ်နှစ်တစ်ယောက်တည်း ဖြစ်နေပါလိမ့်မယ်''

''ဟွန်း''

ထွင်ထွင်က မျက်စောင်းထိုးပြီး ကားပေါ်တက်၏။

''ဟုတ်တယ်လေ''

''ဘာဟုတ်တယ်လေလဲ၊ ရှင့်ကို ကုမ္ပဏီက ပြန်လာကြိုပေးရတယ်၊ ဟော ခုတစ်ခါ လိုက်သွားပေးရဦးမယ်၊ ရှင့်ယောက္ခမလောင်းတွေကို ကြိုပို့လုပ်နိုင်းပါလား''

''ထွင်ရယ်၊ နှစ်နှစ်က လွတ်လွတ်လပ်လပ် သွားလာချင်လို့ပါဟယ်၊ တကတဲ အခုလည်း မကြာပါဘူး။ အလွန်ဆုံးကြာလှ ဆယ်မိနစ်ပါဟယ်၊ သူ့ဖုန်းယူပေးပြီးတာနဲ့ တက္ကစီနဲ့ပဲ ပြန်ကြမယ်လေ''

''အပြောကောင်း''





ထွင်ထွင်က ဒါတောင် မကျေနပ်ချင်သေး။ ထွင် မကျေနပ်တာက သူ့ကြောင့်လေ။

သူ့ကားနောက်က နှစ်နှစ်တို့စီးလာတဲ့ တက္ကစီလေး ခပ်လှမ်းလှမ်းက ပါသွားကာ ကမ္ဘာလုံးစံအိမ်ထဲ ရှေ့ဆင့်နောက်ဆင့် တန်းဝင်သွားသည်။

သူ့ကားက သူ့စံအိမ်ဘက် လမ်းခွဲသွား၏။ သူ့ကားပေါ်မှ သူ့သူငယ်ချင်းတွေပါဘယ် မဟုတ်လား။ နှစ်နှစ်တို့တက္ကစီက အန်တီလှိုင်တို့တိုက်ရှေ့ ပေါ်တီကိုအောက်မှာ ရပ်စေကာ၊ ထွင်က ကားပေါ်က မဆင်းဘဲ စောင့်၏။

''ခဏနေ ထွင်''

နှစ်နှစ် ကားပေါ်ကဆင်းကာ သွက်သွက်ကလေးပင် တိုက်ထဲလှမ်းဝင်ရ၏။

သူကတော့ သူ့စံအိမ်မှာသူ အငြိမ့်သား။ နှစ်နှစ်ကသာ ဟိုပြေးသည်ပြေးနဲ့။ ခက်တယ်ဆိုတာထက် ပိုခက်နေတဲ့အဖြစ်။ အဲဒီ ပိုခက်တာကလည်း အကြောင်းမဲ့ ဟုတ်ရိုးလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သူ့ဟန်းဆက်လေးက လှပါဘိ။ ငွေရောင်မျက်နှာပြင်နှင့် အန

သတ်တွေက ခဲပြာရောင်ရင့်ရင့်၊ လေးထောင့်စပ်စပ်ပုံစံပေမယ့် ဒီဇိုင်းလေ

က လှသည်။

နာရီနဲ့ထိပြီး ပြန်ကျတဲ့အရှိန် ပြင်းပေမယ့် ဘာမှဖြစ်မသွာ

နှစ်နှစ်က ကွဲသွားပြီလား ဘာလားနဲ့ နှမြောသလို ကြည့်မိသေးသည်

သူ့ဟန်းဆက်က အကောင်းပကာတိ၊ ဒီဟန်းဆက်ကို သူ့လ

ထဲအရောက် ထည့်ပေးပြီးရင် နှစ်နှစ်တာဝန် ပြီးပြီ။

အန့်တီလှိုင့်ဆီက ဟန်းဆက်လေးပြန်ယူပြီး သူ့စံအိမ်ဘ

ကူးသွားဖို့ တုံ့နှေးနေသည်။ တွင့်ကို ခေါ်ပါသေးသည်။ တွင်က -

"ရှင့်ဘာသာရှင် သွားပေး"





လို့ အငေါ်တူး၏။ အဲဒါနဲ့ပဲ နှစ်နှစ်ကိုယ်တိုင် သူ့စံအိမ်ဘက်

ကူးလာရတဲ့အဖြစ်။ စံအိမ်အဝင်ဝ ဖိနပ်ချွတ်နေရာမှာ ယောကျ်ားစီး

ဖိနပ်တွေ လေးငါးရန်မကပါ။

သူ့သူငယ်ချင်းတွေပါ ရှိနေတယ်ထင်ရဲ့။ နှစ်နှစ် မှန်တံခါးလေး

အသာတွန်းပြီး အထဲကို ခေါင်းလေးပြူပြီး ချောင်းကြည့်မိ၏။

"ဟင်"

သူငယ်ချင်းသုံးယောက်လေးနဲ့ ဝိုင်းဖွဲ့ထိုင်နေတဲ့သူ။ ဘီယာ

ဘူးကို သူကိုယ်တိုင်ဖွင့်ပြီး ခွက်တွေထဲ ငှဲ့ထည့်ပေးနေတာလေ၊

သူ့ပုံက လုပ်ချင်ရာလုပ်နေရရင် ပြီးရော၊ ဘာကိုမှ ဂရုမစိုက်

တဲ့ပုံ။ ကြည့်ပါလား၊ သူ့စံအိမ်ထဲမှာ သူ မင်းမူနေတဲ့ပုံက။

"ဒီ ဒီမှာ"

နှစ်နှစ် အသံလေးပေးလိုက်တော့ သူနဲ့အတူ သူ့သူငယ်ချင်း

တွေပါ နှစ်နှစ်ကို ဝိုင်းကြည့်ကြ၏။

"ယူခဲ့"

ဟု အမိန့်ပေးသလို သူပြောသည်။ နှစ်နှစ် တံခါးဝနားမှာ

ရပ်နေလို့မရတော့။ သူ့အခန်းလေးထဲ မဝံ့မရဲ ဝင်လိုက်ရသည်။

သူက အမူအရာပင် မပျက်၊ ဘီယာခွက်လေး ကိုင်ထားရင်း

ကွဲနေ့နေ့ဖြစ်နေတဲ့ နှစ်နှစ်ကို အားမလိုအားမရ ကြည့်လျက်။

နှစ်နှစ်က သူ့သူငယ်ချင်းတွေထိုင်နေတဲ့ ဆိုဖာခုံတွေကိုပတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူ့နား ရွှေ့သွား၏။ လက်တစ်ကမ်းအကွာလောက်ရောက်တော့ နှစ်နှစ် ကမ်းပေး၏။

သူ လက်ဆန့်ပြီး လှမ်းမယူ။ ထိုအခါ နှစ်နှစ်ရင်ထဲမှာ ခပ်တင်းတင်း ဖြစ်သွား၏။

"ရော့လေ၊ ဒီမှာ ရှင့်လက်ကိုင်ဖုန်း"

နှစ်နှစ် အသံကိုထိန်းပြီး ပုံမှန်ဖြစ်အောင် အော်ပြောလိုက်သည်။ ဒါလည်း သူကမ်းမယူသေး။ ဘီယာခွက်ကို နှုတ်ခမ်းနားတေ့ပြီး ခပ်မှျဉ်းမှျဉ်းသောက်ပြီးမှ –

"နေဦး မေးရဦးမယ်"

"ဘာ ဘာလဲဟင်"

နှစ်နှစ် သူ့အနားက ထွက်သွားချင်တာ ခြေယားနေပြီ။ သူက ဟန်းဆက်ကိုလည်း လှမ်းမယူ၊ မေးရဦးမယ်နဲ့ စကားဆက်နေသေးသည်။ နှစ်နှစ်လည်း ပြန်မေးရသည်လေ။ ဒီတော့ သူက နှုတ်ခမ်းကို လျှာနဲ့ တစ်ချက်သပ်ကာ ခပ်စောင်းစောင်းစွေကြည့်ပြီး –

"မင်းနဲ့ ငနဲတစ်ပွေ တွဲလျက်တွေ့တွေ့နေတယ်၊ အဲဒါ ဘယ်သူလဲ"

"ရှင်"

"မင်းကို မေးနေတာကွ"

သူ စိတ်မရှည်သလို ဗိုပြော၏။ နှစ်နှစ်ကိုယ်လေး ဆတ်ခနဲ





မတ်သွားကာ –

"ဟို ဘယ် ဘယ်သူ့ကို ပြောတာလဲ"

"မင်းတွဲနေတဲ့ကောင် ဘယ်ကောင်ဆိုတာ မင်းမသိဘူးလား"

"ကျွတ်"

နှစ်နှစ်ရင်ထဲ တအားတင်းသွား၏။ သူ့သူငယ်ချင်းတွေက သူနဲ့ နှစ်နှစ်ကို စိတ်ဝင်စားဖွယ် ဇာတ်ကွက်တစ်ကွက်နှယ် ထိုင်ကြည့်နေကြတာလေ။

နှစ်နှစ်မှာသာ ခံရခက်ခက်နဲ့ တစိမ့်စိမ့် ရှက်လာသည်။ နှစ်နှစ်က ဘယ်သူ့နဲ့ တွဲနေလို့လဲ။ ပြန်မေးချဖို့ ပါးစပ်ကလေး ပြင်မိသေးသည်။

မေးလိုက်မှ ပိုဆိုးလာရင် ဆိုတဲ့အတွေးနဲ့ ပြန်မမေးဖြစ်။ သူ့ဟန်းဆက်ကိုသာ သူ့ရှေ့စားပွဲပေါ်က ဘီယာပုလင်းဘေး ချပေးလိုက်သည်။

"တောင်ဥက္ကလာက ရတနာမိုးလမ်းထဲ တွဲပြီးလမ်းသလားနေတဲ့ကောင်လေ၊ မင်း မမှတ်မိတော့ဘူးလား"

သူ အစပြန်ဖော်သလိုပြောတာမို့ နှစ်နှစ်က ပြီးပြီးရောသဘောနဲ့

"ဟို အဲဒါ ကိုကို၊ အဲ ကိုစောစ၊ ထွင်ထွင့်ကိုကိုပါ"

"မင်းရည်းစား မဟုတ်လား"

ပိုင်စိုးပိုင်နင်းမေးလာတဲ့ သူ့ကို နှစ်နှစ် ဒီတစ်ခါ နှုတ်ခမ်းကိုက်၍ ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ ဟုတ်လို့ နာတာလား"

"ရှင်နော်"

"ဟုတ်တယ်ဆို ဟုတ်တယ်ပေါ့ကွ၊ မင်တို့ချင်း တွဲနေပြီပဲ၊ ပယူကြပေါ့၊ ဘာလို့မယူတာလဲ"

"ဟင်"

နှစ်နှစ် အသားတဆတ်ဆတ် တုန်လာသည်။ သူက မမှုသလိုတဲ့ နှစ်နှစ်ကို ဘီယာငွေ့နဲ့ ရီဝေစွာ စိမ်ပြေနပြေ စိုက်ကြည့်နေရာမှ မေးပြန်သည်။

"ဟိုကောင်က မင်းကို ခါထုတ်လို့လား"

"တော်၊ ရှင် လူပါးဝလှချည်လား"

"ဟုတ်တယ်လေ၊ ဟိုင်နဲ့က ခါထုတ်နေလားမှ မသိတာ"

"ရှင့်လို ထင်နေလား၊ ဟင်၊ မိန်းကလေးတွေနဲ့ တတွဲတွဲလုပ် ပြီး တစ်ယောက်ပြီးတစ်ယောက် ခါပစ်နေတာလေ"

"မင်း မင်း ဘာစကားပြောတာလဲ"

သူ ဂုန်းခနဲ ထရပ်လျှင် နှစ်နှစ် ခြေတစ်လှမ်း နောက်ဆုတ်ပြီ

"မြင်တာတွေ ပြောနေတာရှင့်၊ ရှင်ပဲ"

"ဒုန်း"

"ချလွမ်း"

နှစ်နှစ် စကားပင် မဆုံးလိုက်။ သူ့လက်ထဲက ဘီယာခွက်ကို





လွှတ်ချလိုက်ပြီး နှစ်နှစ်ပခုံးကို လှမ်းဆွဲ၏။

"မင်း"

"ရှင်နော်"

နှစ်နှစ် ကိုယ်လေးကို နောက်ဘက်ကိုရိုက်ကာ ချာခနဲလှည့်ထွက် မှသည်က သူ့စရိုက်ကို မနှစ်မြို့စွာ။

"တောက် ဟေ့၊ မင်း နေဦးကွ"

နှစ်နှစ် လှည့်ထွက်ခဲ့မယ်လို့ သူမထင်။ လှည့်ထွက်သွားတော့ သူ့လက်က နှစ်နှစ်ပခုံးကို မမီလိုက်။ ထိုအခါ သူ ခံပြင်းပေါက်ကွဲကာ ဗာရဟောပြောပြီး ဟန့်တား၏။

ဟင့်အင်း။

သူဟန့်တားတိုင်း နှစ်နှစ် နေရမလား။

လူကို ပိုင်စိုးပိုင်နင်း ပြုမူချင်သလို ပြောချင်ရာပြောပြီး နှိပ်ကွပ် နေတာ။

တော်ပြီ။ ဒင်းနဲ့ ဝေးအောင်နေမှ။

သူ့စံအိမ်ထဲက နှစ်နှစ် ဒရောသောပါး ပြေးထွက်ကာ တက္ကစီ ပေါ် ကမူးရှူးထိုး ပြေးတက်ရတဲ့အဖြစ်။

"ဟဲ့ နှစ်နှစ်၊ ဘာဖြစ်တာလဲ"

ထွင်ထွင်က စိုးရိမ်စိတ်နဲ့မေးသည်။ နှစ်နှစ် ပြန်မဖြေ။ တက္ကစီ သမားကိုသာ အမြန်မောင်းဖို့ လက်ဟန်ပြမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ မကျေမနပ်စိတ်နဲ့ စံအိမ်အပြင်ဘက်ထိ ထွက်ပါ သည်။ နှစ်နှစ်တို့တက္ကစီလေး ထွက်သွားတာမြင်တော့ မကျေမချမ်း ဖြစ်ပြီး ကျန်ရစ်ခဲ့သည်။

ထိုအဖြစ်ကို စဉ်းစားမိတိုင်း နှစ်နှစ်ရင်မှာ ခံပြင်းလျက်။ တော် ပြီ။ ဒီကိစ္စ အပြတ်ပဲ။ နှစ်နှစ်ဆုံးဖြတ်ချက်နဲ့နှစ်နှစ် ပြတ်သားနေကာ ချက်ချင်းပဲ ဒေါ်လေးဆီဖုန်းဆက်၏။

"ဒေါ်လေးဆီ နှစ်နှစ် ပြန်ခဲ့မယ်"

"ဘယ်လိုဖြစ်ရတာလဲ မိနှစ်ရယ်၊ ညည်းလေးကြောင့် ငါ့မှ တရားလေးဘာလေးတောင် စိတ်ဖြောင့်ဖြောင့်နဲ့ အားမထုတ်နိုင်ဘူ ညည်းကတစ်မျိုး၊ ညည်းမအေက တစ်မျိုး၊ ကဲ ကဲ လာမယ်ဆိုလည် လာခဲ့၊ ညည်းအမေ မရိပ်မိစေနဲ့"

နောင်ခါလာ နောင်ခါချေ။ ဒေါ်လေးကို အကြောင်းကြားပြီးတ နဲ့ နှစ်နှစ် အဝတ်အစားတွေ အိတ်ထဲကောက်ထည့်၏။

✿ ✿ ✿



## အခန်း (၁၃)

"ဘယ်လိုဖြစ်ရတာလဲ သတို့သမီးလေးရယ်၊ မင်္ဂလာဆောင် တာပဲ ပျော်ပျော်ပေါ့ကွယ်၊ ဘာလို့ မျက်ရည်တွေ သွန်ချနေတာလဲ၊ မာမီဖြင့် စိတ်ညစ်ပါတယ်နော်"

မာမီဇော်တစ်ယောက် ပွစိပွစိ ရွတ်လိုက်၊ တို့ပတ်အထူကြီးနဲ့ မျက်ရည်တွေကို သုတ်လိုက်နဲ့ ပျာယာခတ်နေသည်။ နှစ်နှစ်မျက်ရည်တွေ ကလည်း ကျပဲကျနိုင်လွန်း၏။

နှစ်နှစ်ပဲ မပိရိလို့လား။ ဘာလား နှစ်နှစ် မခွဲခြားနိုင်တော့ပါ။ နှစ်နှစ် မနက်စောစောထ၏။ ကားဂိတ်သွားဖို့ အဝတ်အိတ်ဆွဲပြီး တိ ကိတ်ကလေး ထွက်ဖို့ ခြေလှမ်းခဲ့ပါသည်။

မေမေ ဘယ်လိုရိပ်မိသွားသည် မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



''မိနှစ်''

လို့ခေါ်ရင်း နှစ်နှစ်လက်ကောက်ဝတ်ကို ဖမ်းဆွဲ၏။ မေမေ ဆွဲတာခံရတော့ နှစ်နှစ် လန့်ဖျပ်ကာ -

''ဟင် မေမေ''

''ဘာမေမေလဲ၊ ယောက်မမြင်းစီးထွက်ချင်ဦး''

နှစ်နှစ်ကို ဆွဲခေါ်ကာ အခန်းထဲသွင်းပြီး လက်တစ်ဖက် ခါး ထောက်လျက် ပြော၏။

''ညည်းကို ငါ မျက်စိဒေါက်ထောက်ကြည့်နေတာပါအေ့၊ ထွင်ထွင်နဲ့ ပါပါသွားကတည်းက ညည်း ဒီဇာတ်ခင်းတော့မယ်ဆိုတာ''

''မေမေထင်သလို မဟုတ်ပါဘူး''

''ညည်းပါးစပ် ပိတ်ထား၊ ညည်းလုပ်ပုံ လူကြားလို့ မကောင်း ဘူး၊ လှိုင်တို့သိသွားရင် ဘယ်လောက်သိက္ခာကျစရာဖြစ်နေမလဲ ဟင်၊ ညည်း နည်းနည်းမှ မစဉ်းစားမိဘူးလား''

''နှစ်က ဘာလုပ်နေလို့လဲ''

''ကြည့်စမ်း''

မေမေ ပို၍ခံပြင်းကာ နှစ်နှစ်ပခုံးကို ဖျတ်ခနဲရိုက်ချရင်း-

''ညည်း မအေကို ခံပြောနေတာလား မိနှစ်၊ တော်ရဲ့ တော် ရဲ့နဲ့ မိဘမျက်နှာကို ဖျက်ဖို့မကြိုးစားနဲ့''

နှစ်နှစ် အံလေးကြိတ်မိကာ -





''နှစ်နှစ်က ဒေါ်လေးဆီပြန်မလို့ပါ''

''ပြန်စရာမလိုဘူး။ ဒီနေ့ကစ ညည်းအိမ်မှာပဲနေတော့၊ ကုမ္ပဏီ လည်း မသွားနဲ့တော့၊ လှိုင့်ကို မေမေ့ဘာသာ ကြည့်ကောင်းအောင် ပြောလိုက်မယ်၊ ဒါပဲနော်၊ မေမေစိတ်ဆိုးအောင် နောက်ထပ် ဘာမှမလုပ် နဲ့၊ အိုး လုပ်လို့မရအောင် ညည်းကို ငါ အမြန်စီစဉ်လိုက်မှပဲ၊ ညည်း ထင်ရာလုပ်သွားရင် ခက်ရချည်ရဲ့''

မေမေ ပြောရင်း အခန်းတံခါးဆွဲပိတ်ပြီး ထွက်သွားလေသည်။ ထိုကိစ္စ ဘာကြာသေးလဲ။ မေမေက မင်္ဂလာကိစ္စ အားချင်းစီစဉ်တာလေ။

နှစ်နှစ်ကို ထွင်နဲ့ နှစ်ယောက်တည်း တွေ့ခွင့်မပေးသလို မေမေ နဲ့ဖေဖေက အရိပ်လို လိုက်ကြည့်၏။ တစ်ဖန် ဒေါ်လေးကို ဖုန်းဆက်ပြီး ဟန့်တား၏။

''ညည်းတူမကို ညည်း အားပေးအားမြှောက်မလုပ်ပါနဲ့ ချိုချို ရယ်၊ ညည်းဘာသာညည်း တရားအားထုတ်လှည့်ပါ''

လို့ ဖိပြော၏။

ဒေါ်လေးခမျာ ကြားထဲက မေမေဆူတာ ခံရရှာသည်။ အန်တီ လှိုင်နဲ့ မေမေတို့ ဘယ်လိုစီစဉ်ကြသည်မသိပါ။ မင်္ဂလာပွဲက တစ်ပတ်ပင် မကြာ။

ခုတော့ နှစ်နှစ်က သတို့သမီးလုပ်ရတော့မယ်တဲ့။

''သမီး မျက်ရည်တွေထိန်းစမ်းပါ၊ ဟိုမှာ လှိုင်တို့လာနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမီးမျက်ရည်မြင်ရင် ပြောစရာဆိုစရာ ဖြစ်လာဦးမယ်၊ ကဲ သုတ် မျက်ရည်တွေ''

မာမီဇော်နဲ့အတူ မေမေက မျက်ရည်တွေသုတ်ပေးတ၏။ မေမေ့ ကြောင့် နှစ်နှစ်ခမျာ မျက်ရည်ကျချင်တိုင်း ကျခွင့်မသာ။

မေမေ အနီးကပ်နေနေတာမို့ မျက်ရည်တွေလည်း မကျရဲဖြစ် ကာ။ မျက်ရည်မကျတော့မှ မာမီဇော်လည်း နှစ်နှစ်မျက်နှာပေါ် ကာလာ စိတ်ကြိုက် တင်ခွင့်ရလေသည်။

ဒီအချိန်မှာ နှစ်နှစ်ဟာ ကိုစောစနဲ့ မင်္ဂလာဆောင်ရမှာဆိုရင် တောင် ဒီလောက် စိတ်ထိခိုက်မယ် မထင်။

သူနဲ့မို့။

✿ ✿ ✿



အခန်း (၁၄)

''ဟဲလို''

''သီသီပါ ဖရဲ့''

''ဪ သီ ပြော''

''သီ ရန်ကုန်ရောက်နေတယ်၊ ဖနဲ့တွေ့ချင်လို့ လာခဲ့ပါလားဟင်၊ ... Sundy ကော်ဖီဆိုင်မှာ ရှိနေတယ်''

''အေး လောလောဆယ် မအားသေးဘူး၊ ညွှန်ခံပွဲရောက်နေလို့ ... နောက်မှတွေ့ကြတာပေါ့''

''သား''

သူ ဖုန်းစကားပြောလို့ပင် မပြီးသေး၊ ဒယ်ဒီ သူ့အပါး ရောက် ...လာသည်။ ခေါ်လည်းခေါ်ရင်း သူ့လက်ထဲကဖုန်းကို ဆွဲယူ... -



www.burmeseclassic.com

www.burmeseclassic.com



"သားဖုန်း ဒယ်ဒီ ခဏယူထားမယ်၊ ညေ့ခံပွဲပြီးတော့ ပြန်ပေးမယ်၊ နော် သား"

ဒယ်ဒီ ချော့ချော့မော့မော့ပြောနေတော့ သူ့ဘက်က ငြင်းဆန်ဖို့ ခက်သွားသည်။

ဒယ်ဒီ့နေရာမှာ မာမီသာဆိုရင် ဖုန်းကို ဆတ်ခနဲ ဆွဲလုပြီး ပြောချလိုက်ဖို့ ဝန်လေးမှာမဟုတ်ဘူး။

ခုတော့ ဒယ်ဒီဖြစ်နေတာမို့။ နောက်ပြီး ညေ့သည်တွေလည်း ရှိနေသည်မဟုတ်လား။ အကြောင်းကြောင်းကိုငဲ့လျက် သူ နှုတ်ဆိတ်နေလိုက်ရသည်။

"လာ သား"

ဖုန်းယူရုံနဲ့ မပြီးသေး သူ့ကို ဆွဲခေါ်သွား၏။

"ဘာလုပ်ဖို့လဲ ဒယ်ဒီ"

"ညေ့ခံရတော့မယ်လေ၊ သားကို ဒယ်ဒီ ကျေးဇူးတင်တယ်၊ ဒယ်ဒီ့ဆန္ဒဖြစ်မြောက်အောင် သား လိုက်လျောတဲ့အတွက်"

သူ ဘာမှ မပြောလိုတော့ပါ။ အဆင်သင့်ပြင်ထားတဲ့ သတို့သမီး လက်ကို ဒယ်ဒီကိုယ်တိုင် ဆွဲယူပြီး သူ့လက်မောင်းမှာ ချိတ်ပေးတဲ့အခါ သူ ငဲ့မကြည့်မိပါ။

"တီ တီ တီ"

ဒယ်ဒီ့လက်ထဲက သူ့ဖုန်းက မြည်လာပြန်သည်။ သူ လှည့်ကြည့်





လိုက်တော့ ဒယ်ဒီက ဖုန်းပိတ်လိုက်ပြီး –

"လာ သားနဲ့သမီး"

ညေ့ခံပွဲထွက်ဖို့ ဒယ်ဒီပဲ ရှေ့ကဦးဆောင်စီစဉ်တာတွေရဲ့နောက်မှာ မင်္ဂလာပွဲက ခမ်းနားစွာ ပြီးဆုံးသွားလေသည်။ မင်္ဂလာပွဲစဉ် တစ်လျှောက်လုံး သူ သတိထားမိတာ တစ်ခုပဲရှိ၏။

သူ့လက်မောင်းကို ဆုပ်ကိုင်ထားတဲ့ သူမလက်ချောင်းတွေက အားမပါသလို အေးစက်စက်နဲ့။

သူ့သူငယ်ချင်းတွေ သူ့ကို ဝိုင်းမြှောက်နေကြတာတောင် သူ နှစ်နှစ်ဘက် လှည့်မလာ။

သူ့မျက်နှာပေါ်မှာ လျှို့ဝှက်တဲ့အပြုံးတစ်ခု ရှိနေတယ်လို့ နှစ်နှစ် ထင်သည်လေ။

အဲဒီနေ့က သူ့ကိုပြောလိုက်တာ သူ ဆတ်ဆတ်ခါနာကာ။ နာချင်လည်းနာ ငြိုးချင်လည်းငြိုးထားပါတော့။ ဒီမင်္ဂလာပွဲက နှစ်နှစ်အတွက် စိတ်ဝင်စားဖို့မကောင်းတဲ့ ညေ့ခံပွဲပဲ။

ထွင်ထွင်ပင် မလာ။ စိတ်ဆိုးလို့တဲ့။ ဆိုးပါတော့သူငယ်ချင်းရယ်။ နှစ်နှစ် ဒါပဲပြောနိုင်တယ်လေ။ ဘာတတ်နိုင်မလဲ၊ မေမေ ဖွတ်စီစဉ်တာကို နှစ်နှစ်မှ မငြင်းဆန်နိုင်ဘဲ။

မေမေ့ကြောင့် မလိုချင်ပါဘဲ လင်ရနေတဲ့အဖြစ်။

တော်ပြီ မတွေးတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆည်ခံပွဲထဲရောက်နေတာတောင် သူနဲ့တွဲတဲ့ သီသီဆိုတဲ့ ကောင်မလေးကိုပင် အချိန်းအချက်လုပ်လိုက်သေးတဲ့ သူ့ရဲ့ဗီဇ။

သူ့ရဲ့ဗီဇက ရှေ့ဆက် ဘယ်လောက်တောင် ခြေရှုပ်ဦးမလဲ။

ကြည့်လှည့်ပေါ့ မေမေ။

✿ ✿ ✿



## အခန်း (၁၅)

နွေဦးညပေမယ့် သာသာယာယာ မရှိလှပါ။ ညကောင်းကင်မှာ [illegible]ယ်ရောင်တချို့သာ။ ညလေနုလည်း ပန်းရနံ့တွေကို သယ်ဆောင်မလာ။

ညငှက်ကလေးများလည်း တေးမဆို၊ နွေညက တိတ်တိတ် [illegible]က်သွေ့ကာ စိတ်ပျက်ငြီးငွေ့ဖွယ် ကောင်းလှပေသည်။

"ဟော သမီးကြည့်စမ်း၊ တစ်ယောက်တည်း အပြင်မှာ ထိုင် [illegible]နေတယ်"

"ပျင်းလို့ပါ အန်တီလှိုင်"

"မာမိုကိုပြောပေါ့ကွယ်၊ မာမိ အဖော်နေပေးမှာပေါ့၊ လာ [illegible] ငြိမ်သဲထိုင်မနေနဲ့ ညဉ့်နက်ပြီး အေးတယ်ကွဲ့၊ အထဲမှာ ထိုင်ရအောင် [illegible] သမီး"



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်က တိုက်ကြီးရှေ့က မြက်ခင်းစိမ်းမှာထိုင်ပြီး နွေညလေး ကို ငေးကြည့်နေတာလေ။ အန့်တီလှိုင် ဘယ်လိုတွေ့သွားသည် မသိပါ။ နှစ်နှစ်ကို ခြံထဲအထိ ဆင်းခေါ်သည်။ နှစ်နှစ် အားနာတာကြောင့် အန့်တီလှိုင့်နောက်က ပါလာခဲ့ရသည်။

"လာ ဇာတ်လမ်းတွဲကြည့်ရအောင်၊ မာမီ အဖော်နေပေးမှာ ပေါ့"

အန့်တီလှိုင်က မင်္ဂလာပွဲပြီးကတည်းက မာမီဆိုတာ ဖြစ်လေ သည်။ နှစ်နှစ်သာ မာမီလို့ မခေါ်ရဲသေး။ အန့်တီလှိုင်ကိုယ်တိုင် ဇာတ် လမ်းတွဲ ဖွင့်ပေးသည်။ ပြီးတော့ နှစ်နှစ်အနားမှာ ထိုင်ချကာ–

"သားကလည်း ကြာနေရော"

သူ ပြန်မရောက်သေးတာ သိနေတာကြောင့် အန့်တီလှိုင် ပြော ၏။ နှစ်နှစ် ဘာမှမပြောပါ။ စိတ်မပါပေမယ့် ဇာတ်လမ်းတွဲကိုသာ ကြည့် နေလိုက်သည်။

အန့်တီလှိုင်က ဇာတ်လမ်းတွဲဆီ အာရုံမရောက်။ ခြံအပြင်ဘက် ငေးကြည့်လိုက်၊ နှစ်နှစ်ကို အကဲခတ်လိုက်နဲ့ လှုပ်လှုပ်ရှားရှား ဖြစ်နေ သည်။ ပြီးတော့ –

"ခဏနေဦးသမီး" ဆိုပြီးထသွားသည်။

"ကိုကိုရေ၊ သားက ခုချိန်ထိ ပြန်မရောက်သေးဘူး၊ ဖုန်း ဆက်ကြည့်ပါဦး"





အန်ကယ့်ကို သွားပြောပြန်သည်။

"ဟွန်း မရောက်သေးဘူးလား၊ ဘယ်အချိန်ရှိနေပြီလဲ"

"ဆယ့်တစ်နာရီရှိခဲ့နေပြီ"

"နေဦး၊ သားကို ဖုန်းခေါ်၊ အဲ ဆောရီး၊ သားဖုန်း ကိုကို မှာထားတာ ပြန်ပေးဖို့ မေ့နေတယ်ကွ"

အန့်တီလှိုင်တို့အခန်းထဲက ပြောသံဆိုသံတွေ အတိုင်းသား ကြားနေရပေမယ့် နှစ်နှစ် စိတ်မဝင်စားလှပါ။ မကြာခင် အန့်တီလှိုင့် နောက်က အန်ကယ်ပါ လိုက်ထွက်လာသည်။

"နေဦး သမီး၊ သားသူငယ်ချင်းတွေကို ဒယ်ဒီ ဖုန်းဆက်ပေး မယ်"

"ရပါတယ်အန်ကယ်"

နှစ်နှစ် စိတ်မဝင်စားစွာပြောပေမယ့် အန်ကယ်က လေးလေး နက်နက်ပင်။ ချက်ချင်းပဲ သူ့သူငယ်ချင်းတွေရဲ့ ဖုန်းနံပါတ်ကိုခေါ်သည်။

"ဟေ့ ဇေသိုက်၊ အန်ကယ်ပါ၊ မင်းတို့ သိပ်ညဉ့်နက်အောင် မနေကြနဲ့လေ၊ တော်တန်ရုံ သောက်စားပြီး ပြန်လာရောပေါ့ကွ၊ နာရီ ကြည့်ဦး ကြည့်ဦး၊ အေး၊ ဝိုင်းသိမ်းပြီးလာခဲ့၊ နေဦး သား သိပ်မူးနေလား၊ ပြီ ထလွှတ်ရမလား၊ အင်း ဒါဆိုလည်း ပြီးရော"

အန်ကယ် ပြောဆိုပြီး ဖုန်းချက်ပြန်ချ၏။

"ဘာတဲ့လဲ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"လာတော့မလို့ပဲတဲ့"

"တော်သေးရဲ့"

သူလာတော့မယ်မှန်းသိလို့ သူ့မိဘနှစ်ပါး စိတ်အေးပေမယ့် နှစ်နှစ်ရင်မှာ မအေးနိုင်။ ရင်မှာ ရွံ့နေသလိုလို မလုံခြုံသလိုလိုနှင့်။

အန်တီနဲ့အန်ကယ်ကတော့ သူပြန်အလာထိ နှစ်နှစ်နားမှာ ရှိနေကြသည်။ သူ့ကားသံကြားမှ အန်ကယ့်စိတ်မှာ ပေါ့ပါးသွား၏။ အန်တီက –

"ဟော သားပြန်လာပြီ၊ လာ သမီးကို ဟိုဘက်လိုက်ပို့ပေးမယ်"

သူက သူ့ကားကို သူ့စံအိမ်ရှေ့ဘက် တစ်ပါတည်း မောင်းသွားတာ မဟုတ်လား။

"ရပါတယ်အန်တီ"

"ဟုတ်သားပဲ လိုင်၊ မင်းကိုမြင်ရင် သားက ဘာညာ ပွက်နေဦးမယ်"

အန်ကယ် ဟန့်တားသလိုပြောတော့ အန်တီ ခြေလှမ်းတုံ့သွားသည်။

"လိုင်က သမီးလေးကို အားနာလို့ပါ"

"မင်းကိုက အလိုက်ကန်းဆိုးမသိတာ၊ သားက ဘာမဆို ပြောရင် မင်းမျက်ရည်က ကျလာဦးမယ်"





သူနဲ့ပတ်သက်ပြီး အန်တီနဲ့အန်ကယ့်ကြားမှာလည်း တစ်ပြဿနာ၊ ဘာကြောင့် ပြဿနာက ကြာလေဆိုးလေ ဖြစ်နေရတာလဲ။

ဒါတော့ နှစ်နှစ် လိုက်မမီပါ။ ကိုယ် မမီတာထက် လျှို့ဝှက်စွာ တည်ရှိနေတာလေ။

"သမီး တစ်မျိုးတော့ မထင်နဲ့နော်၊ သားနဲ့သားမာမီကြားမှာ ဒီလိုပဲ မျက်နှာချင်းဆိုင်တာနဲ့ ဖြစ်နေကြတာ၊ ဒါကြောင့်ပါ"

"ရ ရပါတယ် အန်ကယ်၊ နှစ်နှစ်ဘာသာ သွားလိုက်ပါ့မယ်"

ဇာတ်လမ်းတွဲကြည့်နေရာမှ ထလာတော့ အန်တီက ပေါ်တီကို အောက်အထိ လိုက်ပို့သည်။

"ရပြီ အန်တီလိုင်"

နှစ်နှစ် ဒါပဲပြောကာ သူ့စံအိမ်လေးဘက် ခြေဦးလှည့်မိ၏။ ခြေလှမ်းတိုင်းက အသက်မပါ။ သူပြန်ရောက်ပြီမို့ အန်တီနဲ့အန်ကယ် လည်း စိတ်အေးလက်အေးနဲ့ တိုက်တံခါးကြီးပိတ်ကာ အိပ်ခန်းထဲ ဝင်လေသည်။

နှစ်နှစ်က သူ့စံအိမ်အဝမှာ စေ့ပိတ်ထားတဲ့ မှန်တံခါးကို တွန်းဖွင့်ပြီးပဲ ဝင်သွားရမလား၊ ဒါမှမဟုတ် သူ့ကိုပဲ ခေါ်ရမလား။ ဝေခွဲရ ခက်စွာ။

တံခါးဝမှာ နှစ်နှစ် အတန်ကြာ ရပ်နေမိသေးသည်။ တော်ကြာ သူ့ကိုခေါ်လိုက်လို့ ပြဿနာရှာနေဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာကလည်း ဘယ်လိုခေါ်ရမလဲ။

သူ့နာမည် ခေါ်ရမလား။ သူ့နာမည် အပြည့်အစုံခေါ်ရင် သူ ကြိုက်ပါ့မလား။ နှစ်နှစ် တစ်ကိုယ်တည်းတွေးရင်း ခေါင်းပူလာသည်။

ပြီးတော့ သူက မူးနေမှာလေ။ ဒီညက သူ့ရဲ့ ဘက်ချလာနိုက် မဟုတ်လား။ မမူးဘဲနဲ့တောင် ပြဿနာလုပ်တတ်တဲ့သူ။ မူးနေချိန်ဆို ဆိုဖွယ်ရာမရှိ။

ဒါကြောင့် နှစ်နှစ်ဘာသာ တံခါးတွန်းဖွင့်ပြီးဝင်ဖို့ ဆုံးဖြတ်လိုက် သည်။ ဆုံးဖြတ်ထားတဲ့အတိုင်း တံခါးတွန်းဖွင့်လျှင် –

"ဟင်"

နှစ်နှစ် မျက်လုံးလေးပြူးသွား၏။ တံခါးက ဖွင့်လို့မရပါ။ ဘယ် လိုဖွင့်ဖွင့် မပွင့်ပေ။ အထဲက သော့ပိတ်ထားလို့ဖြစ်မယ်။

ဘုရားရေ။

နှစ်နှစ်မှာ ရှက်စိတ်နဲ့ ဒေါသတို့ ဝိုးစုံထွက်လာသည်။ နှစ်နှစ် သူ ဘာလို့သဘောထားနေတာလဲ။ သတို့သားက သတို့သမီးကို အခန်း ခြေချခွင့်မပေးတာ ဘာကြောင့်ပါလဲကွယ်။

ထိုဒေါသနှင့်ရှက်မှုတွေနောက်မှာ ရှက်မျက်ရည်က အတားအဆီးမဲ့ ကျလေသည်။ ရက်စက်တာလား၊ စော်ကားတာလား၊ သိက္ခာချနေတာ လား၊ ဒါမှမဟုတ် အရှက်ကွဲအောင် ပြုမူနေတာလား ပြောလှည့်ပါကွယ်။

✿ ✿ ✿



## အခန်း (၁၆)

"ဟင်"

ဒေါ်မျိုးမျိုးဦး အိပ်မှုန်စုံမွှားနဲ့ မျက်နှာသစ်ဖို့ ရေချိုးခန်းထဲ ဝင်လာလျှင် မီးဖိုဆောင်မှာ သမီးကို ဘွားခနဲ တွေ့လေသည်။ မထင် မှတ်ဘဲ သမီးကိုမြင်သွားသည်မို့ ဒေါ်မျိုးမျိုးဦး ကြောင်သွား၏။

ဟုတ်မှဟုတ်ရဲ့လားဆိုတဲ့ အတွေးနဲ့ မျက်လုံးကို လက်နဲ့ပွတ်ပြီး ပြန်ကြည့်သည်။ သမီးမှသမီးအစစ်။ ဆံပင်လေး ဖားလျားချကာ ဂါဝန် လေး ဝတ်လျက်နဲ့။ မနက်တိုင်း လှုပ်ရှားနေကျ ပုံစံလေးအတိုင်း လက် ဖက်ခြောက်နှပ်နေတဲ့ သမီး။

ဒေါ်မျိုးမျိုးဦးရင်မှာ ထိရှရှ ခံစားရလေသည်။

"သ သမီး"



www.burmeseclassic.com

www.burmeseclassic.com



''ဟော၊ မေမေ နိုးပြီလား''

''နိုးပြီလေ၊ နိုးလို့ မျက်နှာသစ်ဖို့လာတာ၊ သမီးကို ဘွားခနဲ တွေ့ရတော့ မေမေဖြင့် ရင်ထဲမကောင်းလိုက်တာ၊ သမီး ဘာဖြစ်လာတာလဲ ဟင်၊ မနက်စောစောစီးစီး''

''ဘာမှမဖြစ်ပါဘူး မေမေ၊ မေမေတို့အတွက် မနက်စာလုပ်ပေးဖို့ လာခဲ့တာ''

''အို မဟုတ်တာဘဲ သမီးရယ်၊ မေမေ့ဟာသာ မေမေလုပ်မှာပေါ့''

''ရပါတယ်''

သမီးက စက်ရုပ်ကလေးလို ခံစားမှုမပါဘဲ လုပ်စရာရှိတာ ဆက်လုပ်နေတာကို ဒေါ်မျိုးမျိုးဦးကြည့်ရင်း စိတ်မသက်မသာ ဖြစ်ရလေသည်။

ပြီးတော့ သမီးမျက်နှာလေးက အရင်လို မလန်းဆန်း။ မရှေ့ကပဲ မင်္ဂလာဆောင်တယ်လေ။ ဒီအချိန်က ခံစားမှုအသစ်ကလေးနဲ့ မွေ့လျော်နေရမယ့်အချိန်။ ဘယ်လိုဖြစ်လို့ သမီးက –

''နေပါဦး သမီးရယ်၊ သမီးနဲ့သား အဆင်မပြေဘူးလား''

''ပြေပါတယ်''

အသံလေးက တုန်ယင်နေသည်။ ပြေပါတယ်လို့ ပြောပေမယ့် မျက်ဝန်းမှာလည်း မျက်ရည်တို့ ဝဲလို့ရယ်၊ ဘာဖြစ်လို့ပါလိမ့်။ မင်္ဂလာပြီး





အတွေ့အကြုံက သမီးလေးစိတ်ကို ဝမ်းနည်းစေတာလား။ ဒေါ်မျိုးမျိုးဦး ဝေခွဲရခက်စွာ သမီးကိုကြည့်ရင်း –

''ပြေတယ်ဆိုလည်း သမီး ဟိုမှာပဲနေရမယ်လေ၊ သမီးက လိုင်တို့ချွေးမ ဖြစ်နေပြီ သမီးရဲ့''

''သမီးသိပါတယ်၊ မေမေတို့အတွက် မနက်စာ ပြင်ပေးပြီး ပြန်မှာပါ''

ထိန်းပြီးပြောနေတဲ့ သမီးအသံလေးက ငိုချင်သံလေး တဝဲဝဲနှင့်၊ ဒေါ်မျိုးမျိုးဦး စိတ်မှာလေးလံကာ ခေါင်းတွင်တွင်ရမ်း၏။

''နောက်နေ့တွေ မလာပါနဲ့သမီးရယ် နော်''

နှစ်နှစ်မျက်နှာလေး မေမေမမြင်အောင် ကွယ်ရင်း လက်ဖက်ခြောက်နှပ်ပြီးသားကရားကို မီးဖိုပေါ်ကချပြီး လက်ဖက်ရည်ဖျော်နေလိုက်သည်။

နောက်နေ့တွေ မလာနဲ့တဲ့။ နှစ်နှစ်ရင်မှာ ဝမ်းနည်းလို့မဆုံးနိုင်ပါ။ နှစ်နှစ် ခေါင်းမညိတ်သလို ခေါင်းလည်းမခါမိပါ။

''နော် သမီး၊ နောက်နေ့တွေ မလာနဲ့၊ မေမေ့ဟာသာ မနက်စာ စီစဉ်ပါ့မယ်၊ မေမေ့သမီးလေး ပင်ပန်းမှာစိုးလို့ပါကွယ် နော်၊ ကဲ ဒီနေ့တော့ ရှိစေတော့''

မေမေ ပြောပြီး ရေချိုးခန်းထဲဝင်သွားလျှင် ယိုကျလာသော မျက်ရည်စတွေကို လက်မောင်းလေးနဲ့ ပင့်ကာ သုတ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့အတွက် ပဲပြုတ်ထမင်းကြော်၊ ပေါင်မုန့်မီးကင်၊ လက်ဖက်ခြောက်နှပ်ရည်နဲ့ လက်ဖက်ရည်ပေါ့ကျကျလေးဖျော်ကာ။

မနက်စာ စားဝိုင်းလေးပြင်ပြီး နှစ်နှစ် မီးဖိုခန်းထဲက ပြန်ထွက်ခဲ့သည်။

မေမေ့ကိုလည်း နှုတ်မဆက်မိ။ ဖေဖေနိုးလာတာကိုလည်း မစောင့်တော့ပါ။ ရင်ထဲမှာ ဝမ်းနည်းနေတာပဲသိတယ်။

နှစ်နှစ်ခမျာ သူတို့ခြံဝင်းထဲ တစ်ညလုံး ပတ်လျှောက်ရင်း မိုးလင်းရတဲ့အဖြစ်။ ဝမ်းနည်းရတာထက် ပိုပါတယ်။

✿

"ချလွှမ်း"

"အမေ့"

နှစ်နှစ်ခေါင်းပေါ် ချလွှမ်းခနဲ ကျလာတဲ့ တစ်စုံတစ်ခု။ နှစ်နှစ် ဒူးလေးနှစ်ဖက်ပိုက်ကာ တိုင်လေးမှာမှီပြီး အိပ်ပျော်နေရာမှ ဖျတ်ခနဲ လန့်နိုးသွား၏။

ကြည့်လိုက်တော့ နှစ်နှစ်ခေါင်းပေါ်ကတစ်ဆင့် ပေါင်ပေါ် ပြုတ်ကျလာတာက သော့တွဲတစ်ခု။





သော့တွဲလေးကို နားမလည်စွာ ကိုင်ကြည့်မိ၏။ ဒီသော့တွဲက ဘယ်ကကျလာတာလဲ။ အကဲခတ်ကြည့်တော့ အိပ်မှုန်စုံမွှားပုံစံနဲ့ တိုက်ပေါက်ဝတံခါးမှာ ပခုံးမှီရပ်ပြီး ရှုတင်းတင်းကြည့်နေတဲ့ သူ။

နှစ်နှစ် ငဲ့ကြည့်လိုက်တာနဲ့ –

"မင်းမှာ ကျောင်းစရာ တစ်နေရာတောင် မရှိဘူးလား"

နှစ်နှစ် ဝမ်းနည်းစွာ အကြည့်လွှဲလိုက်မိသည်။

"လာဘ်မရှိတဲ့ပုံစံနဲ့ တိုက်ရှေ့မှာ ငုတ်တုတ်အိပ်မနေနဲ့"

"နှစ်နှစ် တမင်အိပ်နေတာ မဟုတ်ပါဘူး။ ထိုင်နေရင်းနဲ့ ငိုက်ကျသွားတာပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ လူမြင်မကောင်းအောင် မလုပ်နဲ့၊ အဲဒီ သော့နဲ့ ဟိုဘက်တိုက်ဖွင့်ပြီး သွားနေ၊ အပေါ်ထပ်မှာ အခန်းလွတ်တွေ အများကြီးရှိတယ်"

"ရပါတယ်၊ နှစ်နှစ်အတွက် နေစရာက အရေးမကြီးပါဘူး"

"ဟွန်း အရေးမကြီးလို့ဘဲ"

ခနဲ့သလို သူပြောတာက ပါးအရိုက်ခံရတာထက် နာစရာကောင်းလှသည်။

ဆုပ်ကိုင်ထားမိတဲ့ သော့တွဲကို ပြန်ငုံ့ကြည့်၍ –

"ဟုတ်တယ်၊ နှစ်နှစ်အတွက် ဘာမှအရေးမကြီးဘူး။ ရော့ သော့ ရှင်ပြန်ယူ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သော့တွဲကို သူ့ရှေ့ပစ်ပေးပြီး သူ့တိုက်ပုလေးရှေ့က ထထွက်ခဲ့သည်အထိ နှစ်နှစ်စိတ်တွေ ပေါက်ကွဲသွား၏။

"ဟော့"

နှစ်နှစ် လှည့်မကြည့်ပါ။ သူ့တိုက်ပုလေးနဲ့ ခြေလှမ်းတွေ ဝေးသထက် ဝေးသွားသည်။

ဒီခြေလှမ်းတွေက ဘယ်ကိုဦးတည်ရကောင်းမှန်း မသိတော့ပါ။ ခြံဝနားရောက်တော့လည်း ခြံတံခါးက သော့ခတ်လျက်။

အားလုံးအိပ်မောကျနေချိန်မှာ နှစ်နှစ် ဘယ်သူ့ကိုမှ စိတ်အနှောင့်အယှက်မပေးချင်ပါ။

သူတို့ခြံဝင်းထဲ လမ်းလျှောက်နေရင်း ညအချိန် အမြန်ဆုံးလွန်မြောက်ပါစေလို့ ဆုတောင်းလျက်။

သူက နှစ်နှစ်ပေးတဲ့ တိုက်ကြီးရဲ့ဝင်ပေါက်သော့ကို ဆုပ်ကိုင်ကာ သူ့စံအိမ်ထဲ သူပြန်ဝင်သွားသည်။

ဒါပေမဲ့ သူ့စံအိမ်တံခါးကိုတော့ ညဦးတုန်းကလို ပိတ်မထား။ သဘောကတော့ သူ့စံအိမ်ထဲ ဝင်ချင်ဝင်ခဲ့ပေါ့ဆိုတဲ့သဘော။

ဝမ်းနည်းပါတယ် ရှင်ရယ်။

နှစ်နှစ်မှာလည်း မာနရှိပါတယ်။ ခြံစောင့်ဦးကြီးနိုးလာသည်နှင့် ခြံတံခါးဖွင့်နိုင်းကာ မေမေတို့ဆီ ပြန်ခဲ့မိတာက နောက် ဘယ်တော့မှ သူတို့စံအိမ်ကို မသွားတော့ပါဘူးဆိုတဲ့ အဓိဋ္ဌာန်နဲ့။





ခုတော့ မေမေက နောက်နေ့တွေမလာနဲ့တဲ့။ နှစ်နှစ် ဘယ်နေရာမှာ သွားနေရမလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

လည်ချောင်းတစ်လျှောက် ခြောက်သွေ့ကာ ပူရှသလို ခံစားရ၏။ ထိုခံစားမှုနောက်မှာ သူ ဖျတ်ခနဲ နိုးလာသည်။

ခေါင်းရင်းရှိ ရေဖန်ချိုင့်ထဲက ရေတစ်ဖန်ခွက် မော့သောက်လျက်။ ပြန်အိပ်ချလျှင် သူ့ခေါင်းထဲ ဖျတ်ခနဲဆို အသိတစ်ခုဝင်လာသည်။

အဝါနုစ်။ သူ ဝေါက်ခနဲ ပြန်ထ၏။ မီးခလုတ်အားလုံးဖွင့်ကြည့်၏။ အခန်းထဲက ဘယ်နေရာမှာမှ သူ့မလေးကို မမြင်။ တခြားအခန်းတွေ ပတ်ရှာသော်လည်း မတွေ့ရ။

ဒင်းကလေး ဟိုဘက်တိုက်မှာလား။ ဒါမှမဟုတ် သူ့မိဘအိမ်ပြန်သွားသလား။

ညက သူပြန်လာတော့လည်း မမြင်။ သတိလည်းမရ၊ လူက





ပူနေတာနဲ့ အိပ်ချင်တာပဲ သိတယ်လေ။

ဒါကြောင့် ထုံးစံအတိုင်း တံခါးသော့ပိတ်ပြီး အိပ်ခန်းထဲ တန်းဝင်ကာ ထိုးအိပ်လိုက်တဲ့အဖြစ်။

အဝါနုစ်။

မျက်နှာလေးက ချစ်စဖွယ်၊ ကိုယ်နေဟန်လေးကလှ ပုံစံလေးက ဝင်စင်ကြယ်ကြယ်နဲ့ ခုနေ ဘယ်မှာလဲ။

ဝေါက်ခနဲထပြီး တံခါးဖွင့်ကြည့်တော့မှ အပြင်မှာ ငုတ်တုတ်အိပ်ပျော်နေရှာတဲ့ သူ့မလေး။

သူ သနားရမလား။ ဒေါသရီးပဲ။ ဒါပေမဲ့ သူ့စံအိမ်တံခါးလေးတော့ ဖွင့်ပေးထားသည်။ ဝင်လိုက ဝင်ပါစေဆိုပြီးတော့။ သူကတော့ ပြန်အိပ်လိုက်၏။

သူပြန်နိုးလာတဲ့အချိန်မှာ မနက်ဆယ်နာရီထိုးနေပြီ။ အိပ်ရာက ထ၊ ရေချိုးပြီး စံအိမ်ထဲကထွက်ခဲ့သည်။

သူက မနက်စာကို ဆိုင်တစ်ဆိုင်ဆိုင်မှာ စားနေကျ။ သူ ကားပေါ် လှမ်းတက်တော့ –

"သား"

ဒယ်ဒီရဲ့ခေါ်သံ။ အသံနဲ့အတူ ဒယ်ဒီ့ခြေလှမ်းတွေက သူ့ဆီ ဦးတည်လာသည်။

"ဘယ်သွားဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်စာ ထွက်စားမလို့"

"ဒီမှာ သားဖုန်း၊ ဒယ်ဒီပြန်ပေးဖို့ မေ့နေတယ်"

"ရပါတယ်"

သူ ခပ်ပြတ်ပြတ်ပြောပြီး ဒယ်ဒီကမ်းပေးတဲ့ လက်ကိုင်ဖုန်းကို လှမ်းယူသည်။

"ဒါနဲ့သား၊ ဒယ်ဒီနဲ့အတူ ဒီနေ့မနက်စာ စားပါလား"

သူ့ကားစက်နိုးစဉ် ဒယ်ဒီ စိတ်အားထက်သန်စွာ တောင်းဆိုလာသည်။

"နော် သား၊ သားနဲ့ဒယ်ဒီ မျက်နှာချင်းဆိုင် မနက်စာမစားဖြစ်တာ ဘယ်လောက်ကြာပြီလဲ သားရယ်"

"ကျွတ်၊ အဲဒါပဲ ဒယ်ဒီနဲ့ခက်တာ"

"လာပါသားရယ်၊ ဒီတစ်မနက်တည်းပါ၊ သားနိုးမယ့်အချိန်ကို ဒယ်ဒီစောင့်နေတာကွ၊ အခုချိန်ထိ ဒယ်ဒီ ဘာမှမစားရသေးဘူး။ ဗိုက်လည်းဆာလှပြီ၊ အတူတူစားကြစို့ကွာ၊ နော် သား၊ လာပါသားရယ်"

မရအရ ဖိခေါ်ရင်း ကားပေါ်က မဆင်းဆင်းအောင် ဆွဲခေါ်နေတဲ့ ဒယ်ဒီ။ သူ့စိတ်က တင်းမာနေဖို့ ခက်သွားသည်။

ဒယ်ဒီက သူ ဘယ်လိုပဲဆက်ဆံပါစေ၊ ဘယ်တုန်းကမှ ငြိုငြင်လေ့ မရှိပါ။ အဲဒီအတွက် ဒယ်ဒီ့ကို သူ နားလည်ပေးဖို့ စိတ်လျှော့လိုက်ရလေပြီ။





"လာမယ်၊ ဒယ်ဒီ ရှေ့ကသွားနှင့်"

သူ လေသံတော့ မလျှော့မိ။ လာမယ်ပြောလိုက်တော့ ဒယ်ဒီ့ မျက်နှာက ဝင်းခနဲ ဖြစ်သွား၏။

"ကျေးဇူးပဲ သားရယ်"

တလှိုက်လှိုက်ကြည်နူးကာ ဝမ်းသာမဆုံးသော ပုံစံလေးနှင့် ဒယ်ဒီ ရှေ့ကသွားနှင့်သည်။ ကားပေါ်က မဆင်းချင်ဆင်းချင်နဲ့ သူ ဆင်းရလေသည်။

ဒယ်ဒီ့ကို ငဲ့လို့သာ။ နောက်ဆို ဒယ်ဒီ စိတ်ထိခိုက်နေဦးမှာ လေ။ ဒီတစ်ကြိမ် ဒယ်ဒီ့ကိုစာနာပြီး သူ့ခြေလှမ်းတွေ ဒယ်ဒီတို့အိမ်ဘက် လှည့်ရပြန်သည်။

နံနက်စာစားခန်းထဲ သူ့ခြေလှမ်း သွင်းမလိုပြင်လျှင် –

"မျိုးမျိုးဖုန်းဆက်မေးတယ် ကိုကို၊ သမီး ပြန်ရောက်ပြီလားတဲ့၊ ဘယ်လည်း မရောက်သေးဘူးပြောလိုက်ရတယ်"

"သမီးကလည်း မပြောမဆိုနဲ့ ဘာလို့ထွက်သွားရတာလဲ"

"အဲဒါတော့ လှိုင်လည်းမသိဘူး၊ မျိုးမျိုးပြောတော့ မျိုးတို့ဆီ မနက်စောစောကြီး ရောက်လာတယ်၊ မျိုးတို့အတွက် မနက်စာပြင်ဆင်ပေး ပြီး ထွက်သွားတာတဲ့၊ အခု လှိုင်တို့ဆီလည်း ပြန်မရောက်သေးဘူးဆိုတော့ ... လှိုင် စိတ်ပူတယ်ကိုကို၊ သမီးလေး ဘယ်တွေလျှောက်သွားနေမှန်း မသိဘူး။ လှိုင် လိုက်ရှာရမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မာမို့မေးသံအဆုံးမှာ ဒယ်ဒီ့သက်ပြင်းချသံ ကပ်ပါလာသည်။ သူ့စိတ်မှာလည်း တင်းလာသည်။

ကျွတ်၊ ပြဿနာမလေး။

သူ့ခြေလှမ်းတွေ မနက်စာစားခန်းနဲ့ ဆန့်ကျင်ဘက်ဆီ ရွေ့လျား သွားသည်။

ချက်ချင်း ကားမောင်းထွက်ခဲ့သည်က ဒင်းကလေးကို မကျေနပ် တဲ့စိတ်နဲ့ရယ်။

မသိရင် သူကပဲ နှင်ပစ်သလိုလို ထင်နေဦးမည်။

တွေ့လို့ကတော့ ဒင်းကလေး မလွယ်ဘူးမှတ်။

✿ ✿ ✿



## အခန်း (၁၈)

နှစ်နှစ် ဘယ်လောက်ကြာအောင် လျှောက်သွားနေမိသည်မသိ ပါ။ ခြေထောက်လည်း ညောင်းလှပြီ။ ဆာတာလည်း အစွမ်းကုန်။

မှန့်ဆိုင်မြင်ရင် သွားရည်ကျမတတ် ငေးကြည့်မိကာ ကျလာတဲ့ သွားရည်ကို ပြန်မျိုချရင်း လမ်းသာ ဆက်လျှောက်နေမိသည်။

နေလုံးရဲရဲကြီးက ခေါင်းပေါ်တည့်တည့် ပစ်တင်ထားသလို ပူမြစ်လျက်။ ကောင်းကင်ကိုမော့ကြည့်လိုက်မှ မွန်းတည့်ချိန်ရောက်နေ မှန်း သိတဲ့အဖြစ်။

တစ်ကိုယ်လုံးလည်း ချွေးစေးတွေရွှဲကာ နွမ်းဟိုက်လျက်။ ခြေ ထောက်တွေသယ်ပြီး မလျှောက်နိုင်အောင် လေးလံလာသည်။

ဒါကြောင့် လမ်းဘေးသစ်ပင်ပိုင်းအောက်က ခုံတန်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



မြင်သည်နှင့် အပြေးကလေး ဝင်တိုင်မိသည်။

ထိုင်ခုံနဲ့ လက်တစ်လှမ်းအကွာမှာ သောက်ရေအိုးစင်လေး။ ပင်စည်မှာ ထုတ်တန်းရိုက်ပြီးတင်ထားတဲ့ သောက်ရေအိုးလေးထဲက သောက်ရေတစ်ခွက်ကို ကမန်းကတန်း သောက်၏။

တစ်ခွက်သောက်ရုံနဲ့ အဆာမပြေ။ သုံးလေးခွက် ဆင့်သောက်လိုက်တော့ ဆာလောင်နေတဲ့ဝမ်းဗိုက်ထဲ ရေတွေနဲ့ ပြည့်သွားသည်။

ဗိုက်ပြည့်သွားတော့ နှစ်နှစ်တစ်ကိုယ်လုံး လေးလံကာ ခုံတန်းမှာ ပြန်ထိုင်ချရင်း ပင်စည်လေးမှာ ခေါင်းမှေးတင်ကာ အမောအပန်းပြေအောင် မျက်လွှာလေးပါ စင်းချထား၏။

အမောပြေနေရင်း နှစ်နှစ် မှေးခနဲဖြစ်သွားတာသိသည်။ နောက်တော့ ဘာမှမသိတော့ပါ။

နှစ်နှစ် သတိတရ နိုးလာတော့ သစ်ပင်ရိပ်အောက်က ခုံတန်းလေးမှာ မဟုတ်တော့ပါ။

လှိုင်းရိပ်ဆင်နဲ့လှနေတဲ့ နူးညံ့သော ဖဲမွေ့ရာနုနုပေါ်မှာ။

"ဟင်း"

ဘယ်လိုဖြစ်တာပါလိမ့်။ နှစ်နှစ် တအံ့တသြနဲ့ ထိုအိပ်ရာပေါ်က ရုန်းထလျှင် ရင်မှာ တဒိတ်ဒိတ် ခုန်သွားသည်။

ဒါ ဒါ ဘယ်သူ့အိပ်ရာလဲ။ နှစ်နှစ် ဘယ်လိုဖြစ်ပြီး ဒီအိပ်ရာပေါ် ရောက်နေရတာလဲ။ လဲပေါင်းများစွာပါတဲ့ မေးခွန်းတွေနောက်မှ





နှစ်နှစ် မွေ့ရာထက်က ဆင်းမလို့ပြင်လျှင် –

"ဘယ်သွားဖို့လဲ"

နှစ်နှစ်ရဲ့နောက်ဘက်ဆီမှ မေးသံ။ ထိုအသံက သူ့အသံမှာမှန်း နှစ်နှစ် လှည့်မကြည့်ပါဘဲ သိနေတော့ ပိုပြီးအံ့သြရ၏။

"မေးနေတယ်လေကွာ"

သူ စိတ်မရှည်ဘဲ ထပ်မေး၏။ နှစ်နှစ် ဘာပြန်ဖြေရမှန်း မသိတော့ပါ။ ရင်အခုန်မြန်ကာ မသိမသာ ငုံ့ကြည့်မိတော့ သူက ဗီရိုထဲက အင်္ကျီတစ်ထည်ကို ဆွဲယူပြီး ဝတ်ဖို့ပြင်ဆင်နေသည်။

"ဘုရားရေ"

နှစ်နှစ်ကိုယ်နှစ်နှစ် မလုံမလဲ ပြန်ငုံ့ကြည့်မိ၏။ နှစ်နှစ်ဝတ်ထားတဲ့ ဂါဝန်လေးက နဂိုအတိုင်း နှစ်နှစ်ကိုယ်မှာ ပုံစံတကျရှိနေသည်။

အင်္ကျီကြယ်သီးတပ်ရင်း နှစ်နှစ်ရှေ့လျှောက်လာလျှင် ဖွေးစင်သော သူ့ရင်အုံပေါ်မှ ရှည်လျားသောမွေးညှင်းတွေကို မြင်ရသည်။

ထိုမွေးညှင်းရှည်တွေက နက်မှောင်သလို ပျော့ပျောင်းပျောင်းနဲ့ ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်နိုင်တဲ့ အစွမ်းသတ္တိတို့ ရှိနေသလို ခံစားရ၏။

ထိုအခါ နှစ်နှစ် ချက်ချင်းပဲ အကြည့်လွှဲ၍ မွေ့ရာပေါ်ကဆင်းဖို့ ခြေတွဲလောင်းချပြီး –

"မေမေတို့ဆီ ပြန်မလို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့မေးခွန်းကို ဖြေလိုက်သည်။

"ဟွန့်"

သူ ခနဲ့သလို ရွဲ့သလိုနဲ့ မျက်နှာကို ကွန့်ပစ်ပြီး -

"မေမေတို့ဆီပြန်မလို့တဲ့။ အစကတည်းက ပြန်ချင်စိတ်ရှိရင် လမ်းဘေး ထိုးအိပ်နေစရာမလိုဘူးကွ"

နှစ်နှစ် နှုတ်ခမ်းလေးဖိကိုက်မိ၏။ သူ့စကားလုံးတွေက ပိသသာ လေးနဲ့ အပစ်ခံရသည်ထက် နာစရာကောင်းလှသည်မို့ -

"နှစ်နှစ်ဘာသာနှစ်နှစ် အိပ်ချင်တဲ့ဆီမှာ အိပ်မယ်၊ ရှင်နဲ့မဆိုင် ဘူး"

"သွားအိပ်နေလေ၊ မင်းအမေတွေ အနောက်က ပလိုင်းနဲ့ လိုက်ကောက်ရမယ်"

"ဘာမပြောတယ်"

"မင်းနားလည်ရင် ပြီးရော"

"ကျွတ်"

နှစ်နှစ် နာကျင်စွာ ဆတ်ခနဲထရပ်လိုက်တော့ သူနဲ့ မျက်နှာ ချင်းဆိုင် ဖြစ်သွားလေသည်။

"ဘာလဲ မကျေနပ်ဘူးလား"

"ရှင် ရိုင်းရိုင်းစိုင်းစိုင်းမပြောပါနဲ့၊ နှစ်နှစ်က ရှင်လို ပေပွေရှုပ် မဟုတ်ဘူး"





"မင်း"

သူ့လက်နှစ်ဖက်က နှစ်နှစ်ပခုံးနှစ်ဖက်ကို ဆတ်ခနဲ ဆုပ်ကိုင် လေသည်။ နှစ်နှစ် မျက်နှာလေးကို မာနနဲ့မော့ကာ -

"ဘာဖြစ်လဲ ကိုဖယားသစ်"

"တောက်"

ဆုပ်ကိုင်ထားတဲ့ နှစ်နှစ်ပခုံးနှစ်ဖက်ကို လွှပ်ချပြီး တွန်းပစ်လိုက် လျှင် နှစ်နှစ်ကိုယ်လေးက မြေ့ရာပေါ်တွင် တွယ်ရာမဲ့ ခွေကျသွား၏။

"မင်းပါးစပ်ပိတ်ထားလိုက် အဝါနှစ်"

"အဟင့်၊ မပိတ်နိုင်ဘူး"

"ဘာကွ"

နှစ်နှစ် ရှန်းထရင်း မခံနိုင်စွာ ပြန်ပြော၏။ ထိုအခါ သူ ပွားခနဲ နှစ်နှစ်အနားရောက်လာကာ ရုန်းထနေတဲ့ နှစ်နှစ်ကိုယ်လေး ကြွလို့မရအောင် သူ့လက်နဲ့ တွန်းဖိရင်း -

"ပြန်ပြောကြည့်စမ်း အဝါနှစ်၊ မင်း ထပ်ပြောကြည့်စမ်းပါ"

နှစ်နှစ် ခံပြင်းစိတ်နဲ့ အသက်ရှူသံတွေမြန်ကာ -

"ပြောမယ် အား"

နှစ်နှစ် စကားလုံးလေးပင် မဆုံးလိုက်ပါ။ နှစ်နှစ်ရဲ့ မေးဖျား နှုတ်ခမ်းလက်ကို သူ့လက်ညှိုးလက်မနဲ့ ဖျစ်ညှစ်လျှင် နှစ်နှစ် နာကျင်ကာ စကားလုံးတွေပါ ပြတ်တောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာအဝါနှစ်၊ ငါ့ဘာသာငါ ပွေပွေရှုပ်ရှုပ် မင့်အပူ တစ်ပြ သားမှ မပါဘူး၊ ငါက ယောက်ျား၊ လမ်းပေါ်မှာ လျှောက်အိပ်နေလည် မိုက်မကြီးဘူး၊ မင်းသာ၊ တောက် မပြောလိုက်ချင်ဘူး၊ ကလေးက ဆန်ချင်နေတဲ့မိန်းမ၊ ကိုးချင်းကိုးချင်း လျှောက်သွားနေတိုင်း ဘယ်သူ အနောက်ကမှ လိုက်ခေါ်နေဖို့ မအားဘူး၊ ဒီနေ့ကစပြီး ဟောဒီခြံဝင်းထဲက ထွက်သွားခွင့်မရှိဘူး၊ အဲဒါ ငါ့အမိန့်၊ စကားကုန်ပြောလိုက်မယ်၊ မ မိဘအိမ်တောင် မင်း သွားခွင့်မရှိဘူး၊ ဒါပဲ"

စကားအဆုံးမှာ ပါးရိုးလေးကို ညှစ်ကိုင်ထားတဲ့ သူ့လက် လွှတ်ကာ နှစ်နှစ်အပါးမှ ခွာသွား၏။

အခန်းတံခါးကိုလည်း ဂျိန်းခနဲ ဆောင့်ပိတ်လျက် ထွက်သွ လျှင် နှစ်နှစ် တရှိုက်ရှိုက်ငိုချမိသည်။

✿ ✿ ✿



## အခန်း (၁၉)

ဂူးခနဲ မောင်းထွက်သွားသံ ကြားသည်နှင့် ဒေါ်လှိုင်သစ္စာ ကမန်းကတန်း ထွက်ကြည့်သည်က အကြောင်းမဲ့မဟုတ်ပါ။ သားတော် မောင်ရဲ့အခြေအနေကို အကဲခတ်ချင်လို့ဖြစ်သည်။

ထွက်သွားတဲ့ပုံစံက ဘယ်လိုမှ ပုံမှန်မဟုတ်မှန်း ဒေါ်လှိုင်သစ္စာ ရိပ်မိလေသည်။ ဘာဖြစ်ကြပြီလဲ။ ဒါလည်း သိလိုလှသည်။

ဒါကြောင့် သားရဲ့စံအိမ်ဘက် ချက်ချင်းကူး၏။

"သမီး"

ခေါ်လည်းခေါ် သားအခန်းထဲ တန်းဝင်ခဲ့သည်။ သမီးက မွေ ရာပေါ်မှာ ခွေခွေလေးပုံကျလျက် ရှိုက်ငိုနေတာမြင်သည်။

"သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှိုင်သစ္စာ ဝမ်းနည်းသွားလေပြီ။ သမီးလေးနား တိုးသွားကာ မွေ့ရာပေါ် ထိုင်ချရင်း ပခုံးလေးကို တယုတယ ပွတ်ပေး၏။

"မာမီတောင်းပန်ပါတယ် သမီးရယ်၊ သားက နည်းနည်း စိတ်ဆတ်တယ်ကွဲ့၊ သားပြောတာဆိုတာတွေကို ဗွေမယူပါနဲ့နော်၊ နော် သမီး"

နှစ်နှစ် ဘာမှပြောချင်စိတ် မရှိပါ။ ပြောလည်း မပြောလိုပါ။ နာကျင်နေတဲ့အရှိန်နဲ့ ရှိုက်ငိုရင်းသာ။

"သမီး နေ့လယ်စာမစားရသေးဘူး ထင်တယ်၊ နေဦး မာမီ သွားယူခဲ့မယ်"

ဒေါ်လှိုင်သစ္စာ ပြောရင်း ထထွက်ခဲ့ရပြန်သည်။ သူမလေး အတွက် နေ့လယ်စာထမင်းဟင်း ခူးခပ်ပြီး သယ်မ,လာကာ သားအခန်း ထဲမှာပဲ ထမင်းပွဲပြင်ပေးလိုက်သည်။

"ထလေ သမီး။ မာမီ အဆင်သင့်လုပ်ထားပြီးပြီ ထစားလိုက်ပါ သမီးရယ် နော်"

ဒေါ်လှိုင်သစ္စာက ချော့ချော့မော့မော့နဲ့ သူမလေး ထမင်းစား ဖြစ်သွားအောင် ဆို၏။ သူမကတော့ ထလည်းမထ၊ စားလည်းမစား။ မွေ့ရာပေါ်မှာ၊ ခွေပြီးကျနေတဲ့ ပုံစံအတိုင်း။

တသိမ့်သိမ့် ရှိုက်ငိုလို့မဆုံးနိုင်။ ချော့မော့လို့မရတော့ ဒေါ်လှိုင် သစ္စာလည်း စိတ်ထဲမှာ မကောင်း။ ချက်ချင်း ဒီဘက်တိုက်ပြန်ကူးလာ





ခင်ပွန်းသည်အလုပ်လုပ်နေတဲ့ စာဖတ်ခန်းထဲ တန်းဝင်ပြီး –

"ကိုကိုရယ်၊ သားကို နည်းနည်းပါးပါး ပြောပါဦးလား"

"ဘာလဲ လှိုင်၊ ဘာပြောရမှာလဲ"

"သမီးလေးက ငိုပဲငိုနေတယ်၊ မျက်နှာမှာလည်း နီရဲလို့၊ ကိုကို့ သား ထိုးပဲထိုးသလား, ရိုက်ပဲရိုက်သလား မသိပါဘူး"

"ကျွတ်"

ကွန့်ပျူတာဘက်က ကိုကို့မျက်နှာက သူမဘက်ပြန်လှည့်အလာ မှာ စိတ်ပျက်ခြင်းတွေနဲ့။

"မင်း နေရာတကာ ဟိုစပ်စပ် ဒီစပ်စပ် ပါနေပါလားလှိုင်"

"ကိုကို ဘယ်လိုပြောလိုက်တာလဲ"

"နောက် မဟုတ်ဘူးလား"

ဒေါ်လှိုင်သစ္စာ ခင်ပွန်းသည်ကို နားမလည်စွာ ပြူးကြည့်လေ သည်။

"ဘယ် ဘယ်လိုကိုကို"

"ဒီမှာ လှိုင်၊ သူတို့လင်မယားချင်း ဘာဖြစ်ဖြစ်၊ မသိသလို နေစမ်းပါကွာ"

"ဘုရားရေ"

ဒေါ်လှိုင်သစ္စာ ဘုရားသကာ ခင်ပွန်းသည်ကို မမြင်ဖူးသလို ပြူးကြောင်ကြောင် ကြည့်လေသည်။ ခင်ပွန်းသည်က ထိုင်နေရာမှ ထ



www.burmeseclassic.com

www.burmeseclassic.com



လာပြီး သူမပခုံးကို ခပ်တင်းတင်း ဆုပ်ကိုင်လျက် –

"လှိုင် မင်းလည်း ငယ်ရာက ကြီးလာတာပဲ၊ လင်မယားချင်း ပြောကြဆိုကြ၊ ရိုက်ကြပုတ်ကြတာက အနည်းနဲ့အများတော့ ရှိမှာပဲ၊ ဖြစ်တိုင်း မိဘက လိုက်ပါနေလို့မရဘူး၊ အခြေအနေကို စောင့်ကြည့်နေရုံပဲ"

"မဟုတ်သေးဘူး ကိုကိုရယ်၊ ခုဟာက ကိုကို့သားလွန်တာ လှိုင်သိတယ်"

"နေစမ်းပါဦး လှိုင်၊ သားလွန်တယ်လို့ တစ်ဖက်သတ် ဘာလို့ စွပ်စွဲနေတာလဲ"

ဒေါ်လှိုင်သစ္စာ ဆွံ့ဆွံ့အအ ဖြစ်ချင်သွားသည်။ သူမပခုံးထက်က လက်ကို ပြန်ရုပ်ကာ သူမမေးဖျားကို ဆွဲယူပြီး မျက်နှာကို တည့်တည့် စိုက်ကြည့်၏။

"ပြောလေ လှိုင်"

"လှိုင် လှိုင်က မှန်းတတ်ပါတယ်"

"ဟင့် ဟင့် ဟင့်"

ခနဲ့သဲ့သဲ့ ရယ်ချလိုက်တဲ့ ခင်ပွန်းသည်အသံက သူမရဲ့ ခံပြင်းစိတ်ကို ထိုးဆွသလိုပင်။

"လှိုင် လှိုင်၊ မင်းကိုပြောရင် မင်း ဆတ်ဆတ်ခါနာဦးမယ်၊ မျက်ရည်လေး ကျလာဦးမယ်၊ မပြောပြန်ရင်လည်း မင်းက ဒါပဲ





ဘာလဲလဲ ပြောပြီး နားပူနားဆာ လုပ်နေဦးမယ်၊ ကိုကိုသိတယ်၊ မင်း ကိုကို့သားကို မချစ်ပါဘူး"

"ဘာ ဘာပြောတယ် ကိုကို"

"မင်းမှာ မိခင်စိတ်မရှိဘူး လှိုင်"

"ဘာ ဘာရယ်"

"မင်းမှာ မိခင်စိတ်မရှိဘူးကွ၊ ရှင်းရဲ့လား၊ သားအပေါ် မင်း အမြဲတမ်း ရမယ်ရှာနေတဲ့ မိန်းမ"

လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောနေတဲ့ ခင်ပွန်းသည်ကို ဒေါ်လှိုင်သစ္စာ ချောက်ချောက်ချားချား ကြည့်မိသွား၏။

ရင်ထဲမှာလည်း ကိုကို့စကားလုံးတွေ ပွဲတင်ထပ်ကာ။

မိခင်စိတ် မရှိဘူးတဲ့။

"ဒါ ဒါဆို လှိုင့်ကို မိထွေးလို့ ပြောလိုက်တာပေါ့၊ ဟုတ်လား ကိုကို၊ သားအပေါ် မိထွေးပီပီ ရမယ်ရှာနေတယ်လို့ စွပ်စွဲတာလား၊ ပြောစမ်းပါ ကိုကို၊ လှိုင့်ကို ပြောစမ်းပါ"

"မင်းကိုယ်မင်း သိနေရင် ပြီးတာပဲလှိုင်"

"ဘုရားရေ၊ ပြောရက်လိုက်တာကွယ်၊ ပြောရက်လိုက်တာ"

ထိုစကားတွေနောက်မှာ ဒေါ်လှိုင်သစ္စာ အသည်းနှလုံးထဲက မျက်ရည်တွေ ယိုကျလာသည်။

ထိုမျက်ရည်တွေကို ဦးသုတမောင် အရေးမထားဘဲ ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာကို ပြောချ၏။

"ဒီမှာလှိုင်၊ သားနဲ့ပတ်သက်ရင် ကိုကိုက သားရဲ့ဖအေရင်း အနေနဲ့ သားဘက်ကပဲ ရပ်တည်ရမယ်၊ ဘယ်သူ့ကိုမှလည်း သားလောက် မချစ်နိုင်ဘူး၊ အေး ဒီကိစ္စမှာ သားဘက်က လွန်သည်ဖြစ်စေ, မလွန် သည်ဖြစ်စေ လှိုင် ကြားဝင်ပြီး ပူညံ့ပူညံ့ မလုပ်ပါနဲ့၊ သား လွန်တယ်ဆိုရင် သမီးကိုယ်ဘိုင် ကိုကို့ကို လာတိုင်လိမ့်မယ်၊ ရှင်းတယ်နော်"

ဒေါ်လှိုင်သစ္စာ ဘာမှပြန်ပြောလို့မရအောင် ဦးသုတမောင် ပိတ် ပြောလိုက်သည်က ဘာကြောင့်မှန်း ဒေါ်လှိုင်သစ္စာ သဘောပေါက်လေ သည်။

"သမီးကတော် သူ့ဘာသာသူ ကျေနပ်လို့ နှုတ်ဆိတ်နေတာကို လှိုင်က ဟိုစပ်စပ် ဒီစပ်စပ် လိုက်ပါနေတာ ကိုကိုအံ့ဩတယ်၊ အဲလို လိုက်ပါနေတာက သား စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတာနဲ့ အတူတူပဲ၊ သား စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့ လှိုင်"

တင်းတင်းပြတ်ပြတ် သတိပေးသလို ပြောတဲ့နောက်မှာ ဒေါ် လှိုင်သစ္စာ စိတ်အထိနိုက်ကြီး ထိနိုက်သွားလေသည်။

"ကိုကို့ဘဝမှာ အရေးကြီးဆုံးက သားပဲ၊ တခြား ဘာမှ သားလောက်အရေးမပါဘူးကွ"

"သားတဲ့လား ကိုကိုရယ်၊ ဟင့် ဟင့် ဟင့်"

ဒေါ်လှိုင်သစ္စာ ယူကျုံးမရ ငိုကြွေးရင်း ခင်ပွန်းသည်ရှေ့က





အရှက်သည်းစွာ ရှောင်ထွက်ခဲ့လေသည်။

ကိုကို့ဘဝမှာ အရေးကြီးဆုံးက သားတဲ့။

ဒီလိုမှန်း အစကတည်းက ကြိုသိရင် –

"တော်ပါတော့ ကိုကိုရယ်၊ လှိုင့်အသည်းတွေ ကွဲရပါပြီ၊ ကိုကို က လှိုင့်အပေါ် အခုချိန်ထိ သားလိုပဲ အပြစ်မြင်နေတာ လှိုင် အခံစားရ ဆုံးပါပဲ"

✿ ✿ ✿

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အဆင့်သင့်ပြင်ထားတဲ့ ထမင်းစားပွဲကိုကြည့်ရင်း နှစ်နှစ် ရင်ထဲမှာ ထိထိခိုက်ခိုက် ခံစားရလေသည်။

အန်တီလှိုင့်မျက်နှာလေးကို မြင်ယောင်လေ ပိုပြီးခံစားရလေ။

ပြီးတော့ မိထွေးတဲ့။

ဘုရားရေ။ အန်တီလှိုင်က သူ့မိထွေးလား။ မေမေတို့ပြောတုန်းကတော့ ဒီလိုမဟုတ်ပါဘူး။

"သမီးအန်တီလှိုင်နဲ့အန်ကယ်က အင်္ဂလန်မှာ အလုပ်သွားလုပ်ရင်း ညားကြတာလေ၊ ဖယားသစ်လေး ဆယ်နှစ်အရွယ်ရောက်မှ ဒီကိုပြန်လာကြတာ သမီးရဲ့"

အခု အန်တီနဲ့အန်ကယ် စကားများနေကြတဲ့အထဲမှာ မိခင်





စိတ် မရှိတာတွေ၊ မိထွေးသဘောသက်ရောက်တာတွေ ပါနေတာ ဘာကြောင့်ပါလိမ့်။

သူက အန်တီလှိုင့်အပေါ် ပြဿနာရှာနေတာ တကယ်ပဲ အန်တီလှိုင်က မိထွေးဖြစ်နေလို့လား။ မိထွေးဖြစ်တာ သေချာရင် သူက အန်တီလှိုင့်ကို မာမီခေါ်မတဲ့လား။

အန်တီလှိုင်ကရော သူ့အပေါ် အဲသလောက် အရိပ်တကြည့်ကြည့် ရှိနေမလား။

ပဟေဠိဆန်နေတဲ့ သူတို့မိသားစုသုံးဦးကြားမှာ နှစ်နှစ်က ကြားက ဓားစာခံဖြစ်နေတာများလားကွယ်။

သူနဲ့သူ့ဒယ်ဒီက အန်တီလှိုင့်အပေါ် ချစ်ခင်စိတ်အပြည့် မရှိသလို နှစ်နှစ်အပေါ်လည်း ထိုနည်းလည်းကောင်းဖြစ်နေတာလား။

နှစ်နှစ်ဘက်က ဝင်ပြောတဲ့အန်တီလှိုင့်အပေါ် အန်ကယ်ရဲ့ ဆက်ဆံမှုက သူ့လိုပင်။

နှစ်နှစ်ကိုဆက်ဆံသလို တစ်ဖက်သတ်ဆန်နေတဲ့အဖြစ်။ ဘာကြောင့် ထိုသားအဖ အဲလိုဖြစ်နေရတာလဲကွယ်။

စဉ်းစားမိလေ အန်တီလှိုင့်ကို သနားမိလေ။

ပြီးတော့ နှစ်နှစ်ကိုယ်နှစ်နှစ် သနားလေ။

သူပြောလိုက်တဲ့စကားလုံးနဲ့ သူ့အမူအရာတွေ။ ဟင့်အင်း နှစ်နှစ် သူ့အရိပ်အောက်မှာ မနေပါရစေနဲ့။ နှစ်နှစ်ထမင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း မစားတော့ပါ။ ထမင်းပွဲလေး သိမ်းဆည်းကာ မေမေတို့ဆီ ပြန်သွားဖို့ ဆုံးဖြတ်လိုက်သည်။

အန်ကယ်နဲ့အန်တီ မရိပ်မိအောင် သူ ခြံဝင်းထဲက ထွက်သွားဖို့ဖြစ်သည်။ ခြံစောင့်ဦးလေးကို သော့ဖွင့်ခိုင်းတော့မှ ပြဿနာက စသည်။

''သမီး ဘယ်သွားဖို့လဲ''

ခြံစောင့်ဦးလေးကြီး စေ့စေ့စပ်စပ် မေးသည်။

''မေမေတို့ဆီ သွားမလို့ပါ''

နှစ်နှစ် ကြန့်ကြန့်ရရ ဖြေလိုက်ပေမယ့် ဦးလေးကြီးက –

''မောင်ဇ လာမှ သွားပါလားသမီးရယ်''

''သူလာတဲ့အထိ နှစ်နှစ်မစောင့်ချင်ဘူး''

''အဲဒါဆိုလည်း ဦးလေး ခြံမဖွင့်ပေးရဲဘူး သမီး''

''နှစ်နှစ်ဘာသာ ဖွင့်ပြီးသွားမယ်၊ ဦးလေး ခြံသော့သာပေး''

''ဦးလေးမှာလည်း ခြံသော့မရှိဘူး၊ သော့က မောင်ဇေယျ ဆီမှာ၊ သမီးလိုချင်ရင် မောင်ဇေယျဒီဆီက သွားယူမှဖြစ်မယ်''

''ကျွတ်''

နှစ်နှစ်ရင်ထဲမှာ မခံချိမခံသာ ဖြစ်သွားသည်၊ ဆိုးဆိုးဆတ်ဆတ်နဲ့ အန်ကယ့်ဆီထွက်ခဲ့ပြီးမှ တိုက်ထဲ လှမ်းမဝင်ရဲ။

အန်ကယ်က သူ့စိတ်သူ့သဘောကို အလေးထားသူ မဟုတ်လား။ သော့သွားတောင်းတာနဲ့ အန်ကယ်က မေးမြန်းတော့မှာလေ။





ဒါတင်မက မသွားရဘူးလို့ ပိတ်ပင်ရင်လည်း ခံရဦးမယ်။

နှစ်နှစ် ဘယ်လိုလုပ်ရပါ့မလဲ။

သူ့ဘဝထဲကရုန်းထွက်ချင်တဲ့ နှစ်နှစ်စိတ်ဟာ ခုချိန်မှာ တောင်ပံရှိတဲ့ လိပ်ပြာလေးတစ်ကောင်ရှိရင် အကောင်းဆုံးပဲ။ ဟောဟိုတံတိုင်းကြီးအပြင်ဘက်ရောက်အောင် ပျံသွားမှာလေ။

ခုတော့ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"မဟုတ်တာဘဲ သမီးရယ်"

"ဟုတ်တယ် မေမေရဲ့၊ အန်ကယ်နဲ့ အန်တီလှိုင် စကားများ ရင်း ပြောနေကြတဲ့အထဲမှာ မိထွေးဆိုတဲ့စကားလုံးတွေ ပါနေတယ်"

"အို အေ လင်မယားရန်ဖြစ်ကြရင် ဒီလိုပဲကွဲ့၊ သူနဲ့ငါ အမြင် အဆိုင် ပြောဆိုကြတာမျိုးပါ၊ သမီး တလွဲမထင်ပါနဲ့၊ သူတို့သားအမိက မိသားစုအရင်းကြီးပါ၊ ဖယားသစ် စရိုက်ကြမ်းတာက မိဘအပေါ် အနိုင် ယူချင်တဲ့စိတ် သိပ်များနေလို့ပါကွယ်၊ လှိုင်ဆို သူ့သားကို ငုံ့ထားမတတ် ချစ်တာ သမီးရဲ့၊ ကဲ ကဲ ဒီအကြောင်းတွေ ဆက်မပြောနဲ့တော့၊ ဒါ မေမေ ဖုန်းချလိုက်မယ်"

စကားလေးပင် ဆုံးအောင်မပြောရသေး၊ မေမေ ဖုန်းချသွား





လေသည်။ နှစ်နှစ် ဘာမှ ပြောခွင့်မသာ။ ဝမ်းနည်းစွာပဲ ဖုန်းခွက်လေး ပြန်ချရတဲ့အဖြစ်။

နှစ်နှစ်ခမျာ စံအိမ်အပြင်ဘက် တစ်ဖဝါးမှ ခွာခွင့်မရပါ။ ပိုဆိုးသည်က ထွင်ထွင် ဖုန်းဆက်လာတာကို နှစ်နှစ်ကိုင်ခွင့်မရခဲ့။

"ထွင်ထွင် ဟုတ်လား၊ အေး နှစ်နှစ် မအားဘူး၊ ဒယ်ဒီနိုင်းထားတဲ့အလုပ်တွေ လုပ်နေရတယ်၊ ဒါပဲ"

ဆိုပြီး ဖုန်းချပစ်လိုက်တယ်လေ။ ဒီအထိတော့ နှစ်နှစ် သည်းမခံနိုင်တော့ပါ။

"ရှင် သိပ်တရားလွန်နေပြီ"

"ဘာလဲ၊ မတော်ရတဲ့ယောက်မနဲ့ အလွမ်းမသယ်ရလို့လား"

"ရှင် စကားပြောဆင်ခြင်စမ်းပါ ဖယားသစ်ရယ်၊ ထွင်ဆိုတာ နှစ်နှစ်ရဲ့သူငယ်ချင်း၊ နှစ်မှာ သူငယ်ချင်းနဲ့တောင် စကားပြောခွင့် မရှိတော့ဘူးလား"

"နေစမ်းပါဦး၊ သူငယ်ချင်းနဲ့စကားမပြောရတာနဲ့ ဆတ်ဆတ်ထိမခံ မင်းဖြစ်နေတာက တခြားစီဖြစ်နေပါလား အဝါနှစ်"

"ရှင်ထင်ချင်သလို ထင်နိုင်တယ်"

"မင်း ငါ့ကို ပြန်မပြောနဲ့၊ ငါက မပြောနဲ့ဆို မပြောနဲ့၊ မင်းပါးစပ် ပိတ်ပြီးနေလိုက်"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ် ပေါက်ကွဲကာ စားပွဲပေါ်က ကော်ဖီခွက်နဲ့ ကောက်ပေါက်လိုက်၏။ ဖြစ်ချင်ရာဖြစ်စေတော့။

"ခွမ်း ချလွမ်း"

သူကပဲ အရှောင်မြန်သလား နှစ်နှစ်လက်ဆပဲ လွဲသလား မသိပါ။ သူ့နောက်က နံရံမှာ ထိကာ ကော်ဖီခွက်ကျသွား၏။

"မင်း"

သူ့အင်္ကျီမှာ ပေကုန်တဲ့ကော်ဖီရည်တွေကို လက်တစ်ဖက်နဲ့ ခါပစ်ရင်း ကျန်လက်တစ်ဖက်က မြှောက်တက်သွား၏။

"သား"

ဒယ်ဒီ့ခေါ်သံကြောင့် သူ့လက်က လေထဲမှာ တန့်သွားသည်။

"ကဲ သွား။ သား သွားနားပေ့ာ"

အဖြစ်အပျက်ကို ကောင်းတယ်လည်းမပြော၊ ဆိုးတယ်လည်း မဆို။ အန်ကယ်က လေသံအေးအေးလေးနဲ့ပဲ သူ့ကို ထွက်သွားခိုင်းသည်။

လုပ်ချင်ရာလုပ်ခွင့်မရလိုက်တဲ့ သူ့စိတ်က ပိုလို့ပင် ပြင်းထန်ကာ။ နှစ်နှစ် အလုပ်လုပ်နေတဲ့ လက်တော့ပ်ကို လေထဲမှတန့်နေတဲ့ သူ့လက်နဲ့ နောက်ပြန်လွှဲရိုက်လျှင် လက်တော့ပ်က စားပွဲပေါ်က လွင့်ကျသွား၏။

"ဒုန်း"

ဦးသုတမောင် ကြမ်းခင်းပေါ်ကျနေတဲ့ လက်တော့ပ်ကိုပဲ ကြည့်





နေလိုက်သည်။

သူကတော့ လုပ်ချင်ရာလုပ်လို့မရပေမယ့် ရတာကိုလုပ်ပြီး ထွက်သွားလေသည်။

လက်တော့ပ်ကို နှစ်နှစ်ပဲ ပြန်ကောက်ယူပြီး စားပွဲပေါ်တင်ပြီး

"နှစ်နှစ်မှားသွားတယ်ဆိုရင် တောင်းပန်ပါတယ်အန်ကယ်"

"ရတယ်၊ သမီးမမှားဘူး၊ ကဲ သွား၊ သမီးလည်း နားတော့"

နှစ်နှစ် ခေါင်းလေးငုံ့ကာ အလုပ်ခန်းထဲက နှေးကွေးစွာ ထွက်လာလျှင် –

"နေဦး သမီး"

အန်ကယ် ဟန့်တားသလိုပြောတော့ နှစ်နှစ်ခြေလှမ်းတွေ တန့်သွားသည်။ အန်ကယ်က အံဆွဲထဲက လက်ကိုင်ဖုန်းတစ်လုံးနှိုက်ယူပြီး –

"ရော့၊ ဒယ်ဒီ့ဖုန်းတစ်လုံး သမီးယူသွား၊ သမီးသူငယ်ချင်းနဲ့ စကားပြောလို့ရအောင်"

"နေပါစေ အန်ကယ်"

အန်ကယ်ကမ်းပေးနေတဲ့ လက်ကိုင်ဖုန်းကို နှစ်နှစ် လှမ်းမယူ။ ပြီးထွက်လာတဲ့ မျက်ရည်စလေးကို မသိမသာသုတ်ရင်း လှည့်ထွက်ခဲ့သည်။

ဒေါ်လှိုင်သစ္စာ ခင်ပွန်းသည်ကိုတစ်လှည့်၊ သားနဲ့ချွေးမလောင်းကိုတစ်လှည့်ကြည့်ရင်း ခေါင်းနောက်အနာကျသူလို ညှိုးငယ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်မပြောဖြစ်တော့ပါ။ ပြောမိတာနဲ့ ခင်ပွန်းသည်က မိခင်စိတ် မရှိဘူးလို့ စွပ်စွဲဦးမယ်လေ။

ဖြစ်လာတဲ့အတိုင်း ကြည့်နေရုံပေါ့။ ဘာတတ်နိုင်မလဲ။

✿ ✿ ✿



## အခန်း (၂၂)

"သမီး ဒေါ်လေးဆီလာဖို့ စိတ်ကူးရှိသေးလား"

ဒေါ်လေးမေးခွန်းကို နှစ်နှစ် မဖြေနိုင်။ ဆွံ့အသလို ငြိမ်နေမိသည်။

"ဒေါ်လေးနားလည်ပါတယ်ကွယ်၊ သမီးမိဘ စီစဉ်တာ သမီး နောင်ရေးကောင်းဖို့ပဲလေ၊ မဟုတ်ဘူးလား၊ ဟဲ့ စကားလေး ဘာလေး ပြန်ပြောပါဦး"

နှစ်နှစ် ဖုန်းကိုင်ထားလျက်နဲ့ ဘာ မှ ပြန်မပြောမိ။ တစ်ဖက်က ဒေါ်လေးပဲ တောက်လျှောက်ပြောနေကာ။ နှစ်နှစ်အသံ ထွက်မလာတော့ ဒေါ်လေး အားမလိုအားမရ ဖြစ်ရ၏။

"မိနှစ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှ ရှင် ဒေါ်လေး"

"အံ့မယ်၊ ယောက်ျားရတာနဲ့ ဒေါ်လေးနဲ့တောင် စကားမပြောချင်တော့ဘူး၊ အဲလိုလား"

"မ မဟုတ်ရပါဘူး ဒေါ်လေးရယ်၊ နှစ်နှစ်က ဒေါ်လေးဆီ ပြန်လာမလို့ပဲ၊ အခြေအနေမပေးတာနဲ့"

"အေးပါ၊ အခြေအနေပေးတဲ့အခါ လာခဲ့မှပေါ့အေ၊ ညည်း ယောက်ျားကိုလည်း ဒေါ်လေး မြင်ဖူးတယ်ရှိအောင်ပေါ့၊ သူများအိမ်မှာ နေတာ အစစအရာရာ ဂရုစိုက်နေပါကွယ် နော်"

"ဟုတ်"

နှစ်နှစ် စိတ်မပါစွာ ပြန်ပြောလိုက်ရသည်။

"ကဲ ကဲ ဒေါ်လေးလည်း ရိပ်သာကိစ္စလေးတွေ လုပ်စရာရှိ သေးတယ်ကွဲ့၊ သမီးလေးအတွက် ဒေါ်လေးလည်း စိတ်အေးရပါပြီကွယ်၊ နောက်ဆို သမီးကိုမခွဲနိုင်တဲ့ သံယောဇဉ်နဲ့ တရားအလုပ်ကို ဖြောင့်ဖြောင့် မလုပ်နိုင်ဘူး၊ ခုတော့ ဒေါ်လေး စိတ်ပြတ်နိုင်ပြီပေါ့ဘာပဲ"

"ဒေါ်လေးရယ်"

နှစ်နှစ် ငိုချလိုက်မိသည်။

"ဟဲ့ ငိုနေတာလား၊ ဒီကလေးမနဲ့တော့ ခက်တော့တာပဲ၊ တော် ပြီ၊ ငိုမနေနဲ့၊ ဒေါ်လေး ဖုန်းချလိုက်တော့မယ်"

နှစ်နှစ်ငိုသံကြောင့် ဒေါ်လေး ဦးစွာဖုန်းချသွားလေသည်။





ဒေါ်လေး ဖုန်းချသွားပေမယ့် နှစ်နှစ်ငိုနေဆဲ။ ငိုပါရစေ ဒေါ်လေးရယ်။

နှစ်နှစ်ရင်ထဲမှာ ခံစားရသမျှကို မျက်ရည်အဖြစ် ပြောင်းလဲပါရစေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဟိတ်"

နှစ်နှစ် လက်မောင်းကို ဖျတ်ခနဲ အရိုက်ခံလိုက်ရကာကြော

နှစ်နှစ် ဆတ်ခနဲဖြစ်ကာ ခေါင်းလေးထောင်ကြွသွားပြီး –

"ဘာ ဘာလဲ"

မေးရင်း မော့ကြည့်လိုက်တော့ သူ။

"ဘာလဲ ထပ်မမေးနဲ့၊ ဘယ်မှာအိပ်နေပြန်တာလဲ၊ မင်း"

သူပြောမှ နှစ်နှစ် သတိရလာသည်။ နှစ်နှစ် ခြံထဲမှာ ဆင်းထိုင်

နေတာ ညဦးကတည်းက။ ဟိုတွေးဒီတွေးနဲ့ မျက်နှာလေးကို ဒူးပေါ်တင်

ထားလျက်နဲ့ အိပ်ပျော်သွားတဲ့အဖြစ်။

"မင်းမှာ အိပ်ရာမရှိဘူးလား"





နှစ်နှစ် သက်မလေးချကာ နူတ်ခမ်းကို တင်းအောင် စေ့ထား

လိုက်သည်။

ပြန်ပြောလိုက်ရင် ခုတစ်ခါ ပြဿနာက တက်လာဦးမယ်။

ပြဿနာတက်တာနဲ့ သူ့လက်က ပါလာဦးမယ်။

"တိုက်ထဲဝင်တော့၊ ဟိုမှာ ဒယ်ဒီကြည့်နေတယ်"

သူ ဒါပဲပြောပြီး လှည့်ပြန်သွားသည်။ နှစ်နှစ် မသိမသာငဲ့ကြည့်

တော့ ဟုတ်ပါပေသည်။ အန်ကယ်က တိုက်ဘေးဘက် နားနေဆောင်က

နေ အခြေအနေကို စောင့်ကြည့်နေတယ်လေ။

နှစ်နှစ် ထိုင်နေရာမှ ချက်ချင်း ထရလေသည်။ နှစ်နှစ်ကြောင့်

အန်ကယ်တို့ကို စိတ်အနှောင့်အယှက် ပေးမဖြစ်စေချင်ပါ။

အသင့်ဖွင့်ထားတဲ့ သူ့စံအိမ်လေးထဲ တန်းဝင်မိပြီးမှ နှစ်နှစ်

ခြေလှမ်းက ဘယ်ဆီဝင်အိပ်ရမှန်း မသိစွာ။ ခြေလှမ်းက ဧည့်ခန်းအလယ်

မှာ တန့်သွားပြန်သည်။

နှစ်နှစ် မသိမသာ အကဲခတ်ကြည့်တော့ သူက အိပ်ခန်းထဲမှာ။

ထိုစဉ် –

"တီ တီ တီ"

ဧည့်ခန်းစားပွဲပေါ်တင်ထားတဲ့ သူ့လက်ကိုင်ဖုန်း မြည်လာသည်။

နှစ်နှစ် မကြားချင်ဟန်ပြုကာ တံခါးဆီသွားပြီး ပွင့်နေတဲ့ မှန်တံခါးကို

ပိတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တီ တီ တီ"

ဖုန်းက မကိုင်မချင်း မြည်နေဆဲ။

"ဖုန်းမြည်နေတာ မကြားဘူးလား၊ ယူလာပေးစမ်းပါ"

အခန်းထဲကနေ အမိန့်ပေးသလို သူဆိုသည်။

တောက်၊ ကိုယ့် ဖုန်းမြည်တာ ကိုယ့်ဘာသာကိုယ် လာယူပေါ့။ လူကို အစေအပါးလိုလို ဘာလိုလိုနဲ့ ခိုင်းတာကို နှစ်နှစ် မကျေနပ်ချင်။

ဖုန်းကလည်း မကိုင်မချင်း မြည်နေဆဲမို့ မြည်နေတဲ့ဖုန်းကို လည်း နှစ်နှစ် မျက်စောင်းထိုးပစ်လိုက်သည်။

"ယူခဲ့လေကွာ"

သူ စိတ်မရှည်သလို အော်ပြောပြန်သည်။ မကျေနပ်စိတ်နဲ့ပဲ မြည်နေတဲ့ဖုန်းကို ကောက်ကိုင်ပြီး သူရှိနေတဲ့အိပ်ခန်း မဝင်ချင်ဝင်ချင်နဲ့ ဝင်သွားကာ –

"ရော့"

မြည်နေတဲ့ဖုန်းလေး ထိုးပေးလိုက်သည်။ ပေးပြန်တော့လည်း သူ မယူ။ ဝတ်ထားတဲ့တီရှပ်ကို အပြီးသတ်ချွတ်နေသေးသည်။ ရှေ့တင်မို့ မမြင်ချင်ပေမယ့်လည်း မြင်နေရတယ်။

သူ့ရင်အုံပေါ် သန်စွမ်းတဲ့ မွေးညင်းစိမ်းတွေ။ နှစ်နှစ် မျက်နှာလေး လွှဲထားမိသည်။ ချွတ်ပြီးတဲ့အင်္ကျီကို ခုတင်ဘောင်ပေါ် တိုးလိုးတွဲလောင်း တင်ပြီးမှ လက်ကိုင်ဖုန်း လှမ်းယူသည်။





သူ့လက်ကိုင်ဖုန်း ပေးပြီးပြီမို့ နှစ်နှစ် အခန်းထဲက ထွက်သွားဖို့ ပြင်တော့ သူက ဖုန်းထူးရင်း အခန်းတံခါးကို ဦးစွာ ပိတ်ပစ်လိုက်သည်။

တောက်။

နှစ်နှစ် အတော်တင်းသွားသည်။ ဒါသက်သက် နှစ်နှစ်ကို ချောင်ပိတ်လိုက်တာ။ ဖွတ်ထွက်ရ အခက်။ နေနေရတာလည်း စိတ်ကမလုံ။

ဘောင်းဘီတိုလေးနဲ့ အပေါ်ပိုင်းအင်္ကျီမရှိတဲ့ သူ့ပုံစံကို မကြည့်မိ။

နှစ်နှစ်စိတ်နဲ့နှစ်နှစ် ပျာယာနေမိသည်။

"အေး ကိုယ်လာခဲ့မယ်၊ စိတ်ညစ်နေတာကွ၊ နေရာကောင်းကောင်းလေး ရှာထား နယ်လီ"

ဖုန်းပြောနေတဲ့သူက တံခါးရှေ့က မခွာတော့ ပိုဆိုးသည်။ နှစ်နှစ် စိတ်မရှည်ချင်။ ဖြစ်နိုင်ရင် ဒီအခန်းထဲကနေ နံရံဖောက်ထွင်း ထွက်သွားခွင့် ရချင်ပါသည်။

"စိတ်ချပါ နယ်လီရယ်၊ ကိုယ်လာမှာပါ"

မိန်းမကို ရှေ့မှာထားပြီး တခြားမိန်းကလေးနဲ့ အချိန်းအချက် လုပ်နေတဲ့သူ။

နှစ်နှစ် နာကျင်စွာ အံကြိတ်လိုက်သည်။

သူ ဖုန်းပြောပြီးတာနဲ့ နှစ်နှစ် ဖွတ်ထွက်သွားဖို့ အခန်းတံခါး နားတိုးသွားလျှင် –



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ မင်းအိပ်ရာ၊ မြင်လား"

ပန်းနုရောင်ဖဲမွေ့ရာကြီးကို မေးထိုးပြရင်း သူပြောသည်က အခန်းထဲက ထွက်မသွားနဲ့လို့ သွယ်ဝိုက်ပြီး အမိန့်ပေးနေသလို။

"နှစ်နှစ် ရေအိမ်သွားမလို့"

ဒီအခန်းထဲကထွက်ဖို့ရရင် ပြီးရော။ နှစ်နှစ်အကြောင်းပြချက် ကောင်းကောင်းလေး ရာပြီးပြောလိုက်တော့ သူ လုပ်ရယ်ရယ်ပြီး –

"ရေအိမ်နဲ့ရေချိုးခန်းက ခြေရင်းက အခန်းပဲ၊ သွားလေ"

နှစ်နှစ် ဂိုပြီးခံခက်သလို ဖြစ်လေသည်။ အကြောင်းပြခါမှ ပိုပြီး ချောင်ပိတ်ခံရသလို ဖြစ်ချေပြီ။

နှစ်နှစ် တောင့်တောင့်လေးရပ်နေလိုက်တော့ သူ ရွှဲသလို ထပ်ပြောသည်။

"မသွားဘူးလား"

နှစ်နှစ် ဘာပြန်ပြောရကောင်းမှန်း မသိတော့ပါ။

"မသွားချင်ရင် အိပ်တော့"

ဒါပဲပြောပြီး သူ့ကိုယ်ကို မွေ့ရာပေါ် လှဲချလိုက်သည်။ ပြီးတော့ အခန်းမီးခလုတ်ကိုပါ ပိတ်ချ၏။

"အို"

ရုတ်တရက် အခန်းကြီးမှောင်ကျသွားစဉ် နှစ်နှစ် မျက်လုံးတွေ လည်း ပြာမှောင်သွားသည်။





အိပ်မက်ထဲမှာတော့ နှစ်နှစ်လက်ချောင်းလေးများက သူ့ရင်အုံပေါ်က ညက်ညောသော မွေးညင်းရှည်များကို တယုတယ ဆော့ကစားလို့ နေသည်။ လက်တွေ့မှာတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

မနက်ခင်းက အေးစိမ့်စိမ့်နှဲ့၊ အအေးသက်သာအောင် အပြင်မ် အင်္ကျီလေး ဝတ်ထားမှ အအေးသက်သာပေမည်။

သို့သော်လည်း ဝတ်ချင်စိတ် မရှိပါ။ အပြင်ပတ်ဝန်းကျင်က အေးစိမ့်နေပေမယ့် နှစ်နှစ်ကိုယ်ထဲမှာ ပူရှရှရယ်။

နေရတာတစ်မျိုးကြီး။

ဝမ်းနည်းသလိုလို၊ ယူကျုံးမရ ဖြစ်သလိုလိုနှင့်။

''သမီး''

အန်တီလှိုင့်ခေါ်သံ ရုတ်တရက် ထွက်ပေါ်လာတော့ နှစ်နှ စိတ်နဲ့ နှစ်နှစ် မလုံမလဲဖြစ်ကာ။

တိုက်နှစ်လုံးကြား နှင်းဆီပန်းအိုးတွေဘေးမှထိုင်ခုံမှာ ထို





နေမိတဲ့ နှစ်နှစ်ကိုယ်လေးကြွကာ ထိုင်ရာမှထဖို့ ပြင်သည်။

''ထိုင် ထိုင်လေသမီး၊ သမီး ပျင်းနေတာလား''

နှစ်နှစ် ခေါင်းလေးအသာရမ်း၏။ ဒေါ်လှိုင်သစ္စာက ချွေးမချော ကို ကြည်လင်စွာပြုံးကြည့်လေပြီး။

သူမလေးအပါး ကပ်လျက်ထိုင်ချသည်။

ပြီးတော့ သူမဆံပင်လေးကို တယုတယသသ,ကာ ရှက်သွေးလေး ကြာနေတဲ့ သူမလေးကို နားလည်စိတ်အပြည့်နဲ့ မြတ်မြတ်နိုးနိုး ကြည့် ၏။

''သမီး ဝမ်းနည်းနေတာလား''

အန်တီလှိုင်က ကြုံသိသလိုနှင့် မေးလျှင် နှစ်နှစ်မျက်နှာလေး က ရှက်ရောင်စဥ်တို့ လက်ဖြာသွားပြန်သည်။

မျက်နှာလေးကိုလည်း တစ်ပါတည်း လွှဲ၏။

''သမီးရယ် ဒါ ဝမ်းနည်းစရာမှ မဟုတ်တာကွယ်၊ အိမ်ထောင် ကျသွားရင် မာမီတို့မိန်းမတွေ မလွှဲမသွေပေးဆပ်ရမယ့် အိမ်ထောင်ရေး တာဝန်မှုတစ်ခုပဲလေ၊ ဒါကိုတွေးပြီး ဝမ်းနည်းနေရင် သမီးလေးပဲ စိတ်နှလုံး ထိခိုက်ပါလိမ့်မယ်၊ ဒါက ရှောင်လွှဲလို့မရတဲ့ကိစ္စပဲ သမီးရဲ့''

အန်တီလှိုင် ချော့မော့ပြောဆိုနေခါမှ နှစ်နှစ် ပို၍ဝမ်းနည်းလာ သည်။

''လင်ရယ် မယားရယ်လို့ ဖြစ်လာရင် အဓိကကျတဲ့ ...ကြီး



www.burmeseclassic.com

www.burmeseclassic.com



က အိမ်ထောင်ရေးသာယာမှုပဲ၊ အဲဒီသာယာမှုအတွက် သမီးဘက်က ပေးဆပ်ရမှာပဲ၊ ဒါမှလည်း သားရဲ့ မာကျောနေတဲ့စိတ်နှလုံးသားနဲ့ အရိုင်းဆန်တဲ့စိတ်တွေ တဖြည်းဖြည်း လျော့ကျသွားမှာလေ''

ဟင့်အင်း။

နှစ်နှစ် မလိုလားစွာ ခေါင်းတစ်ချက်ရမ်းလျှင် မျက်ရည်တစ်စ လွင့်ကျလေသည်။

အိမ်ထောင်ရေးသာယာမှုတဲ့။ ဘာသာယာမှုလဲ။

လူကို အတင်းကာရော အိပ်ရာပေါ်ဆွဲချပြီးတော့။

တော်ပြီ မစဉ်းစားတော့ဘူး။ ရှန်းလေ မြုပ်လေဆိုတဲ့ စကားလုံးလေးလိုပဲ။

နှစ်နှစ် ဘာမှမတတ်နိုင်ခဲ့။

သူ့အလိုနောက် လိုက်ပါသွားရတဲ့ အဖြစ်။ ဝမ်းနည်းတာပဲ သိတယ်။ ထိထိရှရှ ခံစားရတာပဲ ရင်မှာ တိုးဝင်နေကာ။

စိတ်က ဖြေဖျောက်လို့မရသလို ခံစားနေရသည်။ ဒါကြောင့် သူ့ရင်ငွေ့နဲ့ ဝေးရင်ပြီးရော။ သူ မနိုးခင် အိပ်ရာထဲက ထထွက်ကာ တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ် လာထိုင်နေခြင်း။

အန်တီလှိုင်က ဘယ်လိုမြင်သွားသည် မသိပါ။

အနားမှာ လာထိုင်ပြီး နှစ်သိမ့်ပေးရုံသာမက ဖျောင်းဖျနေတာလေ။





''သမီးဘက်ကလည်း စိတ်ကိုကြည်လင်အောင်ထား၊ ဟုတ်လား သမီး''

''အိုး မထားနိုင်ပါဘူး''

နှစ်နှစ်ရင်ထဲမှာ ပေါက်ကွဲစွာ အော်ဟစ်လိုက်မိသည်။ သို့သော် အသံကထွက်မလာ။ လည်မျိုမှာ အစ်ဆို့လျက်။ စကားလုံးတွေအစား မျက်ရည်တွေပဲ အလုံးလိုက် ထွက်လာသည်။

''သမီးရယ် ဒါ ငိုစရာလားကွယ်၊ တိတ် တိတ်''

နှစ်နှစ်မျက်ရည်တွေကို တယုတယသုတ်ပေးရင်း ချော့ပြန်သည်။

''အစအဦးမို့ပါ သမီးရယ်၊ နောက်တော့ သမီးစိတ်မှာလည်း သာသာယာယာ ဖြစ်လာမှာပါ၊ အဲဒီကတစ်ဆင့် သံယောဇဉ်တွေ၊ မြတ်နိုးတာတွေနဲ့ သားကသမီးအပေါ် အရင်ကထက် လေးလေးနက်နက် ရှိလာမယ်လေ သမီးရဲ့၊ ဒါ ငိုနေစရာမှမဟုတ်တာ၊ မိသားစုဘဝရဲ့ အခြေခံက အဲဒီကစတာ သမီးရဲ့၊ သမီးလေးအပေါ် သား စိတ်ဝင်တစား ရှိနေတယ်ဆိုတာ ဝမ်းသာစရာပေါ့သမီးရဲ့၊ မဟုတ်ဘူးလား''

ပြောရက်လိုက်တာ အန်တီလှိုင်ရယ်။

စိတ်ဝင်တစားရှိနေတာတဲ့။ နှစ်နှစ်တော့ မယုံဘူး။ စိတ်ဝင်တစားရှိနေတာ မဟုတ်ဘူး။ သူ့စိတ်ထင်တိုင်း သောင်းကျန်းနေတာ။

''မာမီကတော့လေ သားနဲ့သမီးကို ပီပြင်တဲ့မိသားစုတစ်ခု ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေချင်တယ်၊ သားရဲ့ရင်သွေးလေးတွေနဲ့လည်း သားစိတ်ကို နူးညံ့လာအောင် ချွဲဆောင်ထားချင်တယ်၊ ဒါမှလည်း သားက မိဘနေရာက ဝင်ပြီးခံစားလို့ တတ်မှာလေ၊ မာမီပြောနေတာက သမီးကို ဖိအားပေးနေတာမဟုတ်ဘူးနော် သမီး၊ ဖြစ်သင့်တဲ့ဘဝပုံစံကို ပြောပြနေတာပါ''

မပြောပါနဲ့တော့ အန်တီရယ်။

''အန်တီ့ရည်ရွယ်နေတာက ရှင်းနေတာပဲ၊ သူ့ဆန္ဒတွေကို လိုက်လျော ပြီးရင် သူ့ရင်သွေးကို မွေး၊ ဒါပဲ မဟုတ်လား''

လို့ ပက်ခနဲ ပြန်ပြောလိုက်ချင်သည်။

မကောင်းကတ်လို့ မပြောဘဲနေကာ မျက်ရည်တွေပဲ သုတ်နေမိ၏။

''ကဲ သမီး အပြင်မှာအေးတယ်၊ အခန်းထဲမှာ သွားနေနော်''

''နှစ်နှစ် ဒီမှာပဲထိုင်နေပါရစေ အန်တီ''

''မဟုတ်တာဘဲ သမီးရယ်၊ တော်ကြာ သားနိုးလာတော့မှာလေ၊ သမီးကိုမမြင်ရင် သားစိတ်မှာ တင်းနေဦးမယ်၊ ထလေ သမီး''

နှစ်နှစ်ကို ဖွတ်အတင်းပဲ အန်တီလှိုင်က ထစေသည်။ နှစ်နှစ် ပေကာဝင်ပြီး ထိုင်နေချင်ပေမယ့် ထိုင်နေခွင့်မသာ။

သူ့စိတ်မှာ တင်းမနေစေဖို့ သူ့မာမီက သူ့ရင်ခွင်ထဲ နှစ်နှစ်ကို တွန်းပို့ပြန်သည်။

ဒီမိသားစုကြားမှာ နှစ်နှစ်က ဘာဖြစ်လို့ဖြစ်နေမှန်း မသိတော့ပါ။





တကာယ်ပါကွယ်။

အပြင်မှာတော့ မနက်ခင်းလေပြည်ညင်းက အေးနေဆဲ။

သူ့ရင်ခွင်ကတော့ အေးသောလေပြည်ညင်းနဲ့ ဆန့်ကျင်စွာ။ မွှေးပူစွာ လှိုက်ဖိုလှုပ်ခတ်နေတဲ့အဖြစ်။

အိမ်ထောင်ရေးခံစားမှုက အဲသလိုပဲလား ကွယ်တို့ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"အမေ့"

အခန်းထဲ ခြေချရုံရှိသေးတယ်၊ မီးတောက်လို ရဲနေတဲ့ သူ့မျက်ဝန်းနဲ့ စိုက်ကြည့်တာဆိုလျှင် နှစ်နှစ် လန့်ဖျပ်သွားသည်။

ဘုရားရေ၊ သူကြည့်နေပုံက နှစ်နှစ်ဟာ ကြီးမားတဲ့အပြစ်ကြီးတစ်ခု ကျူးလွန်ထားသလို၊ လက်နှစ်ဖက် ခါးထောက်ပြီး စူးစူးရဲရဲကြည့်နေပုံက ကျောချမ်းစရာကြီး။

ခုတစ်လော သူ့စိတ်က ဘာဖြစ်နေသည်မသိပါ။ အန်တီတို့ရှိရင် နှစ်နှစ် အတူရှိနေတာမြင်တိုင်း ဒီလိုအကြည့်မျိုးနဲ့ နှစ်နှစ်ကို စိုက်ကြည့်တတ်သည်လေ။

ဒီတစ်ခါကြည့်တာက အစူးရဲဆုံးပဲ။





"လာလေ၊ ရှေ့တိုးလာစမ်းပါ"

"ဘာ ဘာခိုင်းမလို့လဲ"

နှစ်နှစ် ဣန္ဒြေမပျက်အောင် ထိန်းရင်းမေးလိုက်မိသည်။

"ပြန်မမေးနဲ့၊ လာလို့ပြောရင် လာခဲ့"

ကျွတ်၊ နှစ်နှစ် စိတ်မကြည်လင်စွာ၊ လက်ချောင်းလေးတွေကို ဆုပ်ထွေးရင်း အားပြုကာ ခြေလှမ်းလေး ရှေ့တိုးခဲ့ရသည်။

ထိုအခါ သူ စိတ်မရှည်နိုင်စွာ နှစ်နှစ်လက်မောင်းနှစ်ဖက်ကို ဆွဲယူလှုပ်ခါပြီး -

"မင်းကို မာမီ ဘာတွေသင်ပေးလိုက်လဲ"

"ဘာမှမသင်ပါဘူး"

"ဘာ"

နှစ်နှစ် ကိုယ်လေးပင် တုန်ခါသွား၏၊ သူ့အသံကြီးကလည်း ဟုန်းခနဲ ခုန်ထွက်လာသောကြောင့် -

"တကယ်ပါ၊ ဘာမှမသင်ပါဘူး"

"မင်း ငါ့ကိုမညာနဲ့၊ မင်းတို့နှုတ်ခမ်းတွေ လှုပ်နေတာက ဘာစကားလုံးတွေ ထွက်လာသလဲဆိုတာ ငါ ခန့်မှန်းလို့ရတယ်ကွ၊ ငါ့ကို ဟိုလို့ အအ မထင်နဲ့"

သူ့စကားလုံးတွေနဲ့ သူ့အကြည့်ကို နှစ်နှစ် စိတ်မလုံခြုံစွာ ရှောင်လွှဲ၏၊ ဆုပ်ကိုင်လှုပ်ခါခံရလို့ နှစ်နှစ် လက်မောင်းနှစ်ဖက် သွေး

www.burmeseclassic.com

www.burmeseclassic.com



ရောင်ရဲကာ စပ်ဖျဉ်းဖျဉ်းဖြစ်လျက်။

''ဖယ်ပါ''

ပြောရင်း သူ့လက်တွေကို လက်မောင်းပေါ်က ဖယ်ချမိသည်။ သူ ချက်ချင်းမဖယ်သေး။

''ပြောလေ၊ မင်းကို ဘာသင်ပေးလိုက်လဲ''

သူက သိချင်တာကို ဖွတ်မေး၏။

''ရှင် ရိပ်မိနေရင် ပြီးတာပါပဲ''

''ဘာကွ''

''ဟုတ်တယ်၊ ရှင် ထင်သလိုပဲ''

''တောက်''

နှစ်နှစ် လက်မောင်းနှစ်ဖက်ကို သူ ဆောင့်၍လွှတ်ချလေသည်။ ထိုအခါ နှစ်နှစ်ကိုယ်လေး ယိုင်သွား၏။ ထိုအခါ ခုတင်ခြေရင်းတိုင်ကို လှမ်းကိုင်ရင်း ထိန်းလိုက်ရသည်။

တောက်ခတ်လိုက်တဲ့နောက်မှာ သူ မျက်နှာကြီး ခံပြင်းစိတ်ရဲ တင်းပြောင်မှောင်မည်းသွား၏။

''သူသင်ပေးတိုင်း မင်း နာခံစရာမလိုဘူး၊ ငါလည်း ခွင့်မပြု ဘူး၊ မင်းကိုလည်း ငါ ကြိုပြောထားမယ်၊ မင်းဘက်က မင်းကာကွယ်ထား ကိုယ်ဝန်ရှိသွားလို့ကတော့ မင်းနဲ့ငါ အတွေ့ပဲ''

နှစ်နှစ်ရင်မှာ တဒိုင်းဒိုင်းခုန်ကာ မျက်လုံးတွေ ပြာဝေသွား





မတတ် ဖြစ်လေသည်။

ခုတင်တိုင်ကို အားပြုဆုပ်ကိုင်ရင်း မျက်လုံးစုံမှိတ်ကာ ငြိမ် သက်နေမိသည်က အတန်ကြာ။

သူ ခြေလှမ်းကျဲနဲ့ ထွက်သွားတာ နှစ်နှစ်သိလိုက်ပေမယ့် မျက်လုံးဖွင့်မကြည့်ပါ။ အန်တီလှိုင်က တစ်မျိုး၊ သူက တစ်မျိုး၊ ကြားထဲ မှာ နှစ်နှစ် ဘယ်လိုနေရမလဲ။ ပြီးတော့ သူ့ဒယ်ဒီ။

ဖေဖေနဲ့မေမေတို့ လာလည်ကြတော့ အန်ကယ်က ပြုံးပြုံး ပြုံးပြုံးနဲ့ ကျေနပ်အားရပြောသည်က နားထဲကမထွက်။

''သားအချစ် မြေးအနှစ်တဲ့၊ ရှေ့လူကြီးတွေပြောတဲ့စကား သိပ် မှန်တယ် ကိုရှင်းသန့်''

''ဘာဖြစ်လို့''

''သားကိုမွေးတုန်းက ကိုယ်ပျော်တာတစ်မျိုး၊ သားက မွေးလာ မယ့် မြေးကို မျှော်ရတာက ပိုပြီးနက်နက်နဲနဲ ဖြစ်နေသလိုပဲ၊ ဒါကြောင့် ရှေးလူကြီးတွေပြောတဲ့ အနှစ်ဆိုတာ မှန်သကွ''

''ဟုတ်တယ်ဗျ၊ ဘာပဲဖြစ်ဖြစ် အသက်အရွယ်က ရလာတော့ မြေးကို မျှော်လင့်ရတာလည်း ကြည်နူးချမ်းမြေ့စရာပဲ''

''အံမယ်၊ သူတို့တိုးအေတွေပဲ မြေးမျှော်နေဟယ် ထင်သလား မသိဘူး''

''ဟုတ်ပါ့ရှင် ဟုတ်ပါ့''



www.burmeseclassic.com

www.burmeseclassic.com



မေမေကပါ အန်တီလှိုင်ဝင်ပြောတာကို ထောက်ခံလေသည်။ ထိုအခါ နှစ်ဖက်မိဘတွေ သဘောတကျ ရယ်မောကြသည်က ကြည်နူး ချမ်းမြေ့စွာ။

နှစ်နှစ်မှာသာ မလုံမလဲနဲ့ ရှောင်ထွက်ခဲ့ရတဲ့အဖြစ်။ မေမေတို့ ပြန်သွားတော့ အန်တီလှိုင်က နှစ်နှစ်ကို ချော့ချော့မော့မော့နဲ့ ပြောရှာ သည်။

"မာမီတို့အားလုံးကတော့ မြေးဦးလေးကို မျှော်နေကြတာ သမီး ရဲ့၊ မြေးလေးမွေးရမှာမို့ သမီးလေး ကြောက်ရွံ့စိုးတွေ့၊ ဘာတွေ ဝ မနေပါနဲ့၊ အဲဒီကိစ္စ မာမီတို့တာဝန်ထား၊ မြေးလေးရရင် မာမီပဲ ထိန်းမှ သမီးရဲ့၊ ဒါကြောင့် တားတာတွေ ဆီးတာတွေ မလုပ်ပါနဲ့သမီးရယ် နော်၊ သမီးမှာ ရင်သွေးလေးရှိလာရင် သားက သမီးကို အရင်ကထက် ပိုချစ်မှာ၊ ပြီးတော့ အပျော်အပါးကိစ္စတွေလည်း သားဘက်က အလိုလို လျော့ပါးသွားမှာလေ၊ ဒါကြောင့် မြေးလေးတစ်ယောက်တော့ အရင်မွေး ပေးစမ်းပါ သမီးရယ်၊ မတားရဘူးနော်၊ နော် သမီး"

မတားရဘူးတဲ့၊ နှစ်နှစ်လည်း အဲဒီကိစ္စ ခေါင်းထဲထည့်မထားပါ။ တားရမယ် ဆီးရမယ်ဆိုတာလည်း မသိပါ။

လောလောဆယ် ခံစားနေရတာက သူ့ဆန္ဒကို ဖြည့်ဆည်းပေး ရလေခြင်းဆိုတဲ့စိတ်နဲ့ အားငယ်နေတာပဲ သိတယ်။

ခုတော့ သူက ရင့်ရင့်သီးသီး။





"ကိုယ်ဝန်ရှိသွားလို့ကတော့ မင်းနဲ့ငါ အတွေ့ပဲ" တဲ့။

နှစ်နှစ်ရင်ထဲမှာ နာကျင်ခံခက်စွာ ရယ်မောလိုက်ချင်ပေမယ့် မွန်းကျပ် အစ်ဆို့ကာ ရယ်မောသံတွေလည်း မထွက်နိုင်။

နှုတ်ခမ်းကို တင်းအောင်ကိုက်မိသလို မျက်ရည်တွေလည်း ပွတ်သုတ်မိသည်က သူ့အတွက်ကို ရွံရှာစွာ။ ကိုယ်ဝန်မရှိအောင်တဲ့။

ရတာပေ့ါ။ နေလို့ရတာပေ့ါ။ ကာကွယ်စရာ မလိုပါဘူး။ အတူ မနေရင် ပြီးတာပဲ။ ဟုတ်တယ်မဟုတ်လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

"ဟင်"

မီးပူတိုက်နေတဲ့အင်္ကျီပေါ် ဆေးကတ်တစ်ခု သူပစ်ချပေး၏။ နှစ်နှစ် နားမလည်စွာ သူ့ကိုမော့ကြည့်လိုက်သည်။

သူက အမူအရာမပျက်၊ ညအိပ်အင်္ကျီရှည်လဲဝတ်ရင်း ပြော၏။

"အဲဒါ တားဆေး၊ မင်းသောက်ဖို့"

အဝတ်ပေါ်က တားဆေးကတ်ကို နှစ်နှစ် ပြန်ငုံ့ကြည့်ရင်း မျက်နှာလေးကို မဲ့ထားလိုက်သည်။

ဆေးကတ်ကိုဖယ်ပြီး တိုက်လက်စအင်္ကျီကို မီးပူဆက်တိုက် လျက်။

"ရပါတယ်၊ ဆေးသောက်မှ မဟုတ်ပါဘူး"





"နေစမ်းပါဦး မင်းက"

"မပေါင်းကြရင် ပြီးတာပဲ"

"ဘာ၊ မင်း ဘာပြောတယ်"

ချက်ချင်း သူ့အနားရောက်လာပြီး နှစ်နှစ်မေးဖျားလေးကို ဆွဲယူပြီး မေးသည်။

နှစ်နှစ်လည်း အောင့်အီးမနေနိုင်တော့ပါ။ အားနာစိတ်လည်း ကုန်ခန်းနေတာမို့ –

"ဟုတ်တယ်လေ၊ အတူမနေကြရင် ပြီးတာပဲ"

"ရမတဲ့လား အဝါနှစ်ရယ်၊ ပြောစမ်းပါ"

နှစ်နှစ် မျက်နှာလွှဲထားလိုက်သည်။

"နေစမ်းပါဦး၊ မင်းက မာမီကြိုးဆွဲတိုင်း လိုက်ကနေရအောင် မင်းက မာမီရဲ့ ရုပ်သေးလား"

"အဲဒါတွေ ဘာတွေ နှစ်နှစ်မသိဘူး၊ နှစ်နှစ်သိတာက ကိုယ်ဝန် မရှိစေချင်ရင် မပေါင်းနဲ့၊ ဆေးတွေက မိန်းမတိုင်းနဲ့ တည့်တာမဟုတ် ဘူး၊ တချို့ဆို အဲဒီဆေးတွေ သောက်ပြီးတားနေရင်းနဲ့ ကိုယ်ဝန်ရသွား တယ်၊ ကိုယ်ဝန်မရဘဲ ရောဂါရတဲ့သူတွေလည်း ရှိတယ်၊ ဒါကြောင့် အန္တရာယ်ကင်းအောင် မပေါင်းကြရုံပေါ့"

"သြော် မင်းဦးနှောက်ထဲမှာ မာမီ့လက်ချာတွေ အတော်ကြီး ပြည့်နေတာကိုး၊ ဟင့် ဟင့် ဟင့် ဒေါ်လှိုင်သစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်းကြားထဲက အန်တီလှိုင့်အပေါ် အငြိုးကြီးစွာ ရေရွတ်၏။ ပြီးတော့ နှစ်နှစ်ကိုလည်း မနှစ်မြို့သလို ကြည့်ပြီး –

"ဒီမှာအဝါနှစ်၊ မင်းနဲ့ငါကြားမှာ ဘယ်သူမှ ဝင်ပြီးထိန်းချုပ်နေစရာမလိုဘူး၊ ထိန်းချုပ်ခွင့်လည်း မရှိဘူး၊ ဒီကိစ္စက ငါတို့ကိစ္စ"

"နှစ်နှစ်လည်း နှစ်နှစ်တို့ကိစ္စကိုပဲ ပြောနေတာပဲ"

"အေး မင်းပြောနေတာတွေက မင်းစိတ်မင်းသဘောနဲ့ မဟုတ်ဘူး၊ မာမီ သံပတ်ပေးထားတဲ့အတိုင်း သွားနေတဲ့ စက်ရုပ်ဖြစ်နေတယ်ကွ၊ မင်း နားလည်လား၊ ငါက မာမီလိုချင်တဲ့ကလေးတွေ မွေးထုတ်ပေးမယ့် သားဖောက်ကောင် မဟုတ်ဘူး၊ မင်းလည်း မွေးစရာမလိုဘူး၊ ဒါကြောင့် မင်းကို တားနိုင်းတာ"

"နှစ်နှစ်မှာ အန္တရာယ်တစ်ခုခု ဖြစ်လာရင်"

"ငါ တာဝန်ယူတယ်"

"ဟွန်း"

နှစ်နှစ် မနှစ်မြို့တာထက် ရွံ့ရှာစဖွယ် မော်ကြည့်လိုက်သည်။ သူက သူ့ဆန္ဒသည်သာ နံပါတ်တစ်နေရာမှာထားကာ –

"အဝတ်တွေ သိမ်းလိုက်တော့"

သူ အမိန့်ပေးသလိုပြောပြီး နှစ်နှစ်အပါးက ခွာသွားသည်။ ခေါင်းရင်းဘက်က ပြတင်းပေါက်နားသွားရပ်ကာ အန်တီလှိုင်တို့တိုက်ဘက် ငေးကြည့်ရင်း –





"မာမို့အကြောင်း မင်း ဘယ်လောက်သိလဲ အဝါနှစ်"

"နှစ်နှစ်က ဘာသိရမှာလဲ"

"မသိရင်မှတ်ထား၊ မာမီက ငါ့ဘဝတစ်ခုလုံးကို ပိုင်စိုးထားတဲ့ ကဝေမကြီး"

ဘုရားရေ။ မိခင်ကို ကဝေမကြီးတဲ့။ မြေမျိုမှာ မကြောက်ဘူးလား ရှင်ရယ်လို့ နှစ်နှစ်ရင်ထဲမှာ ပြောမိသွားသည်။

သူကတော့ အငြိုးတကြီး ပြောနေဆဲ။

"မာမီကြောင့် ငါ့ကိုမွေးတဲ့အမေနဲ့ ငါဒယ်ဒီ ကွဲခဲ့ရတာကွ"

"ဘုရားရေ"

ဒါ ဒါဆို –

"ငါ့ကိုလည်း လှိုင်သစ္စာရဲ့သားတဲ့၊ ငါ့မွေးစာရင်းထဲက ငါ့အမေ ...မည့်နေရာမှာ ကဝေမကြီးက သူ့နာမည် လှိုင်သစ္စာကို အစားထိုးတယ် ...၊ ဒင်းကြောင့် ငါတို့သားအဖတွေ ငါ့အမေရင်ခွင်နဲ့ ဝေးရတာ၊ ဒီ ...မကြီး ငါ့ဘဝတစ်လျှောက်လုံးကို ပိုင်စိုးခြယ်လှယ်လို့ အားမရသေးဘူး ...စ်ခါ"

နှစ်နှစ် အသက်ရှူရပ်မတတ် ငေးကြည့်မိသွားသည်။ အန်တီ ...က သူပြောသလိုပဲလား။ အန်တီလှိုင်ကြောင့် သူ့အမေ ဘေးရောက် ...သတဲ့လား။ အန်တီလှိုင်က အန်ကယ်ကို သူ့အမေလက်ထဲက နိုက် ...တဲ့ မိတွေးလား။



www.burmeseclassic.com

www.burmeseclassic.com



မိထွေးဖြစ်ရုံနဲ့ အားမရသေး၊ သူ့မိခင်နာမည်နေရာမှာ အန်တီ လှိုင့်နာမည် အစားထိုးတာက ဘာသဘောလဲ။

လက်ရှိ ပတ်ဝန်းကျင်က အားလုံးသိနေတာက သူဟာ အန်ကယ်နဲ့အန်တီလှိုင်ရဲ့ တစ်ဦးတည်းသောသား။

သူ့မိခင်ရှိတယ်လို့ ထုတ်ပြောရင် ဘယ်သူမှ ယုံမှာမဟုတ်ဘူး။ အားလုံးက နေသားတကျ ဖြစ်နေတာလေ။

သူ့အမေ ဘယ်သူဘယ်ဝါဆိုတာ ဒီမှာသိတဲ့လူ တစ်ယောက်မှ မရှိပါ။ ဒီအကြောင်း သူ့တို့သားအမိချင်းသာ သိသည်။

သိနေလို့လည်း သူ့တစ်သက် အန်တီလှိုင့်ကို အငြိုးမပြယ်။ ဆက်ဆံတာကအစ ရိုင်းရိုင်းစိုင်းစိုင်း။

အန်တီလှိုင့်အပေါ် ငြိုးသမျှ ဖခင်အပေါ်လည်း အကောင်း မမြင်။ စိတ်အခန့်မသင့်ရင် ရင့်ရင့်သီးသီးဆက်ဆံနေတာ ကိုယ်တွေ့။

"ငါနဲ့မင်းကြားမှာ သူလိုချင်တဲ့ ဘာအနှောင်အဖွဲ့မှ ငါ မလို ချင်ဘူး၊ သူဖန်တီးတဲ့ ဇာတ်ကွက်တိုင်းကို ငါ လိုက်မကနိုင်ဘူး၊ ငါ့ရင်ထဲ ငါ့အမေကြောင့် ငါနာရသလို သူ့ကိုလည်း တန်ပြန် နာကျင်စေချင်တယ်၊ ဒါကြောင့် သူ့ဆန္ဒမှန်သမျှကို ငါဆန့်ကျင်တယ်၊ အမေရင်း အရှေ့ခြိုထား တဲ့ ဒီမိန်းမကြီးကို မိထွေးဖြစ်မှန်း လူတကာသိအောင် လုပ်လိုက်ချင်တယ်၊ ဒယ်ဒီ့ကြောင့် ငါ ဘာမှ လုပ်ခွင့်မရဘူး"

"တော်ပါတော့ ကိုဇယားသစ်ရယ်"





နှစ်ပေါင်းများစွာ ရင်ထဲမှာအောင်းနေတဲ့ သူ့ဝေဒနာကို နှစ်နှစ် မကြားလိုပါ။ မီးပူတိုက်နေတာကို လက်စသတ်ရင်း –

"ရှင့်စိတ် ရှင့်သဘောပါ"

"မင်းအမြင်မှာ ငါက အတ္တကြီးနေလိမ့်မယ်၊ ဒါပေမဲ့ ငါ့အမေ ဘားရောက်သွားအောင်, ငါ့အမေ အချိန်မတန်ခင် သေသွားအောင် ပြုစားလိုက်တဲ့ မာမီ့ကို ငါ့တစ်သက် မကျေဘူး၊ ဒါကြောင့် ာမီ စိတ် ထိခိုက်နာကျင်အောင် ငါ ဘာမဆိုလုပ်မှာပဲ၊ အဲဒီအတွက် အရှေးအကြီး ဆုံးက နင်နဲ့ငါ့ကြားမှာ အတားအဆီး ရှိဖို့ပဲ"

စကားအဆုံးမှာ သူပစ်ချပေးတဲ့ ဆေးကတ်လေးကို နှစ်နှစ် ကောက်ယူဆုပ်ကိုင်မိလေသည်။

"ဒီကိစ္စ မင်း ကျေနပ်သည်ဖြစ်စေ, မကျေနပ်သည်ဖြစ်စေ မင်းလက်ခံရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းနဲ့မှ မပေါင်းရင် ငါ့ဒယ်ဒီက သေလောက်တဲ့အထိ စိတ်ထိခိုက်နေမယ်တဲ့လေ၊ ဟွန်း ကဝေမကြီး မြှယ်လှယ်တိုင်း ဒယ်ဒီ နွားကျခံနေတာလေ၊ ဒင်းကြောင့် နင့်ကို ငါ ယူလိုက်ရတာ၊ ဒင်းစနက်ကြောင့်၊ မင်းလည်း သတိထား၊ ဒီမိန်းမကြီး မြှယ်လှယ်တဲ့အတိုင်း ငါ့ကိုချုပ်ကိုင်ဖို့ မကြိုးစားနဲ့၊ ငါပြောတဲ့အတိုင်း မှုမလာလို့ကတော့"

"မပြောပါနဲ့တော့ ရှင်ရယ်၊ အန်တီလှိုင့်အပေါ်မှာ ရှင် နာကျင် မှုက နှစ်နှစ် ဓားစာခံဖြစ်နေတယ်ဆိုတာ ခုမှပဲ ရှင်းရှင်းလင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



သိရတော့တယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ နှစ်နှစ်လည်း ရှင့်အတွက်အတိုင်၊ သည်းခံပြီး နေပေးပါ့မယ်၊ တစ်ခုတော့ ကြိုပြောထားမယ်၊ နှစ်နှစ်ကလည်း ငမ်းငမ်းတက် လင်လိုချင်နေတဲ့မိန်းမ မဟုတ်ဘူး။ မေမေ့ကြောင့် ရှင့်ကို ယူထားရတာ၊ ရင်ထဲမှာ ဘာခံစားချက်မှ မရှိဘူး၊ အဲဒါကိုတော့ ရှင် စွဲနေအောင် မှတ်ထားပေးပါ''

''ရတယ်၊ ငါကလည်း ခံစားချက်အကြောင်း ပြောနေတာ မဟုတ်ဘူး၊ အနှောင်အဖွဲ့ကင်းအောင် ပြောနေတာ၊ အမိက မာမီ သူ့ ကိုယ်သူ မိထွေးဆိုတာ ဝန်ခံသွားစေဖို့ပဲ၊ အခုတော့ မိခင်ဆိုပြီး အောင် လံလွှင့်ထူနေတာလေ၊ ငါ နာတယ်ဆိုတာ အဲဒါ၊ ငါ မုန်းတယ်ဆိုတာ အဲဒါပဲ''

နှစ်နှစ် ခေါင်းလေးခါရမ်းလိုက်သည်။ မကြားလိုတော့ပါဘူး။ မကြားပါရစေနဲ့တော့။ လက်နှစ်ဖက်ကို နားမှာပိတ်ကာ ငြိမ်သက်နေ လျက်။ ညကတော့ ပုံမှန်အတိုင်း ခရီးနှင်နေဆဲ။

✿ ✿ ✿



## အခန်း (၂၇)

''ဟော့ နှစ်နှစ်''

လှမ်းခေါ်သံလေး ကြားရ၏။ ဘုရားတင်ဖို့ နှင်းဆီပန်းတွေ ရွေးနေရာမှ နှစ်နှစ် လှည့်ကြည့်လိုက်တော့ ထွင်ထွင်ရယ်။

ထွင်ထွင့်ကိုမြင်တော့ နှစ်နှစ်ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာသွား ၏။

''ထွင် နှစ်နှစ်လာပြီ သူငယ်ချင်းရဲ့''

နှစ်နှစ် အပြေးတစ်ပိုင်းနှင့် ခြံဝကို သွားမိသည်။ ထွင်ထွင် ခြံတံခါးကိုကိုင်ထားရင်း –

''နှစ်နှစ်ရယ် နင် သိပ်နေနိုင်တာပဲ''

''ပြောပါတော့ ထွင်ထွင်ရယ်၊ အခု ဘယ်က[illegible]တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဆီ တမင်လာတာ၊ တကတဲ ဖုန်းဆက်တော့လည်း မကိုင်၊ ရောက်လာမလားဆိုပြီး မျှော်နေမိတာ ထွင်ထွင် လည်ပင်းတောင် တစ်လံလောက် ရှည်နေပြီ"

"ဆောရီးပါဟယ်၊ နှစ်နှစ်ကလေ အပြင်ထွက်လို့မရဘူး၊ အန်ကယ့်အလုပ်တွေ ကိုက်ထဲမှာပဲ ပိုင်းကူလုပ်ပေးရတာလေ"

"အပြောကောင်း၊ ဒီက မနေနိုင်လို့ လိုက်လာရတာ"

"နှစ်နှစ်လည်း ထွင်နဲ့တွေ့ချင်တာပေါ့၊ အခြေအနေမပေးလို့သာပေါ့"

သူငယ်ချင်းနှစ်ယောက် ပိတ်ထားတဲ့ တံခါးတစ်ဖက်တစ်ချက်မှာ ရပ်ရင်းပြောနေလိုက်တာ မပြီးနိုင် မစီးနိုင်။

"သမီး၊ ညီ့သည်ကို အထဲခေါ်ချင်ခေါ်လေ၊ သမီးတော့ အပြင်မထွက်နဲ့၊ ဦးကြီး ခြံသော့ဖွင့်ပေးမယ်"

ခြံစောင့်ဦးလေးကြီး မကြည့်ရက်စွာလာပြောမှ နှစ်နှစ်လည်း သတိရလေသည်။

"ဟုတ်သားပဲ ဦးကြီးရယ်၊ တံခါးဖွင့်ပေးပါဦး၊ ထွင်ထွင်လာလို့ရအောင်"

နှစ်နှစ် စကားမဆုံးသေးခင် ဦးကြီးက ခြံတံခါးဖွင့်ပေးလေသည်။

"မတွေ့ရတာ ကြာလို့လားမသိဘူး၊ နှစ်နှစ် ပိုလှနေတယ်"

ခြံထဲဝင်လာရင်း နှစ်နှစ်လက်ကလေးကို ဆုပ်ကိုင်လျက်သားနဲ့





ထွင်ထွင် အားရပါးရ ပြော၏။

"ရှင်လည်း လှလာပါတယ်နော်"

"ရှင့်လောက်တော့ မလှပေါင်"

"ထွင်မလှပေမယ့် ထွင် အပျိုစင်အလှရှိတယ်၊ အပျိုစင်အလှနဲ့ အိမ်ထောင်သည်မိန်းမရဲ့အလှ ဘယ်တူမလဲ၊ ထွင့်အလှနဲ့ နှစ်နှစ်အလှ ယှဉ်လို့မရပါဘူးဟယ်"

"အံမယ်၊ ယောက်ျားရပြီးမှ ခွဲခွဲခြားခြား ပြောတတ်နေလိုက်တာ"

"ပြောတတ်မှာပေါ့ ထွင်ရယ်၊ အခြေအနေချင်းက တူမှမတူတာ"

"ဆိုစမ်းပါဦး၊ ဘာကမတူတာလဲ"

"ဩော် အပျိုစင်အလှဆိုတာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဖူးဖူးကြွကြွရယ်၊ လွတ်လပ်ပေါ့ပါးမှုလေးတွေနဲ့ အချိန်ပြည့် လန်းနေတဲ့ ပန်းကလေးလိုပဲ"

"တယ်ဆိုတဲ့စာပါလား၊ ဆိုစမ်းပါဦး၊ ရှင့်ရဲ့အိမ်ထောင်သည်အလှက မကျစ်မလျစ် မဖူးမရွနဲ့ လွတ်လပ်မှုဆိတ်သုဉ်းပြီး ညှိုးနေတယ်ပေါ့၊ အဲလိုလား"

"ဟုတ်တယ် ဟုတ်တယ်၊ ထွင်ပြောတဲ့အတိုင်းပဲ"

"ယောက်မကတော့လေ၊ ကိုကိုနဲ့သာ ညားရင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး တိုးတိုး၊ ကြားသွားလို့ ပြဿနာရှာနေဦးမယ်"

နှစ်ယောက်သားပြောနေတဲ့စကားတွေ ဘာရိတ်အုပ်လိုက်ရသည်။ သူငယ်ချင်းနဲ့ ပြန်တွေ့ရတော့ နှစ်နှစ်ကိုယ်နဲ့စိတ်လေး ပေါ့ပါးပျော်ရွှင်သွားလေ၏။ ထွင်ကလည်း ထိုနည်းတူ။

"ဒါနဲ့ ရှင့်မောင်တော် ရှိနေလား"

"ရှိတယ်"

"ထွင်လာတာ ကြည့်ပုံ့မလား"

"ရပါတယ်ဟာ၊ အန်ကယ်လည်း ရှိနေတယ်၊ လာ၊ တိုက်ထဲဝင်ရအောင်"

"ဘယ်တိုက်လဲ"

ထွင်က သူ့ရဲ့စံအိမ်လေးနဲ့ အန်ကယ်တို့တိုက်ကြီးကို တစ်လှည့်စီကြည့်ရင်း မေးသည်။

နှစ်နှစ်က လက်ထဲကပန်းတွေကို အုတ်ခုံပေါ်တင်ရင်း -

"အန်ကယ်တို့တိုက်ထဲပဲ ဝင်ရအောင်၊ သူလည်း အဲဒီမှာ ရှိနေတယ်"

"ဟွန်း၊ သူနဲ့ မတွေ့ချင်ပါဘူး"

"မတွေ့ချင်ရင်လည်း ရတယ်လေ၊ ဟိုဘက်တိုက်မှာ နှစ်ယောက်တည်း ပြောဆိုနေကြရင် သူ တစ်မျိုးမြင်ဦးမယ်၊ သူ့အတင်းပြောသလား၊ ရှင့်ကိုကိုအကြောင်းပဲ ပြောသလား ဆိုပြီးတော့"





"ဟုတ်တယ်၊ လူကြီးတွေရှိတဲ့ တိုက်ထဲပဲ ဝင်ရအောင်၊ ပြဿနာ စကားကွင်း လွတ်တာပေါ့"

"ဟုတ်တယ် ထွင်ရဲ့"

"နှစ်နှစ်လည်း အစစအရာရာကို ဂရုစိုက်နေရတယ်နော်၊ တော်ပြီ ယောက်ျားမယူဘူး"

ထွင်ထွင်က စိတ်ညစ်ညျူးစွာပြောလျှင် နှစ်နှစ်က ရယ်နေလိုက်သည်။

"ကဲလာ ယူချင် နောက်မှယူ၊ ခုတော့အထဲဝင်ပြီး စားသောက်ရင်း စကားတွေ တဝကြီးပြောကြမယ်လေ"

"ကောင်းသား"

နှစ်ယောက်သား တိုက်ကြီးထဲလှမ်းဝင်ကြသည်က ရွှင်မြူးပေါ့ပါးစွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဘယ်လို သား"

"အင်္ဂလန်သွားဖို့ပါ ဒယ်ဒီ"

"ဘယ်သူနဲ့ သွားမလဲ"

"ကျွန်တော့်သူငယ်ချင်းတွေအားလုံး အတူသွားကြမယ် ဒယ်ဒီ"

"မဖြစ်နိုင်တာဘဲ သားရယ်"

ဒေါ်လှိုင်သစ္စာ ခင်ပွန်းသည်ထက် ဦးစွာ ဝင်ပြော၏။ ထိုအခါ ဖယားသစ် ဒေါ်သ ထောင်းခနဲ ထသွားသည်။

"ခင်ဗျားနဲ့ ဘာဆိုင်လဲ၊ ဝင်စွက်နေတာ၊ ခင်ဗျားကြီး ဝင်စွက် ပေါင်း များလှပြီ ခြယ်လှယ်ပေါင်းလည်း များပြီ ဘာကြောင့် ကျွန်တော်တို့ သားအဖကြားထဲ ဝင်စွက်နေရတာလဲ"





"သား"

ဦးသုတမောင် အသံကျယ်ကျယ်နဲ့ ဟန့်တားလိုက်သည်။ ထို အခါ သူ့အသံက အလိုမကျစွာ တိတ်ကျသွားသော်လည်း -

"ဒယ်ဒီ၊ ဒယ်ဒီနဲ့သားကြားမှာ မာမီမရှိရင် မဖြစ်ဘူးလား ဒယ်ဒီ"

"ဒီလိုလည်း မဟုတ်ဘူးသားရယ်" -

"မဟုတ်ဘူးဆိုရင် မာမီ့ကို ဒယ်ဒီ ကွာပစ်လိုက်စမ်းပါ"

"ဘုရားရေ"

ဒေါ်လှိုင်သစ္စာ နောက်လန်ကျမတတ် လန့်လန့်ဖျပ်ဖျပ်ဖြစ်ကာ ရင်ဘတ်ကို လက်နဲ့ဖိလိုက်မိသည်အထိ အမူအရာတွေ ထိန်းမနိုင်အောင် ပျက်ကျသွားလေသည်။

"သား"

ဦးသုတမောင် ဖနီးသည်ဘက် ငဲ့မကြည့်ပါ။ သားလက်မောင်း ကိုသာ မျက်နှာချိုသွေးလျက် ဆုပ်ကိုင်လိုက်၏။

"အဲဒီကိစ္စ စဉ်းစားစမ်းပါ ဒယ်ဒီ၊ တခြား ဘယ်မိန်းမကိုပဲ ဒယ်ဒီယူယူ ကျွန်တော် မကန့်ကွက်ဘူး။ မာမီ့ကိုတော့ ကျွန်တော် ဘယ် လို မမြင်ချင်ဘူး၊ မာမီ့မျက်နှာမြင်ရတာ ကျွန်တော် အသည်းနာတယ်၊ မြင်ချင်လို့ ရှောင်ပြီးနေတယ်၊ မရဘူး၊ ကျွန်တော်တို့ကြားထဲ တိုးတိုးပြီး ဝင်လာတယ်၊ ကြာလေ မာမီစွက်ဖက်တာတွေ များလာလေပဲ၊ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ့နားမှာ မာမီ့ကို မမြင်ပါရစေနဲ့ မာမီ့ကို ဒယ်ဒီ မကွာပစ်နိုင်ဘူးလား၊ ဟင်''

သူ့စကားမဆုံးခင် ဒေါ်လှိုင်သစ္စာ အသံတိတ်ရှိုက်ရင်း သားအ နှစ်ယောက်ရှေ့က ပြေးထွက်သွားလေသည်။

''အန့်တီလှိုင်''

နှစ်နှစ် ဝမ်းနည်းစွာလှမ်းခေါ်ရင်း အန့်တီလှိုင့်ကို ဆွဲထားမိ သည်။ အန့်တီလှိုင်က အတားမခံ။

ပေါ်တီကိုအောက်မှာရပ်ထားတဲ့ အန်ကယ့်ကားပေါ် တက် မောင်းထွက်သွားလေသည်။ အန့်တီလှိုင် ကားမောင်းထွက်သွားတော့ အ ကယ်က အရုပ်ကြိုးပြတ်သလို ဆိုဖာပေါ် ဝုန်းခနဲ ထိုင်ချ၏။ ခေါင်း လည်း တွင်တွင်ရမ်းကာ –

''သားပြောတဲ့ကိစ္စ ဒယ်ဒီ စဉ်းစားပေးမယ်''

''ဘာကိုလဲ ဒယ်ဒီ''

''သားမာမီကို ကွာဖို့ပေါ့''

အန်ကယ် ဒီလိုပြောလိုက်တော့ သူ့မျက်နှာ ချက်ချင်း ပြေ လဲသွားသည်က ကျေနပ်စွာ။

''စဉ်းစားနေရင် အချိန်ကြာပါတယ် ဒယ်ဒီရယ်၊ တစ်ခါ ကွာလိုက်၊ ပြီးရင် ကျွန်တော်တို့သားအဖ အင်္ဂလန်အတူသွားကြ ဟိုမှာ မေမေ့အုတ်ဂူရှိတယ်''





သူ့စကားနောက်မှာ သူရော အန်ကယ်ပါ ငိုချလေသည်။ နှစ်နှစ်လည်း မျက်ရည်မခိုင်တော့ပါ။

ငိုနေရင်းတန်းလန်းနဲ့ အန်ကယ်က သူ့ကိုဖက်ကာ သူ့ပခုံးကို တဖွဖွပွတ်ရင်း ဆိုသည်။

''သားရယ်၊ သားမာမီအပေါ် သား အဲလောက်တောင် နာကြည်းနေသလားကွယ်''

''နာကြည်းတာလက် ပိုတယ် ဒယ်ဒီ၊ မာမီသာ ရှိမလာရင် ကျွန်တော်တို့မိသားစုဟာ စစ်မှန်တဲ့မိသားစုတစ်စုအဖြစ် ဒီကနေ့ထိ ရှိနေမှာလေ၊ မာမီကြောင့် ကျွန်တော့်မေမေ အစောကြီးသေရတာ''

''ပြောပါသားရယ်၊ သားရင်ထဲရှိသမျှ ပြောလိုက်ပါ၊ သားပြော သမျှကို ဒယ်ဒီ့နှလုံးသားနဲ့ ရင်းပြီး နားထောင်ပါတယ်ကွာ၊ သား ပြောပါ၊ ဆက်ပြောချင်လည်း ပြောလိုက်ပါ၊ သားအပေါ် ဒယ်ဒီ နည်းနည်းလေးမှ စိတ်မကွက်ဘူး''

တသောသောကျနေတဲ့မျက်ရည်တွေကို အန်ကယ် ပွတ်သုတ် လျက်။

''သားက ဒယ်ဒီ့ဘဝပါကွာ''

''ဒယ်ဒီလည်း သားဘဝပါ၊ သားနဲ့ဒယ်ဒီ ဘဝအတွက် ဘာ နှောင်ကြိုးတွေမှ မလိုဘူး၊ သားတို့ အင်္ဂလန်သွားကြရအောင်ဗျာ၊ နော် ဒယ်ဒီ''



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ဒယ်ဒီ့ဘဝအတွက် ဘာနှောင်ကြိုးမှ မလိုဘူးတဲ့။ သူ့စကားက နှစ်နှစ်ကိုလည်း သူ စွန့်ပစ်ခဲ့ဖို့ ဝန်မလေးတဲ့သဘော။ သူက မိန်းကလေးတွေအပေါ် လိုရင်တွဲ၊ မလိုရင် ခါပစ်နေတဲ့ သမိုင်းရှိသူ။

ဒါတင်မက ဒီလိုရည်ရွယ်ချက်တွေရှိလို့လည်း သူနဲ့နှစ်နှစ်ကြားမှာ နှောင်ကြိုးတွေ သွယ်တန်းမနေအောင် တားဆီးခိုင်းတာပေါ့။

အဆုံးသတ်မှာ နှစ်နှစ်ဘဝက အစတေးခံ။ သူက ပွဲပြီးမီးသေဖုတ်ဖက်ခါ ထွက်သွားနိုင်ပေမယ့် နှစ်နှစ်တို့မှာ အရှက်ကွဲပြီး ကျန်ရစ်ခဲ့ရမယ့်အဖြစ်။

နှစ်နှစ်အဖြစ်ကို နှစ်နှစ်တွေးရင်း ရှက်လို့မဆုံးနိုင်တော့ပါ။ မေမေတို့သာ သိရင်။

ဟင့်အင်း။ အားလုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ကြရမယ့်အဖြစ်။ သူတို့သားအဖ အေးအေးချမ်းချမ်းပဲ အဂ်လန်သွားကြပါကွယ်။ နှစ်နှစ်ကြောင့် သူတို့သားအဖ ခရီးသွားဖို့ အဟန့်အတား မဖြစ်စေချင်ပါဘူး။

စိတ်ရှိတိုင်း သွားပါကွယ်။ နှစ်နှစ် နောက်ဆုတ်ပေးပါ့မယ်။

✿ ✿ ✿



အခန်း (၂၉)

"အဝါနှစ်"

ကားပေါ်ကဆင်းသည်နှင့် သူ လေကလေး တချွန်ချွန်ချွန်ရင်း အိမ်ထဲ ဘန်းဝင်သည်။ အိပ်ခန်းဝရောက်တာနဲ့ သူမနာမည် တန်းခေါ်တော့။

ခါတိုင်းဆိုရင် သူ တစ်ခွန်းခေါ်လိုက်တာနဲ့ ရှိတဲ့နေရာကနေ လှမ်းထူးတတ်သည်။

"ရှိပါတယ် ဒီမှာ" လို့။ ခုတော့ သုံးလေးခွန်း ဆင့်ခေါ်တာလည်း ထူးသံမကြားရ။ အိပ်ခန်းတံခါး တွန်းဖွင့်ပြီး အခန်းထဲဝင်ကြည့်တော့လည်း မရှိ။

"အဝါနှစ်"



www.burmeseclassic.com

www.burmeseclassic.com

ရေချိုးခန်းနဲ့ ရေအိမ်တံခါးပါ ခေါက်ကြည့်ပြီး ခေါ်သည်။ ထူးမလာ။ တံခါးတွေ ဖွင့်ကြည့်တော့လည်း မတွေ့။

သူ့စံအိမ်လေးထဲမှာ မရှိဘူးဆိုတော့ ဟိုဘက်မှာလား။ စိတ်ကထင်တဲ့အတိုင်း ဒယ်ဒီတို့စံအိမ်ဘက် ကူး၏။

ဒယ်ဒီ့အလုပ်တွေ ကူလုပ်ပေးနေကျ စာဖတ်ခန်းထဲဝင်ကြည့်တော့လည်း ရှိမနေ။

"အဝါနုစ်"

မီးဖိုခန်းဘက် လျှောက်ကြည့်ပြန်သည်။ မာမီရှိနေရင်တော့ သူမလည်း မာမီနဲ့အတူ ရှိနေတတ်သည် မဟုတ်လား။

ခုတော့ မာမီ့ကိုလည်း မမြင်။ မာမီက အရေးမကြီးပါ။ ငိုယိုပြီး ထွက်သွားကတည်းက ပြန်လာသေးပုံမပေါ်။

ဒယ်ဒီ့အခန်းဘက် ဝင်ကြည့်တော့ ဒယ်ဒီက တစ်ယောက်တည်း သောက်နေသည်။ မာမီမရှိလို့ ဒယ်ဒီ အဖော်မဲ့နေပြီလား။

ခါတိုင်း ဒီလိုအချိန် ဒယ်ဒီမသောက်တတ်မှန်း သူသိသည်။ အချိန်အခါမဟုတ် သောက်နေတာ မာမီ့ကြောင့်ပဲ ဖြစ်မယ်၊ ဒါလည်း ခဏပါ။

အချိန်က ကုစားသွားရင် ဒယ်ဒီ ပုံမှန်အတိုင်းဖြစ်လာမှာပေါ့။ ဒါမှမဟုတ် ဒယ်ဒီ့စိတ်ကြိုက် အဖော်ရှာခွင့်ပေးလိုက်ရင် ဒယ်ဒီလည်း လန်းသွားမှာပါ။





ဒယ်ဒီလန်းတာက နောက်၊ လောလောဆယ် အဝါနုစ်က ဘယ်ရောက်နေမှာလဲ။ သူတားမြစ်ထားကတည်းက စံအိမ်ထဲမှ ခြေတစ်ဖဝါးမှ မခွာတဲ့သူမ။ မနေ့ကတော့ သူမသူငယ်ချင်း ရောက်လာတာ တွေ့သည်။

ထိုသူငယ်ချင်းဆီပဲ သွားသလား။ ဖြစ်နိုင်သည်။ ချက်ချင်းပဲ ဖွင့်ထွင့်ဖုန်းကို ခေါ်ကြည့်၏။ ဖုန်းက ဇရိယာပြင်ပတဲ့။

သေချာတယ်။ ဒင်းတို့သူငယ်ချင်းနှစ်ယောက် အပြင်ထွက်လည်တာပဲ ဖြစ်မယ်။ လာပါစေ။ ဖယားသစ်အကြောင်း ကောင်းကောင်းသိရမှာပဲ။

ခုတော့ သူတစ်ယောက်တည်း ရင်မှာ ကလိုင်ပေါက်ကြီးတစ်ခု ဖြစ်ပါတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"မင်းကလည်း ခုမှ သည်းနေလိုက်တာ"

"ကျွတ်၊ သည်းတာမဟုတ်ဘူး၊ စိတ်အနှောင့်အယှက် ဖြစ်နေ

တာကွ"

"ဟား ဟား ဟား"

သူပြောတာကို သူငယ်ချင်းတွေ ဟားတိုက်ရယ်မောလေသည်။

သူ လိုက်မရယ်ဖြစ်။ မျက်မှောင်ကြုတ်ကြည့်ရင်း –

"ဘာရယ်စရာပါလို့လဲကွာ"

"ဟား ဟား ဟား ရယ်စရာပေါ့ကွ"

ဇော်သိုက်ပြောတဲ့နောက် ထက်ပိုင်နဲ့အာကာပါ ဝိုင်းရယ်ကြ

သည်။ ကျွတ် ထိုရယ်သံတွေက သူ့စိတ်ကို လုံခြုံမှုမရှိအောင် ထိုးဆွ





သည့်နှယ်။

"ဇကလည်း အကြောင်းသိတွေပါကွ"

ထက်ပိုင်က သူ့ပခုံးကို ရင်းရင်းနှီးနှီး ပွေ့ဖက်ရင်း တစ်ခွန်း

ပင်ပြောသည်က သူ့ရင်ထဲက ဖုံးဖိထားတဲ့ကိစ္စကို ဆွနေသလိုမို့။

"ဘာအကြောင်းသိတာလဲကွာ"

"မင်းရင်ထဲက မဟောသီ"

ဖယား မျက်နှာလွှဲလိုက်မိသည်။

"မင်းကလည်း ဘာလျှို့ဝှက်ထားစရာရှိလဲ"

အာကာ အားမလိုအားမရ ပြော၏။ ဇော်သိုက်ကလည်း –

"ဟုတ်တယ်၊ ဒီကိစ္စက လျှို့ဝှက်ထားလို့ ရတာမှမဟုတ်_ဘာ၊

ပွင့်ရင်ချစ်တယ်ပေါ့ကွာ၊ ဘာရှက်စရာရှိလဲ"

"ဟင့်အင်း"

သူ ခေါင်းတွင်တွင်ရမ်းပစ်လိုက်သည်။ ဒီလိုအခြေအနေမျိုးမှာ

ချစ်တဲ့ကိစ္စကို ထုတ်မသုံးချင်ဘူး။

သူ့ရင်ထဲ ချစ်တဲ့စိတ် အမြစ်တွယ်နေတာ ခုမှမဟုတ်တာ။

လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကတည်းက။ ပြောရင် ယုံနိုင်မယ်မထင်။

"မင်းစိတ်ကလည်း တစ်ခါ တစ်ခါ မင်းမာမီစိတ်လိုပဲ၊ လျှို့ဝှက်

ချက်တွေနဲ့ အုံ့ဖွဲ့နေတတ်တယ်"

"ကျွတ်၊ မာမီနဲ့ မနှိုင်းစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးကွာ၊ မနိုင်းနဲ့ဆို မနိုင်းဘူး။ ကဲ အခု ဘယ်ကိုမောင်း ရမလဲ ပြော"

"ထွင်ထွင်တို့အိမ် မောင်းစမ်းပါ၊ အဲဒီမှာ ရှိနိုင်မယ်"

အာကာ စောဒကမတက်တော့ပါ။ သူပြောတဲ့အတိုင်း ထွင်ထွင် တို့ဆီ ဦးတည်လျက်။ တကယ်လို့ အဲဒီမှာမရှိရင်။ အိုး ရှိကိုရှိရမယ်ကွာ။

ရင်ထဲ အပိုင်အနိုင်တွက်ဆကာ တွက်ဆတဲ့အတိုင်း မှန်မယ်လို့ ယုံကြည်လျက်။

တကယ်တမ်း ထွင်ထွင်တို့အိမ်မှာ မတွေ့ရတော့ သူ့ရင်မှာ မီးတောင်တစ်လုံး ထွန်းသွားသည့်နှယ်။

"မင်း မညာနဲ့နော် ထွင်ထွင်"

"ဟွန်း၊ ရှင် ဘယ်လိုလူလဲ"

"ဒါတွေ ငါနားမလည်ဘူး၊ မနေ့က အဝါနုစ်ဆီ မင်းရောက်လို့ တယ်၊ ဒီနေ့တစ်နေ့လုံး အဝါနုစ်မရှိဘူး၊ အဲဒါ မင်းဆီမလာလို့ ဘယ် သွားစရာလမ်းရှိလဲ"

"ဒါကတော့ ရှင့်မယား ရှင်မေးကြည့်"

"တောက်"

ထွင်ထွင်က အစကတည်းက ဖယားသစ်ကို ကြည့်လာလို့ မဟုတ်ပါ။ သူ့ဘက်က ရင့်လာတော့ သူမလည်း ရင့်ဖို့ ဝန်မလေး။

"လာပါကွာ"





သူ့သူငယ်ချင်းတွေ သူ့ကို ဆွဲခေါ်လို့သာ။ နောက်ဆိုမလွယ်။ သူ ဘာကိုမှ မမှုချင်တော့ပါ။ ကြမ်းချင်ရမ်းချင်တာပဲသိသည်။

"နှစ်နှစ်မေမေဆီ ငါဖုန်းဆက်ပေးမယ်"

ဇော်သိုက်က ပြောရင်းဆိုရင်း ဖုန်းဆက်မေးပြန်သည်။

"သမီးလား။ မလာဘူးလေ၊ ဘာဖြစ်လို့လဲ"

"ဘာ ဘာမှမဖြစ်ပါဘူး အန်တီ၊ ဒါပဲ"

ဇော်သိုက် ကမန်းကတန်း ဖုန်းချလိုက်ရသည်။

"မရောက်ဘူးတဲ့"

"ဒါဆို သူ ဘယ်သွားလဲ"

"သူမှ ပြောမသွားဘဲ ဇ,ရာ၊ ငါတို့လည်း ဘယ်သိမလဲ"

"တောက်"

ဖယားသစ် လက်သီးကျစ်ကျစ်ဆုပ်ကာ တောက်တခေါက်ခေါက်နဲ့ ရင်ထဲမှာ မီးလောင်လို့နေသည်။

မင်းက ဘာသဘောလဲ အဝါနုစ်။ ငါ့ရင်ကို ခွဲနေတာလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

''မဖြစ်နိုင်ဘူးကွာ''

အာကာ ယတိပြတ်ပြောလျှင် –

''ဘာလို့ မဖြစ်နိုင်ရမှာလဲ''

သူ ပက်ခနဲပြန်မေးမိသည်။ အာကာ ခေါင်းတစ်ချက်ရမ်းလျှ

''မင်းကလည်း ဘာကိစ္စဖြစ်ဖြစ် မင်းမာမီကိုပဲ မင်းစွပ်စွဲနေတာ

ပဲ''

''မစွပ်စွဲချင်စရာလား၊ မာမီထွက်သွားပြီးကတည်းက အဝါနှ

ပျောက်နေတာ၊ အဲဒါ မာမီကြောင့်ကလွဲပြီး ဘယ်သူ့ကြောင့် ဖြစ်ရမ

လဲ''

''မဟုတ်သေးဘူး ဇေ့ရာ၊ မင်းစိတ် တော်တော်ကြီး အချ





ရောက်နေတယ်လို့ ကိုယ်ထင်တယ်''

''ဘယ်လို ထက်ပိုင်''

''မင်းစဉ်းစားကြည့်၊ အဝါနှစ် သူ့စိတ်နဲ့သူ ထွက်သွားတာကော မဖြစ်နိုင်ဘူးလား''

''သူ့စိတ်နဲ့သူ ထွက်သွားတယ်ဆိုရင်လည်း တစ်နေရာရာမှာ ရှိရမှာပေါ့ကွ၊ အခု သူ့သူငယ်ချင်းနဲ့လည်း မရှိဘူး၊ သူ့မိဘအိမ်မှာလည်း မရှိဘူး''

''မရှိတိုင်း အန်တီ့ကို စွပ်စွဲရတာပဲလား''

ဇော်သိုက်မနေသာဘဲ တစ်ခွန်းဝင်ပြောလေသည်။ သူငယ်ချင်းသုံးယောက်လုံးကို သူ စိတ်ပျက်စွာကြည့်ရင်း –

''မင်းတို့က ငါပြောတာကို မယုံကြဘဲ၊ ရတယ်၊ ငါ့ဘာသာ မာမီ့ဆီ သွားမေးမယ်၊ အဝါနှစ် ဘယ်မှာဆိုတာ မာမီ ဒက်ထိသိမယ်၊ ...မယ်ဆိုတာထက် ငါ့ကို မကျေနပ်လို့ အဝါနှစ်ကို ခေါ်ပြီးဝှက်ထားတာ ... ဖြစ်ရမယ်''

''ဟာ ဇေ၊ မင်း အဲလိုကြီးတော့ မထင်ကောင်းဘူးနော်''

''ဘာလို့ မထင်ရမှာလဲ၊ ဒီမှာ မင်းတို့ မာမီ့အကြောင်း ဘာမှ ...သိဘူး၊ မာမီက ငါ့ကို ချုပ်ကိုင်လို့မရမှန်းသိလို့ အဝါနှစ်ခေါင်းထဲ ...မှိုလက်ချာတွေ ရိုက်သွင်းထည့်ပေးထားတာလေ၊ မာမီခြယ်လှယ်...တိုင်း အဝါနှစ် ပါနေတာသေချာတယ်၊ ဒီမိန်းမကြီး အဝါနှစ်ကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်းသွင်းထားတာ၊ အဲဒီကိစ္စ ငါ ခုပဲ သွားရှင်းမယ်''

''ဟာ ဟေ့''

''ဖ''

သူ့သူငယ်ချင်းတွေ သူ့ကို အတင်းဆွဲထားကြ၏။

''ရတယ်၊ မင်းတို့ မလိုက်ခဲ့နဲ့၊ ငါ့ဟာငါ ရှင်းမယ်''

သူငယ်ချင်းတွေ ဆွဲထားတာကို သူ လက်မခံ။ ချက်ချင်း

မာမို့ဆီ ဦးလှည့်ခဲ့သည်။

မာမိက ပြဿနာဖြစ်ပြီး ထွက်သွားကတည်းက သူတို့ရဲ့က

လုံးစံအိမ်ကို ပြန်မလာရဲ။ မာမို့ညီမဖြစ်သူ ဒေါ်လှိုင်ထိပ်ထားဆီမှ

သောင်တင်နေတာ သူသိသည်။ ဒါကြောင့် ဒေါ်လှိုင်ထိပ်ထားဆီ တ

လာခဲ့သည်။

မာမို့ကိုတွေ့တာနဲ့ အဝါနှစ်ကို ဘာကြောင့် ဝှက်ထားရတာလဲ

တန်းမေးမယ်။ ခုချက်ချင်း အဝါနှစ်ကို ခေါ်ပေးလို့ တစ်ခါတည်း

မယ်။ ပြီးရင် အဝါနှစ်လက်ကိုဆွဲပြီး မာမို့ရှေ့က ရင်ကော့လျှောက်

ခဲ့မယ်။

ဘယ်တော့မှ သူ့ကိုရော သူ့ဇနီးကိုရော ချုပ်ကိုင်လို့ မရ

ဆိုတာ ဒီမိန်းမကြီး ကောင်းစွာသိသွားဖို့ အရေးကြီးသည်။ ပြီး

ဒယ်ဒီ့ကို အပါခေါ်ပြီး မာမိနဲ့ဝေးရာ အင်္ဂလန်ကို သွားကြမည်။

ဒါ သူတို့အစီအစဉ်။ သူ့ရဲ့ နိုင်မာလေးနက်တဲ့ ဆုံးဖြတ်ချ





သူ့ဆုံးဖြတ်ချက်နဲ့ သူ့အစီစဉ်ကို လုံးဝ အပျက်မခံနိုင်။ မာမို့စိတ်ကို ဒီတစ်ကြိမ် အပြတ်အသက် အလဲထိုးချလိုက်မှ။ ဟုတ်တယ်။ သူ့စိတ်ကို သူ မောင်းအပြည့်တင်ကာ ဒေါ်လှိုင်ထိပ်ထားရဲ့ စံအိမ်ထဲ ခြေလှမ်းလေးချမိလျှင် –

''ကိုကိုတောင်းပန်ပါတယ်လှိုင်''

ဘုရားရေ။ အောက်ကျနောက်ကျ တောင်းပန်နေတဲ့ ဒယ်ဒီ့အသံက သူ့ခြေလှမ်းကို ဟန့်တားလိုက်သည့်နှယ်။ ဖယောင်းသစ် ခြေလှမ်းတွေ မယုံနိုင်အောင် တန့်သွားသည်။

ဒါ့ပြင် ဒယ်ဒီရဲ့တောင်းပန်သံအောက်မှာ မာမိရဲ့ ဟားတိုက်ရယ်မောသံက အက်အက်ကွဲကွဲကြီး ပေါ်ထွက်လာပြန်သည်။

အဲဒီနောက်မှ တစ်ဆက်တည်း မာမို့အသံတွေ ကဆုန်ပေါက်သလို ခုန်ထွက်လာသည်က –

''တောင်းပန်တယ်၊ ဟုတ်လားကိုကို''

''အနူးအညွတ်တောင်းပန်တယ် လှိုင်ရယ်''

''မတောင်းပန်နဲ့ကိုကို၊ လှိုင်တို့က ပြတ်ပြီဟေ့ဆို အပြတ်ပဲ၊ ရှေ့ဆက်ပြီး ခံစားနိုင်တဲ့နှလုံးသား လှိုင့်မှာမရှိတော့တာ ဝမ်းနည်းပါတယ်၊ ကိုကို့သား ပြောသလိုပဲ၊ လှိုင်ဟာ မိခင်အရေခြုံထားတဲ့မိန်းမ, ကိုကို့ ရှုပ်စွဲသလိုပဲ မိခင်စိတ်မရှိတဲ့မိန်းမပါ''

''မ မဟုတ်သေးဘူး လှိုင်''



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာတစ်ခွန်းမှ ဝင်မပြောနဲ့ ဦးသုတမောင်၊ ရှင့်သားအပေါ်မှာ ကျွန်မဟာ မိခင်အရေမမြှိုခဲ့ရင်, မိခင်စိတ်မရှိခဲ့ရင် ရှင့်သား လူဖြစ်လာမှာမဟုတ်ဘူး။ အဲဒါတွေကို ရှင် ဘာလို့ မသိချင်ဟန်ဆောင်နေတာလဲ၊ ရှင့်သားသိအောင်, နားလည်အောင် ရှင် ပြောပြဖူးသလားဟင်"

ဦးသုတမောင် မျက်လုံးစုံမှိတ်ကာ ခေါင်းတစ်ချက်ရမ်းလိုက်သည်က ဒီအကြောင်းတွေ သားကို မပြောရက်နိုင်စွာ။

"ဘယ်ပြောရက်မလဲ၊ ရှင့်မယားက မိန်းမကောင်းမှမဟုတ်တဲ့"

"ဟာ"

သူ့မျက်လုံးအစုံ ပြာဝေသွား၏။ မိန်းမကောင်းမှ မဟုတ်ဘဲတဲ့။ ဒီမိန်းမကြီး သူ့အမေကို ပြောလိုက်တာက ရက်ရက်စက်စက်။

ဒယ်ဒီကလည်း ပြန်ပြောလိုက်စမ်းပါ။ ကျွန်တော့်မေမေကို မတရား မပြောပါနဲ့လို့။

"လှိုင် ဒီအကြောင်းတွေ သားသိလို့မဖြစ်ဘူးလေ"

"ဒီမှာ ကိုကို၊ ကိုကို့လိုပဲ သားကို အသိမပေးချင်လို့၊ အသိမပေးရက်လို့ ဖုံးဖိပြီးနေလာခဲ့တာ ဘာကြောင့်လို့ ရှင်ထင်လဲ"

"ကိုကိုသိပါတယ် လှိုင်"

"ဒီကိစ္စ ကိုကိုသိနေရုံနဲ့ မပြီးဘူး၊ ကိုကို့သား သိဖို့လိုတယ်၊ ပြောလိုက်စမ်းပါ၊ သားရယ် သားအမေဟာ ဖာသည်မပါလို့"

"ဘုရားရေ"





ထိုစကားလုံးက သူ့ရင်ဘတ်ကို ဆောင့်ကန်လိုက်သည့်နှယ်။ သူ့တစ်ကိုယ်လုံး ယိုင်နဲ့သွားလေသည်။

လှိုင် ဒီလိုစကားလုံး သုံးလိုက်တာကို ဦးသုတမောင် အပြစ်မယူရက်ပါ။ ကျောင်းပြီးစမှာ သူ အင်္ဂလန်ကို အလုပ်သွားလုပ်ခဲ့သည်။

လှိုင်နဲ့က အခန်းချင်းကပ်။ ဒါပေမဲ့ လှိုင့်ကို သူ စိတ်မဝင်စားပါ။ သူ စိတ်ဝင်စားသည်က ကလပ်မှာတွေ့ဆုံရတဲ့ ပန်းကဗျာ။

ပန်းကဗျာက သူတို့ထက် တစ်နှစ်လောက်စောပြီး အင်္ဂလန်ကို ရောက်နေတဲ့ မိန်းကလေး။ ဘာပဲဖြစ်ဖြစ် သူ့စိတ် သူ့နှလုံးသားကို ဆွဲပြုက်နေအောင် အစဉ်လှုံ့ဆော်နိုင်တဲ့ ပန်းကဗျာကို သူ ခွဲလမ်းခဲ့သည်။

ပန်းကဗျာကလည်း သူ့ခွဲလမ်းမှုအတိုင်းဖြစ်ကာ နှစ်ယောက်သား လက်မထပ်ဘဲ အတူနေဇာတ်လမ်းမျိုး စ၏။ ဒါကလည်း ပန်းကဗျာက လက်ထပ်ဖို့ကိုငြင်းဆန်ကာ အတူနေဖို့သာ ခွင့်ပြုတာမို့။

အတူနေကြတော့ ပျော်တာပဲသိသည်။ ဒီလိုနဲ့ မကြာခင် ပန်းကဗျာမှာ သူ့ကိုယ်ဝန်ရှိနေသည်။ ကိုယ်ဝန်ရှိမှန်းသိတော့ လက်ထပ်ကြဖို့ကို သူပြောသည်။ ပန်းကဗျာက လက်ထပ်ဖို့ ငြင်းဆန်သည်။ ကလေးကို ဖျက်ချပစ်ဖို့ပြောလျှင် သူနဲ့ပန်းကဗျာ စကားများကြသည်။

အဲဒီမှာ အခြေအနေအရပ်ရပ်ကို အကဲခတ်မိနေတဲ့ လှိုင်က–

"ရှင်တို့တွေ ရှက်လည်းမရှက်ကြဘူး၊ ငရဲကြီးမှာလည်း မကြောက်ကြဘူး။ သူများနိုင်ငံကို လာပြီးတော့ ဘဝတွေ, အသိတရားတွေ



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်အောင်လုပ်ဖို့ထက် စိတ်အလိုလိုက်ပြီး ကလေကချေလို ဖြစ်နေကြတာ မိဘတွေသိရင် ရင်ကျိုးရမှာ၊ ကဲပါလေ၊ ရှင်တို့ဖြစ်ကြတာ ဖြစ်ပြီးပြီ၊ ဗိုက်ထဲက,ကလေးမှာ ဘာအပြစ်ရှိလို့လဲ ပန်းကဗျာရယ်''

''ရှင် ဝင်မပါနဲ့''

ပန်းကဗျာ ပက်ခနဲဝင်ပြောတော့ လှိုင်သစ္စာ မျက်နှာပျက်ကျသွားသည်။ သုတမောင်က လှိုင်သစ္စာကို အားနာကာ –

''ကဗျာ''

''ဒါလင် ဘာသိလို့လဲ၊ ဒီကလေးရှိရင် ကဗျာနေချင်သလိုနေလို့မရဘူး၊ ကဗျာက ကဗျာ့စိတ်နဲ့ကဗျာ ရှက်လွှင့်ချင်တယ်''

''ကဗျာ့သဘောပါ''

''တကယ်လား ဒါလင်''

ပန်းကဗျာ အားရဝမ်းသာစွာနဲ့ ဖက်လှဲတကင်း မေး၏။ လှိုင်သစ္စာက ထိတ်ထိတ်လန့်လန့်နှင့် –

''ဒါ ဒါဆို ရှင်တို့နှစ်ယောက်လုံးက ဒီကလေးကို ဖျက်ဆီးတော့မယ်ပေါ့၊ ဟုတ် ဟုတ်လား ကိုသုတရယ်''

သုတမောင် ခေါင်းတစ်ချက်ရမ်းကာ –

''မဟုတ်ဘူး''

''ဘယ်လို ဒါလင်''

''ဒါလင်ပြောပြပါရစေ ကဗျာရယ်''





ပန်းကဗျာက ချက်ချင်း နှုတ်ခမ်းစူကာ ဖက်ထားမိတဲ့ ဒါလင်ကို ဖြေလွှတ်ကာ အလိုမကျစိတ်နဲ့ ဆိုဖာမှာ ဆောင့်အောင့်ဝင်ထိုင်လိုက်သည်။

''ဒီကိစ္စက ဒါလင်အသုံးမကျလို့ဖြစ်တာ လှိုင်ရဲ့''

လှိုင်သစ္စာမျက်နှာ ဘယ်နေရာသွားထားကောင်းမှန်း မသိတော့ပါ။ ဒီနှစ်ယောက်ကြားမှာ သူမ ရှက်နေရတာက အရင်၊ ထိုနှစ်ယောက်က ရှက်နေဖို့လည်း စိတ်မဝင်စား။

အထူးသဖြင့် သုတမောင်ပေါ့။

''ထားပါတော့ ကဗျာ၊ ဒါလင်အသုံးမကျလို့ ဖြစ်လာတယ်ပဲ ထားလိုက်ပါတော့၊ အဲဒီအတွက် ဒါလင်ပဲ တာဝန်ယူမယ် ကဗျာ၊ ဒါပေမဲ့ ကလေးကိုတော့ မွေးပေးပါ''

''ဟုတ် ဟုတ်သားပဲ ကဗျာရယ်၊ လှိုင် ကလေးထိန်းပေးမယ်လေ၊ ကဗျာ လွတ်လွတ်လပ်လပ် နေချင်သလိုနေပေါ့ ကဗျာရဲ့''

လှိုင်သစ္စာ ကမန်းကတန်း ဝင်ပြောသည်က အားတက်သရော။ ပန်းကဗျာက နှုတ်ခမ်းကြီးစူထားလျက်နဲ့ သုတမောင်ကို မျက်လုံးရွဲကြီးနဲ့ စိုက်ကြည့်ကာ –

''ဒါလင် ကဗျာ့ကို ဒီကလေးဗန်းပြပြီး မချုပ်ချယ်ဘူးဆိုရင်''

''ကဗျာရယ် ကဗျာနေချင်သလို နေပါ''

''အိုကေ၊ ပန်းကဗျာတို့ကလည်း အဲဒါပဲလိုချင်တာ''



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကြားထဲက ဝမ်းသာရသူက လှိုင်သစ္စာရယ်။

''လှိုင်က ကဗျာ့ကလေးကို တကယ်ထိန်းမှာနော်၊ နောက်မှ မထိန်းဘူး, ဘာဘူး မလုပ်နဲ့''

''ကဗျာရယ် လှိုင်ထိန်းပါ့မယ်၊ မွေးမှာသာ မွေးစမ်းပါ''

''ဒအေး၊ လှိုင် အာမခံရင် မွေးပေးမယ်''

ပန်းကဗျာစိတ်ရင်းနဲ့ဆို ပန်းကဗျာ ဒီကလေးကို မမွေးလိုပါ။ ဒါလင်က အာမခံလို့ရယ်၊ လှိုင်က တာဝန်ယူလို့ရယ်။

ဘာပဲဖြစ်ဖြစ် လှိုင့်ကို သူ ကျိတ်ပြီးကျေးဇူးတင်ခဲ့သည်။ ကဗျာက သူ့ရင်သွေးကို မွေးပေးရုံကလွဲပြီး လှည့်ပင်မကြည့်။ ကလေးမွေးရလို့ အလုပ်ပျက်ရလေခြင်းဆိုပြီး ပျက်တဲ့အလုကို ပြန်ထိန်းသိမ်းပြုပြင်နေချိန်မှာ လှိုင်က ကလေးအမေတစ်ပိုင်း ဖြစ်လို့နေသည်။

✿ ✿ ✿



## အခန်း (၃၂)

''တောက်''

သုတမောင် ကြိတ်မနိုင်ခဲမရ ဒေါသတွေထွက်လို့နေသည်။ အဖြစ်အပျက်က ထုတ်ပြောရမှာတောင် ရှက်ဖို့ကောင်းလှသည်။

ကလေးမွေးပြီး သုံးလပင်မပြည့်။ ပန်းကဗျာတစ်ယောက် ဂျပန်အလည်သွားမယ်ဆိုပြီး ထွက်သွားတာက တခြားယောကျ်ားနဲ့။ ဂျပန်က ပြန်လာပြီးလည်း သူ့ဆီပြန်မလာ။

ကလပ်မှာတွေ့တဲ့တစ်ယောက်ယောက်နဲ့ ခေါ်တဲ့ဆီလိုက်ပါသွားနေခဲ့သည်။ တရားဝင်လက်ထပ်ထားတာမဟုတ်တော့ ပြောပိုင်ခွင့်လည်းမရှိ၊ တားလို့မရ။

သူ့ဆီပြန်လာတဲ့အချိန်က သူမမှာ သုံးစရာငွေလိုတဲ့အချိန်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းချင်းကပ်လျက်မှာ ရှိနေတဲ့သားကိုပင် ခေါင်းထိုးပြီး ကြည့်မသွား။ သူ့ဆီက လိုတဲ့ငွေရတာနဲ့ ပျောက်သွားတာ တစ်လကိုးသီတင်း။

မစုံစမ်းလိုက်နဲ့၊ ပန်းကဗျာတစ်ယောက် စပွန်ဆာရရင် ဘယ်သူနဲ့မဆို ပါသွားပြီးသား။ အတောင်ညောင်းရင် အမောဖြေဖို့ အသိုက်အဝန်းကို ပြန်လာတဲ့ ငှက်မလေးလို ပန်းကဗျာပြုမူနေတာ အကြိမ်ရေများလှပြီ။

တစ်နေ့ ကောင်းလာနိုးနိုး၊ တစ်နေ့ ခြေပြိမ်နိုးနိုးနဲ့ သူ့မှာ မျှော်လင့်နေခဲ့တာက သားရဲ့မိခင်ဆိုတဲ့ အသိနဲ့ပါ။ နောက်ဆုံး သူ့ရှာသမျှ သူမ့ဖြုန်းရင် ကုန်တာချည်း။

လိုအပ်ရင် သူ မရှက်နိုင်။ လိုင့်ဆီကပါ ချေးငှားပေးရသေးသည်။ ကြာလာတော့ သူ သည်းမခံနိုင်တော့ပါ။

"ကဗျာ၊ ကဗျာ့နေပုံထိုင်ပုံနဲ့ ယောက်ျားတကာနဲ့ချိန်းပြီး ပျော်သလိုလိုက်နေတဲ့အဖြစ်ကို ကိုယ် သည်းမခံနိုင်တော့ဘူး၊ ကဗျာ ဆုံးဖြတ်စမ်းပါ၊ ဒါလင်တို့ လက်ထက်ဖို့၊ ပြီးတော့ မြန်မာပြည်ပြန်မယ်၊ သားနဲ့ မိသားစုအတူနေကြစို့"

"ဟွန်း ကဗျာ့ကို ဒီလိုလာမသိမ်းသွင်းနဲ့၊ မရဘူးဒါလင်၊ ကဗျာ အစကတည်းက ဒီလိုနေလာတာလေ၊ ဒါလင်သိနေတာပဲ"

"သိပေမယ့် သားဘဝအတွက် ဂုဏ်သိက္ခာရှိဖို့လိုတယ်ကွ"

"ဂုဏ်သိက္ခာ၊ ဂုဏ်သိက္ခာက ဘာလုပ်လို့ရလဲ၊ ပိုက်ဆံလို





လို့ရလား ဒါလင်ရဲ့၊ အလကား ကိုယ့်ကိုယ်ကိုယ် စည်းဝိုင်းထဲ ထည့်နေတဲ့အစဉ်အလာတွေ၊ ကဗျာ့အတွက် ဘာမှမလိုဘူး၊ ကဗျာ့အတွက် ယောက်ျားရှိရှိ ဖြစ်တယ်"

"တောက်"

သူ လက်တစ်ဖက် ဆတ်ခနဲ မြောက်တက်သွား၏။

"ရိုက်ကြည့်လေ၊ မိန်းမတစ်ယောက်ကို နှိပ်စက်မှုနဲ့ ဖမ်းထည့်လို့ရတယ်"

"တောက်"

သုတမောင် လက်ကို ပြန်ချလိုက်ရသည်။ ပန်းကဗျာဆိုတာ ဒီလိုမိန်းကလေးမျိုး။

"တော်ပြီ၊ ဒါလင့်မှာ အရင်လို မက်စရာကောင်းတဲ့ဖီလင်တွေ မတော့ဘူး၊ ကဗျာသိတယ်၊ ဖီလင်မရှိတဲ့ယောက်ျားနား နေရတာ အနှယ်ကိုင်းချင်လာတယ်၊ တကယ်၊ ကဗျာတို့က လန်းချင့် ကဲချင်စိတ်ပဲ တယ်၊ သွားလိုက်ပါဦးမယ်၊ ဘိုင်"

ဒီလိုနဲ့ ကဗျာထွက်သွားလိုက်တာ တစ်နှစ်နီးပါး။ ကဗျာ့ ကြောင်းကိုတွေးရင် ရင်နာသလို သားကိုမြင်တော့ စိတ်မကောင်းဖြစ်ရပြီ။

"သုတရယ်၊ ရှင့်အဖြစ်က အမိမြေမှာသာဆိုရင် သူများတံတွေး ထဲ မျောနေမှာဟ၊ ရှေ့ဆက် ဒီလိုပဲနေသွားရင် နင့်သားကို သူများ



www.burmeseclassic.com

www.burmeseclassic.com



နှိမ့်နှိမ့်ချချ ပြောတော့မှာလေ၊ ခုတောင် ဒီကိစ္စ ဘယ်လောက် ထားရသလဲ''

''ဟုတ်တယ် လှိုင်''

''နင် ကဗျာ့ကို သေချာစည်းရုံးကြည့်ပါလားဟယ်''

''မရဘူးဟ''

သုတမောင် ဝမ်းနည်းလာကာ မျက်ရည်တွေပါ စီးကျလာ အထိ ခံစားရသည်။

''ဒါဆို နင် ဘယ်လိုလုပ်မလဲ''

သုတမောင်လည်း ဘာလုပ်ရကောင်းမှန်း မသိတော့ပါ။ နှောက်နဲ့နှလုံးသား ထူပူကာ လှိုင့်ကိုပဲ အတန်ကြာ ငေးကြည့်နေ သည်။

သူတို့ယောကျ်ားတွေရဲ့စိတ်ဟာ တစ်ခါ တစ်ခါ အံ့ဩ ကောင်းလှသည်။ မိန်းမကောင်းဆန်တဲ့ မိန်းမမျိုးကို မြင်နေ တွေ့နေ နဲ့ မက်မောစိတ်တွေ ဖြစ်မလာတတ်ပါ။

ဆတ်ကော့လတ်ကော့နဲ့ သူတို့စိတ်ကို ဆွပွက်စေတဲ့ ခပ် မိန်းမများအပေါ် ယိုင်နဲ့နေတတ်သည်။

အဲဒီစိတ်ကြောင့် လှိုင့်ထက် ကဗျာ့ကို သူ စွဲလမ်း ကဗျာရဲ့အကြည့်၊ အတွေ့အထိတွေမှာ သူ စိတ်နှလုံးသား သာယာ

ခုတော့ သာယာစိတ်တွေအစား သောကတွေနဲ့ ပူလောင်





အဖြစ်။ မကြာခင် သူ့သားလေးဟာ ကြီးလာတော့မယ်။ သားရဲ့အမေဟာ ဒီလိုမိန်းမမျိုးပါလို့ သူ ဖွင့်မပြောရဲပါ။

သူကိုယ်တိုင်လည်း ဒီလိုမိန်းမမျိုးနဲ့ ဖောက်လမ်းရှိခဲ့တာကို ပတ်ဝန်းကျင်သိအောင် ထုတ်ပြောရမှာ ရှက်လှသည်။

ဒါကြောင့် သားရဲ့မိဘနေရာမှာ ဦးသုတမောင်နဲ့ ဒေါ်လှိုင်သစ္စာ ဆိုပြီး သူကိုယ်တိုင် နာမည်အစားသွင်းခဲ့မိသည်။

လှိုင့်ကိုလည်း သူနဲ့လက်ထပ်ဖို့ သူ မရှက်တမ်းတောင်းခံခဲ့တာ သားဘဝစင်ကြယ်နေရေးအတွက်။

လှိုင်က ကဗျာ့သတင်း စုံစမ်းပါသေးတယ်။ ကဗျာက အဲဒီ အချိန်မှာ စက်မှုလုပ်ငန်းရှင်တစ်ယောက်ရဲ့ အပျော်မယားလေး ဖြစ်လို့နေ သည်။

နောက်ဆုံး လှိုင်က သားအနာဂတ်အတွက် သူ့တောင်းဆိုမှုကို လက်ခံကာ သူနဲ့လှိုင် တရားဝင် လူသိရှင်ကြား လက်ထပ်ပေါင်းသင်း နေထိုင်ခဲ့ကာ။ အားလုံးက သားဟာ သူနဲ့လှိုင့်သားပဲလို့ သိကြတဲ့အထိ။

ဘာမှမသိရှာတဲ့သားက လှိုင့်ကို မာမီလို့ခေါ်ကာ သည်းသည်း လှုပ် ချစ်နေခဲ့သည်။ အဲဒီတုန်းက သူရယ်၊ လှိုင်ရယ်၊ သားရယ်ဟာ တကယ့်ကို ချစ်ခင်တွယ်တာကာ ပျော်ရွှင်တဲ့မိသားစုစစ်စစ်လေးသဖွယ် ဖြစ်ခဲ့ကြသည်။

သို့သော် သိပ်မကြာခင် ပန်းကဗျာ ဘွားခနဲ ပေါ်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်နဲ့သူ့ဆီက လိုတဲ့ငွေ ကျိတ်တောင်းသည်။ တောင်းတိုင်းလည်း ပေးရပေါင်း များလှပြီ။ ကြာလာတော့ မပေးချင်တော့ပါ။

"ကဗျာလည်း ကဗျာ့ဘဝနဲ့ကဗျာ နေချင်သလို ဆက်နေသွားတော့၊ ကိုယ်တို့နဲ့ လုံးဝမပတ်သက်ပါနဲ့တော့"

"ပတ်သက်ရမှာပဲ၊ ကဗျာက ရှင့်အတွက် ကလေးတစ်ယောက်လုံး မွေးပေးထားတာ၊ အဲဒီအတွက် ကဗျာလိုတာ ပေးရမှာပဲ၊ မပေးရင် ကဗျာမွေးထားတဲ့ကလေးကို ကဗျာ ပြန်ခေါ်ပြီး တခြားသူကို မွေးစားဖို့ ပေးပစ်လိုက်မယ်"

"ဘုရားရေ"

လှိုင်နဲ့သူ မယုံနိုင်အောင် မျက်လုံးပြူးလေသည်။

"ကဗျာ ပြောထားပြီးပြီ၊ ကဗျာ အခုတွဲနေတဲ့ ဘော့စ်လေ သိတယ်မဟုတ်လား၊ သူ့မယားက ကလေးလိုချင်နေတယ်၊ အဲဒါ ကဗျာ ကလေးကို ကဗျာပေးမယ်လို့ ပြောခဲ့တယ်၊ အဲဒီအတွက် ငွေက ကဗျာ တောင်းသလောက်ရမှာ"

ကြည့်စမ်း။ လောကကြီးမှာ ဒီလိုမိန်းမမျိုး ရှိနေပါလား။ အဲ မိန်းမဟာ သားရဲ့မိခင်။ သူ့ရဲ့ တရားမဝင်မိန်းမ။ တခြားယောကျ်ားတွေ ပျော်တော်ဆက်။

"တောက် ကဗျာ၊ မင်းရင်ထဲမှာ မိခင်စိတ်မရှိတာကို ဘာမှမပြောဘူး၊ ခုဟာက မင်းက ဝမ်းကထွက်တဲ့ကလေး ရောင်း





တာဆူနေတဲ့မိန်းမယုတ် ဖြစ်နေတာမျိုး"

"ထင်ချင်သလိုထင်၊ ပြောချင်သလိုပြော၊ ကဗျာတို့က ငွေပဲလိုတယ်၊ ငွေရရင် ပြီးရော"

"စိတ်ချ၊ မင်းလိုချင်တဲ့ငွေ ဒီနေ့ကစပြီး ငါမပေးနိုင်တော့ဘူး၊ အေး ငါ့သားကိုတော့ လာမထိနဲ့၊ မင်းဟာ သားရဲ့အမေဆိုတဲ့ အထောက်အထား ဘာရှိလို့လဲ၊ သားဟာ ငါနဲ့လှိုင်ရဲ့သား၊ ငါတို့ရဲ့ တရားဝင်သား၊ မင်းကို တရားဥပဒေနဲ့ ငါအရေးယူမယ် ကဗျာ၊ ငါ့သားလေးကို ထိရဲရင် ကြံစည်ကြည့်ကွ"

"ဩော် ရှင်တို့က ဒီလိုကိုး၊ ရတယ်လေ၊ တရားဥပဒေအရ ရှင်တို့ ပိုင်တယ်မဟုတ်လား၊ အဲဒီပိုင်ဆိုင်မှုအတွက် ရှင်တို့နှလုံးသားတွေ ကွဲကြေသွားအောင် ကဗျာလုပ်ပြမယ်၊ စောင့်ကြည့်လိုက်"

ဒီစိန်ခေါ်မှုတွေနောက်မှာ ဖြစ်လာတာတွေက နုနယ်တဲ့သားရဲ့ နှလုံးသားကို ကဗျာကိုယ်တိုင် အဆိပ်လောင်းပေးခဲ့တာလေ၊

သားလေးကို သူတို့ကွယ်ရာ လိုက်တွေ့ပြီး သူမက သားရဲ့ အမေရင်းဖြစ်ကြောင်း၊ အမေနဲ့သားကို လှိုင်က ခွေးခွဲထားသတဲ့၊ လှိုင်က သူ့ကို ဖမ်းယူလိုက်လို့ သူက ကဗျာ့ကို စွန့်ပစ်သတဲ့။ အဲဒါ ကြောင့် သားရဲ့အမေရင်းဟာ လမ်းပေါ်ရောက်နေရတာ ဘာညာနဲ့။

သားက သိတတ်စအရွယ်။ ပြောတိုင်းယုံလွယ်တဲ့ ကလေး။ ဒီတော့ သူ လှိုင့်အပေါ် အငြိုးထားခြင်း စလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာသွေးထိုးစကားတွေ သားလေးရင်ထဲရောက်ပြီးကတည်းက သားက လှိုင့်အပေါ် ရင့်သီးနေခဲ့သည်။

သူနဲ့လှိုင့်ကြားမှာ အိပ်လေ့ရှိတဲ့ သားက သူတို့နဲ့ အိပ်ရာမှ အိပ်နေခဲ့သည်။ အိပ်မက်ထဲမှာတောင် သားက လှိုင့်အပေါ် ရန်လိုစွာ အော်ဟစ်တာမျိုး။

ဒီအခြေအနေကို ဘယ်လိုမှ ထိန်းလို့မရခဲ့ပါ။ ဒီလိုနဲ့ ကဗျာတစ်ယောက် အဆိုတော်တစ်ယောက်နဲ့ အကြောင်းပါပြီး မူးယစ်ဆေးဝါးသုံးမိရာက ရှော့ခ်ဖြစ်ပြီး သေဆုံးသွားခဲ့သည်။

အဲဒါ သား ကိုးနှစ်အရွယ်မှာ။ ကဗျာသုံးတဲ့သတင်းက ဟိုးလေးတကြော်ကြော်။ သူမ,တွဲတဲ့ အဆိုတော်ပါ ဆေးရှော့ခ်ဖြစ်ပြီး အတူတူဆုံးတာဆိုတော့ သား မသိဘဲမနေ။

"မာမီ့ကြောင့် အမေသေရတာ"

ဟု စွပ်စွဲပြန်သည်။ သား စိတ်ပေါက်ကွဲချိန်၊ နုနယ်ချိန်မို့ သူတို့လည်း ဘာမှပြန်မပြောပါ။ ကြာရင်မေ့သွားမှာပဲဆိုတဲ့အသိနဲ့ သားအလိုကျ ကဗျာ့ကို ကောင်းမွန်စွာ သူကိုယ်တိုင် သဂြိုဟ်ပေးခဲ့သည်။

သားက အုတ်ဂူလေး အမှတ်တရလုပ်ပေးပါဆိုတာလည်း သူမငြိုငြင်ဘူး။ လှိုင်ကလည်း သားစိတ်အတိုင်း လိုက်လျောကာ တစ်ချိန်ချိန်မှာ သားလေးစိတ်မှာ အမေဆိုတဲ့အစွဲ ပျောက်ကွယ်သွားမှာပဲ ဆိုတဲ့မျှော်လင့်ချက်နဲ့ပါ။





နောက် မကြာဘူး။ သူတို့မိသားစု အင်္ဂလန်က ပြန်ခဲ့သည်။ နေရာအပြောင်းအလဲနဲ့ ပတ်ဝန်းကျင်သစ်မှာ သားစိတ်လေးပြောင်းလဲသွားပါစေတော့ဆိုတဲ့အတွေးနဲ့ အမိမြေမှာ ပြန်လည်အခြေချပြီး ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေခြင်း။

ဒါပေမဲ့ သားရဲ့တိုက်စစ်တွေ နေ့စဉ်နဲ့အမျှ ခံစားနေခဲ့ရတာမှအသိ။

အရွယ်ရောက်လာတော့လည်း သားစိတ်က မပြောင်းလဲ။ ကဗျာသွန်းလောင်းခဲ့တဲ့ အဆိပ်အတောက်က အရှိန်မသေသေး။ ဆက်လက်ရှင်သန်ကာ။

ဘာကိစ္စဖြစ်ဖြစ် လှိုင့်ကို ရင့်သီးနေခဲ့သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

''ကိုကို၊ သား အခုတွဲနေတဲ့ ကောင်မလေးတွေက ခပ်
ခပ်သွက်သွက်ကလေးတွေ။ တော်ကြာ ငြီးငွေ့သွားရင် လိုင်တို့ပဲ ရင်
ရမှာ၊ သားကိုပြောပါဦး၊ လိုင်ပြောလို့ ပိုပြီးရွဲ့နေသလားပဲ၊ အဲဒီကော
မလေးတွေကို သားက တိုက်ထဲပါ ခေါ်လာတယ်လေ''

သား ကောင်မလေးတွေနဲ့တွဲနေတာ သူသိသည်။ ဒီလိုတွဲ
ကလည်း သူ့မာမီကို မကျေနပ်လို့။

''ယောက်ျားလေးဆိုတာလည်း တည်တည်တံ့တံ့ နေ
ထိုင်တတ်ရတယ် သားရဲ့၊ အနေအထိုင်မတတ်ရင် မိန်းမပေါ့နဲ့
တတ်တယ် သား''

''ကျွန်တော့်ဘာသာကျွန်တော် မိန်းမပေါ့နဲ့တွေ့တွေ့ ခင်ဗျ





မဆိုင်ပါဘူး''

ဒီလိုပြန်ပက်သလို သူ့မာမီ မျက်စိနောက်အောင် တွဲပြ၏။
ဒီလိုတွဲပြလာတော့ လိုင်က စိုးရိမ်တကြီးနဲ့ သူ့ကိုတိုင်သည်။

သူက သားကို ဆုံးမချင်၍ –

''သား၊ သားမှာ သားတွဲနေတဲ့မိန်းကလေးတွေ အများကြီးဆို''

လေသံပျော့ပျော့လေးနဲ့ စကားစမိပါတယ်၊

''မာမီပြောတာ မဟုတ်လား''

မကျေမနပ် ပြန်မေးထည့်၏။ ဦးသုတမောင် မျက်လုံးစုံမှိတ်
ကာ ခေါင်းသာရမ်းမိသွားသည်။

လိုင်က သားကို သူ့လိုဖြစ်သွားမှာ စိုးရိမ်နေတာ သူသိသည်။
သူ့တုန်းကလည်း ဒီလိုပဲ။ ပေါ့ပေါ့ပျက်ပျက်ဟာလေးကိုမှ စိတ်ညွတ်မိလို့
သားတစ်ယောက်ရခဲ့တာ မဟုတ်လား။

သားကို သူ့လိုဖြစ်မှာ စိုးရိမ်ကာ။ ဒါပေမဲ့ ဆုံးမမယ်ဆိုတဲ့စိတ်
က သားရဲ့မေးခွန်းတွေနောက်မှာ အလိုလို ပျောက်ဆုံးနေခဲ့သည်။

''ဘယ်သူမှမပြောပါဘူး သားရယ်၊ သားတို့ကို သွားရင်းလာ
ရင်း ဒယ်ဒီတွေ့မိလို့ပါကွာ''

''အလကား၊ ဒယ်ဒီညာတာ ကျွန်တော်သိတယ်၊ မာမီက ကျွန်
တော့်ကိုပဲ မျက်စိဒေါက်ထောက်ကြည့်ပြီး ရမယ်ရှာနေတာ ကျွန်တော်
မသိဘူးမထင်နဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဖအေကို ပြန်ပက်ရင်း ဖအေ့ရှေ့တင် တွဲပြတာတွေအထိ သားက အရွဲ့တိုက်၏။

တွဲတဲ့အထဲမှာ ယွန်းဝတီကိစ္စက အတော်မျက်နှာပျက်စရာ ဖြစ်စေသည်။

''သား ယွန်းဝတီကို တကယ်ယူနိုင်လား''

''ယူဖို့မဟုတ်ဘူး။ ဖြတ်ဖို့တွဲတာ''

''သားရယ်''

''ဟုတ်တယ်လေ၊ ယွန်းဝတီဆိုတာ မာမီနဲ့ ဆွေမကင်း မျိုးမကင်းကဲ့၊ မာမီ့သားကျွန်တော်က လူပွေလူရှုပ်လေးမှန်း မာမီ့အမျိုးတွေ သိအောင် တွဲပြလိုက်တာ၊ စိတ်ချ ကျွန်တော်ဖြတ်မှာပါ''

တကယ်လည်း ပြောတဲ့အတိုင်းဖြစ်၏။ အဲဒီမှာ လှိုင်နဲ့ လှိုင့်အမျိုးတွေ အကြီးအကျယ် စကားများသည်။

''လှိုင့်သားက လူသိရှင်ကြားတွဲပြီးမှ အဆက်ဖြတ်တာ ဘာသဘောလဲ''

ဆိုပြီး ရန်တွေဖြစ်ကြတာလေ။ သားက မြိန့်မြိန့်ချည်းပဲ ထိုင်ကြည့်ရင်း ပွဲကြည့်ပရိသတ်လုပ်နေခဲ့သည်။ လှိုင်က သူ့သားကို ထိပါးပြောလာတော့လည်း မကြိုက်။

အမျိုးတွေနဲ့ မခံချိမခံသာ ပြန်ပြောကာ အဲဒီကိစ္စကြောင့် လှိုင်နဲ့ လှိုင့်အမျိုးတွေ စကားမပြောကြတဲ့အထိ အခြေအနေ တင်းမာခဲ့





ကြသည်။ သားကတော့ မမှုရေးချ မမှု။

''မာမီ့ရင်ထဲမှာ အဲလို လောင်နေမှလေ၊ မာမီက သူ့ကိုယ်သူ အင်မတန် မိခင်ရင်းကြီး ဖြစ်ချင်နေတယ်မဟုတ်လား''

ဟု ပြန်ပြောတတ်သည်။

သူ့မှာ သားကို ဆုံးမလို့မရတဲ့အဆုံး လှိုင့်ကိုပဲ ဖိပြောနေရသည်က အကြိမ်ကြိမ်။

မိသားစုအတွင်းမှာ နှလုံးသားတိုက်ပွဲတွေ ဖြစ်နေကြတာ နေ့စဉ်နဲ့အမျှ။ သားအတွက် ကြာလေ သူ ရင်လေးလေ။

ဒါကြောင့် သားနဲ့သင့်တော်မယ့် မိန်းကလေးမျိုးကို သူ ကျိတ်ရှာခဲ့သည်။ ယဉ်ကျေးသိမ်မွေ့ပြီး ဂုဏ်သိက္ခာရှိမယ့် မိန်းကလေးမျိုး။ ဒါတင်မက သားရဲ့ အရိုင်းဆန်စိတ်ကို နားလည်ပေးနိုင်မယ့် ချွေးမ အလိမ္မာမျိုးလေး ရဖို့ သူ ရှာဖွေခဲ့သည်။

သူရှာဖွေခဲ့သည့်အတိုင်း ရှင်းသန့်သမီးလေးကို တွေ့တော့ သူ အတော်သဘောကျသွားသည်။ သားအတွက် ဒီလိုမိန်းကလေးမျိုးမှ။

ရုပ်ရည်လေးက စင်ကြယ်လှပသလို ချစ်ခင်နှစ်သက်စိတ်ကို ဖြစ်ပေါ်စေတဲ့ အမူအရာလေးကအစ သဘောကျစရာကောင်း၏။

ဒါကြောင့် ဒီကိစ္စ သားကိုဖွင့်ပြောတော့ သားက –

''ဒါ မာမီ့အစီအစဉ်တွေ မဟုတ်လားတဲ့''

''သား''



www.burmeseclassic.com

www.burmeseclassic.com



"သားသိတယ်၊ မာမီက သားနဲ့ပတ်သက်ရင် တစ်ခုမဟုတ် တစ်ခု စီစဉ်ပြီး ချုပ်ကိုင်ဖို့ ကြိုးစားနေတာ၊ ကျွန်တော် လက်မခံဘူး"

ဟု ယတိပြတ်ငြင်းခဲ့တာ အကြိမ်ကြိမ်။ သားငြင်းတိုင်း သူ မျက်နှာချိုသွေးပြီး ချော့မော့ပြောဆိုကာ။ နောက်ဆုံး သမီးလေး၊ တိုက်ဝမှာ ပက်ပင်းဆုံတဲ့အဖြစ်။

"သမီးလေး"

လို့ ပြောဆိုမိတ်ဆက်ပေးလိုက်တဲ့နောက်မှာ သားက နှုတ်ဆိတ် နေခဲ့သည်။ နှုတ်ဆိတ်ခြင်းက ဝန်ခံခြင်းလို့ သူနားလည်ကာ အမြန်ဆုံး ဖြစ်အောင်စီစဉ်ပြီး မင်္ဂလာဆောင်ပေးခဲ့သည်။

ဘာပဲဖြစ်ဖြစ် အိမ်ထောင်သည်ဖြစ်သွားရင်၊ နောက်တစ်ဆင့် ကလေးအဖေ ဖြစ်လာရင် သူနဲ့လှိုင့်အပေါ် နားလည်လာမယ်၊ အမြင် ကြည်လာမယ်လို့ မျှော်လင့်ကာ။

လက်တွေ့မှာတော့ မျှော်လင့်တာတွေနဲ့ ဆန့်ကျင်ဘက်။

"လှိုင်"

"ရှင် ဘာမှမပြောပါနဲ့၊ ကျွန်မက မိခင်အရေခြုံထားတဲ့ မိစ္ဆာ ပဲ၊ ဘာကိုမှ မမက်တော့ဘူး၊ မက်စရာလည်း ဘာမှမရှိတော့ဘူး၊ ရှင့် သားက ရှင့်နားမှာ ကျွန်မကို မမြင်ချင်တဲ့အထိဖြစ်နေတာတောင် ရှင့် သားဘက်က ရှင်ရပ်တည်ပြီး ကွာရှင်းဖို့ ရှင် စဉ်းစားတယ်မဟုတ်လား"

"လှိုင် ဒါက"





"ရှင် ဖြေရှင်းချက်မပေးပါနဲ့၊ ရှင့်ကိုယူကတည်းက ကျွန်မ ဘဝက အရှုံးချည်းပဲ၊ အဲဒီသားအတွက် ရှင်က ဘယ်လောက်ဟောင် အတ္တကြီးခဲ့သလဲဆိုတာ ရှင်အသိဆုံးပါ၊ သားကလွဲပြီး တခြား ဘယ်သား သမီးကိုမှ ရှင်မလိုချင်ခဲ့တဲ့အထိလေ"

ပြောရင်လည်း သူ လည်စင်းပြီးခံရုံသာ။ ဟုတ်တယ်။ လှိုင်နဲ့ သူ နောက်ထပ်ရင်သွေးရလာရင် သားအပေါ် လှိုင် အချစ်ပေါ့သွားမှာ သူ အစိုးရိမ်ဆုံးပဲ။

ဒီကိစ္စ လှိုင်ပြောဆိုလာမှာသိတာမို့ လှိုင်မသိအောင် သူ့ဘက်သူ ကာကွယ်ပြီး နေလာခဲ့တဲ့အထိ။

"ရှင့်သားကို ကဗျာဟာ ဘာမိန်းမဆိုတာ မပြောပြချင်တဲ့ ရှင့်စိတ်၊ ရှင်ဟာ အဲလိုမိန်းမမျိုးနဲ့ ဇာတ်လမ်းဖြစ်ခဲ့တာကို သားသိမှာ ရှက်တဲ့စိတ်၊ ရှင့်သား ဂုဏ်သိက္ခာရှိအောင် ဖန်တီးချင်တဲ့စိတ်တွေနဲ့ ကျွန်မဘဝကို ရှင့်စိတ်ကြိုက် ဖန်တီးယူခဲ့တယ်၊ အဲဒီအထိ ကျွန်မ ကျေနပ်ပေးခဲ့တယ်၊ ရှင့်သားကို ကျွန်မဗိုက်ထဲက မမွေးခဲ့တာ၊ ကျွန်မ နို့မတိုက်ခဲ့တာကလွဲရင်"

"လှိုင့်ကို ကိုကိုတောင်းပန်တယ်"

"မတောင်းပန်နဲ့၊ ကျွန်မမှာ ခံစားနိုင်တဲ့၊ ခွင့်လွှတ်နိုင်တဲ့ နှလုံး သား မရှိတော့တာ ရှင့်သား ကျွန်မကို ကွာပစ်ခိုင်းကတည်းက။ စိတ်ချ၊ ကျွန်မကလည်း ကွာရှင်းပေးဖို့ အသင့်ပဲ၊ ဒီမှာ ရှေ့နေနဲ့ တိုင်ပင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကိုကွာရှင်းဖို့ စာချုပ်ပါ အသင့်လုပ်ထားတယ်၊ ကျွန်မလက်မှတ်လည်း ထိုးပြီးသား၊ ရော့ ယူသွား''

ပြောရင်းဆိုရင်း လက်မှတ်အသင့်ထိုးပြီး အဆင်သင့်လုပ်ထား တဲ့ စာချုပ်နှစ်စောင် ပစ်ချပေးသည်။ စာချုပ်ကိုကြည့်ရင်း ဦးသုတမော မျက်ရည်တွေ ရွှဲသွား၏။

''ရှင့်သားအလိုချင်ဆုံးက အဲဒါပဲ မဟုတ်လား၊ ယူသွားတော့ ကျွန်မဟာ ရှင့်သားအတွက် မိထွေးပဲ။ ရှင့်မယားဆီ ရှင်ပြန်သွား။ ရှင့် သားလည်း ရှင်ခေါ်သွား။ ဟိုမှာ ရှင့်သားရဲ့အမေ ရှိနေတယ်။ သွား ကျွန်မရှေ့ နောက် ဘယ်တော့မှ မလာနဲ့တော့၊ ကျွန်မမှာအသည်းနှလုံး မရှိတော့ဘူး၊ မခံစားတတ်တော့ဘူး''

ဖယားသစ် မျက်လုံးစုံမှိတ်ကာ ခေါင်းကို တရစပ် ရမ်းပစ်လိုက် သည်။ စကားလုံးတွေက အရှိန်အဟုန်ပြင်းတဲ့ လေးညို့ကထွက်လာတဲ့ မြားလို သူ့နှလုံးသားကို ထုတ်ချင်းပေါက်သွားလေသည်။

ဒီအကြောင်းတွေ သူ့ကို ဘာဖြစ်လို့ သိခွင့်မပေးရတာလဲ ဒယ်ဒီ။ ဘာကြောင့် ဖွင့်မပြောရတာလဲ။

ခုတော့၊ ခုတော့၊ ဟား။

အားလုံးရဲ့နှလုံးသားတွေ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေလျက်

✿ ✿ ✿



အခန်း (၃၄)

''အစကတည်းက မင်းစိတ် ပြင်းထန်နေခဲ့တာကို ကိုယ်တို့ သဘောမကျခဲ့ဘူး ဖေ၊ ဘာပဲဖြစ်ဖြစ် မင်းမာမီဟာ မင်းအပေါ် သည်း သည်းလှုပ် ချစ်နေတယ်ဆိုတာ ခံစားလို့ရပါတယ်ကွာ''

ဇော်သိုက် စိတ်မသက်မသာနဲ့ ပြောလေသည်။

''တစ်ခါတစ်ခါမှာ ကိုယ့်အထင်ဘ ကိုယ့်အယူအဆနဲ့ ကိုယ့်ရဲ့ လုပ်ရပ်တွေက ဟုတ်နေတာပဲလို့ အထင်ရွတ်ကြီးနေတတ်တယ်၊ အဖြစ် အပျက်နဲ့ တကယ်လွဲနေမှန်း သိလာရတဲ့အချိန်မှာ ကိုယ့်အထင်၊ ကိုယ့် အယူအဆနဲ့ ကိုယ့်လုပ်ရပ်အတွက် ပြန်ခံစားရတာက မချိမဆံ့ဖြစ်နေ တတ်တာမျိုး၊ အခုလည်း မင်း အဲလိုဖြစ်နေတာ''

ထက်ပိုင် ထပ်ဆင့်ပြောလျှင် အတောမသတ်နိုင်အောင်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူ့မျက်ရည်တွေက ပိုပြီးအရှိန်ကောင်းစွာ ကျဆင်းသွား၏။

သူငယ်ချင်းတွေက သူ့စိတ်ကို ပြစ်တင်ဝေဖန်ခြင်းမျိုး မဟုတ်ဘဲ သူ့စိတ်ဖြေသာအောင် ပြောနေခြင်းဖြစ်ကြောင်း သူကောင်းစွာ သိနှင့်သည်။

တစ်ခုခုပြန်ပြောဖို့ ရင်ထဲမှာ ဆို့နေတာ သူပဲသိတယ်။

'ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းရင်ထဲက အငြိုးတွေအစား အဖြစ်မှန်သိလိုက်ရတာ မင်းအတွက် ကံကောင်းတယ်လို့ ကိုယ်ယူဆတယ်''

အာကာ ပခုံးဖက်ရင်း အားပေးသလို ပြောရှာသည်။

''ရှေ့ဆက် မင်း ဘယ်လိုရင်ဆိုင်မလဲ၊ အရေးကြီးတာက အဲဒါပဲ ဖေ''

''ဟုတ်တယ်၊ ကိုယ်တို့လည်း အဲဒါပဲပြောချင်တယ်၊ နောက်ပြီး မင်းနဲ့အဝါနုစ်''

ထိုနာမည်လေးပါလာတော့ သူ့နှလုံးသား ကြေကွဲရပြန်သည်။

''အန်တီ့လိုင့်ကို ငြိုးနေတဲ့ နောက်ဆက်တွဲအဖြစ်က အဝါနုစ်ကိုလည်း မင်း ရင့်သီးနေခဲ့တယ်၊ တကယ်တမ်းပြောရရင် မင်းရင်ထဲမှာ အဝါနုစ်ကို ဘယ်လောက်ချစ်နေသလဲ၊ ကိုယ်တို့အသိပါ၊ ဒါကိုလည်း မင်း ဖုံးဖိထားခဲ့တယ်၊ မင်းဒယ်ဒီနဲ့မင်းမာမီ မင်းဘဝဖြစ်စဉ်ကို ဖုံးဖိထားလို့ ဖြစ်လာတဲ့ မင်းရင်ထဲ ပေါက်ကွဲမှုတွေက နှစ်တွေကြာလေ အရှိန်အဟုန်ပြင်းလေ ဖြစ်ခဲ့သလို၊ မင်းရင်ထဲ ချစ်တဲ့အကြောင်းတွေ





အဝါနုစ်မသိအောင် မင်းဖုံးဖိထားတာကလည်း အဝါနုစ်အတွက် ဝေဒနာဖြစ်စေမှာပါ၊ အဲဒီဝေဒနာက မင်းအတွက် ကြေကွဲစရာချည်းပဲ မဟုတ်လား သူငယ်ချင်း''

သူ့မျက်ရည်တွေသုတ်ရင်း သက်မမောကြီးချမိသွားသည်၊ အဝါနုစ်နဲ့ သူ့နှလုံးသားဇာတ်လမ်း သူငယ်ချင်းတွေ ကြိုသိနေခဲ့တယ် မဟုတ်လား။

''အဝါနုစ်နဲ့ကိစ္စ မင်းမာမီစီစဉ်တယ် ဆိုတဲ့အသိနဲ့ မင်း အရွဲ့တိုက်ပြီး ငြင်းနေခဲ့တယ်၊ တကယ်တမ်း အဝါနုစ်ဆိုတာ မင်းရင်ထဲ ရှိနေတဲ့ မိန်းကလေးမှန်း အန်ကယ်ပြောလို့သိလိုက်ရတည်းက မင်း နှုတ်ဆိတ်နေခဲ့တယ်၊ တခြားတစ်ယောက်ဆို မင်း ကလန်ကဆန်လုပ်ဦးမှာပဲ၊ တကယ်ဆို အဲဒီအချိန်ကတည်းက မင်းရင်ထဲကအကြောင်းတွေ အဝါနုစ်သိအောင် ရင်ဖွင့်သင့်တယ်၊ ခုတော့ မင်းအပေါ်မှာ အဝါနုစ် နာကြည်းသွားမှာပဲ၊ နာကြည်းသွားလို့လည်း ရှောင်ထွက်သွားတာ၊ ကိုယ်တို့တော့ အဲလိုပဲ ထင်တယ်''

''ဟုတ်တယ် ဖေ၊ မင်းနဲ့ မင်းဒယ်ဒီ အင်္ဂလန်ထွက်သွားကြရင် အဝါနုစ် လင်ကွဲဘဝနဲ့ အရှက်ကွဲပြီး ကျန်ခဲ့မှာပဲ၊ အဲဒါကိုတွေးမိပြီး ရှက်လို့ ရှောင်သွားတာပဲကွ''

''အမိက,က မင်း ဖုံးဖိထားတဲ့ ခံစားချက်တွေကြောင့်လို ဖြစ်ရတာ''



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှမပြောလိုတော့ပါ။ မာမီ့ကို မျက်မုန်းကျိုးတဲ့စိတ်နဲ့ အရာရာကို သူ လျှို့ဝှက်စွာ ခံစားနေခဲ့သည်။

သူမကို တကယ်တွေ့ခဲ့တော့ ချစ်တဲ့စိတ်ဝင်ခဲ့တာ ဒယ်ဒီမပြောခင် နှစ်နှစ်လောက်ကတည်းက။ ပြောရင် ယုံဖွယ်ရာမရှိပါ။

ထိုနေ့က မေမေဆုံးတဲ့ နှစ်နှစ်ဆယ်ပြည့်။ မာမီ့ကိုအရွဲ့တိုက်ပြီး အလှူကြီးလုပ်ဖို့ သူ ဆုံးဖြတ်ခဲ့သည်။

"သားမေမေအတွက် ပင့်သံဃာအပါးနှစ်ဆယ်ပင့်ပြီး ဆွမ်းကျွေးမယ်၊ လှူဖွယ်ဝတ္ထုတွေလည်း ဆက်ကပ်လှူဒါန်းမယ်လေ သားရဲ့၊ အဲဒီအတွက် မာမီ အားလုံးစီစဉ်ပေးမယ် သားရယ် နော်"

"မလိုပါဘူး၊ ကျွန်တော့်ဘာသာ ကျွန်တော်လုပ်တတ်တယ်၊ ခင်ဗျားသိထားဖို့က ကျွန်တော်အမိမဲ့၊ ဒါကြောင့် မိဘမဲ့နေတဲ့ကလေးတွေကို ကျွန်တော့်ဘာသာကျွန်တော် သွားလှူမယ်၊ ခင်ဗျားကြီး လိုက်မလာနဲ့၊ ကျွန်တော်နဲ့ဒယ်ဒီ နှစ်ယောက်တည်းသွားမှာ"

ထိုကဲ့သို့ပြောကာ ပြောတဲ့အတိုင်းလည်း ဒယ်ဒီနဲ့သူ သူငယ်ချင်းတွေပါခေါ်ပြီး အင်းစိန်က မိဘမဲ့ဂေဟာတစ်ခုမှာ အလှူကြီးပေးခဲ့သည်။

ဒယ်ဒီကတော့ သူ့စိတ်အတိုင်း၊ သူလုပ်သမျှကို ကျေနပ် လိုက်လျောခဲ့သည်၊ မာမီ ဝမ်းနည်းပြီးကျန်ရစ်ခဲ့တာကို သူ မသိချင်ဟန်ဆောင်ပစ်ခဲ့သည်။

အလှူပြီးလို့အပြန်မှာ ဂေဟာအုပ်ချုပ်ရေးမှူးက သူတို့ဂေဟာ





စတင်တည်ထောင်ကတည်းက ယခုအချိန်ထိ အခြေအနေအရပ်ရပ်ကို မှတ်တမ်းတင်ထားတဲ့ စီဒီချပ်လေး လက်ဆောင်ပေးခဲ့သည်။

ဘာရယ်လို့မဟုတ်ဘဲ ထိုစီဒီချပ်လေးကို သူတို့သူငယ်ချင်းတစ်စု အပျင်းပြေ ဖွင့်ကြည့်၏။

အလှူရှင်မှတ်တမ်းပုံရိပ်တွေ။ အများအားဖြင့် သူတို့လို ငွေနဲ့ပစ္စည်းလှူတာတွေ များသည်။ ထိုသို့အလှူပြုတဲ့အထဲမှာ ထူးထူးခြားခြား အလှူပြုတဲ့အဖွဲ့တစ်ဖွဲ့ကို တွေ့ရသည်။

ထိုအဖွဲ့က မိဘမဲ့ကလေးများရဲ့စိတ်က တောင်းဆိုတဲ့အတိုင်း ဖြည့်ဆည်းပေးကြတဲ့ လူငယ်အဖွဲ့တစ်ဖွဲ့။ တချို့လူငယ်တွေက ကလေးတွေကို သီချင်းဆိုပြကြ၏။ တချို့ကလေးတွေက တူရိယာ တီးမှုတ်နိုင်ရင် တီးမှုတ်ပြသည်။

တချို့ကလေးတွေက သူတို့စိတ်ကူးထဲမှာရှိတဲ့အတိုင်း ပုံစံလေးတွေ အမှတ်တရ လုပ်နိုင်းတတ်သည်။

အဲဒီမှာ ကလေးတစ်စုရဲ့ တောင်းဆိုတဲ့အတိုင်း အရုပ်ကလေးတွေ ရေးပြနေတဲ့ သူမကို စတင်စိတ်ဝင်စားသွားသည်။

မိဘမဲ့ကလေးတွေရဲ့စိတ်က မိဘကိုပဲ မျှော်တတ်သည်။ သူတို့ရဲ့မိဘပုံစံလေးတွေကို ဆွဲနိုင်းတော့ သူမလေးက ကလေးတွေရဲ့ရုပ်ကို ကြည့်ပြီး ထိုကလေးရုပ်နဲ့ဆင်တူတဲ့ မိဘစုံတွဲပုံကို ဆွဲပေးလေသည်။

တချို့ကလေးတွေက အိမ်ပုံလေးဆွဲနိုင်းသလို တချို့ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



က ပျော်ရွှင်ဖွယ်မိသားစု ပုံရိပ်ပါတဲ့ပုံစံမျိုး ဆွဲခိုင်းလေသည်။

သူမက ကလေးလေးတွေ ဆွဲခိုင်းတဲ့အတိုင်း တစ်ယောက်ချင်းစီအတွက် ပုံလေးတွေ ဆွဲပေးနေတဲ့ ပုံရိပ်တွေဟာ သူ့နှလုံးသားကို လှုပ်ရှားသွားစေခဲ့သည်။

စင်ကြယ်တဲ့မျက်နှာလေးကို မြတ်နိုးမိ၏။ မိဘမဲ့ကလေးတွေရဲ့ စိတ်ခံစားချက် နူးညံ့သာယာသွားအောင် လုပ်ဆောင်ပေးတဲ့ အနုပညာဆန်တဲ့ ပြုလုပ်မှုလေးတွေက သူ့စိတ်နှလုံးကို သာယာကြည်နူးသွားစေသည်။

ဒါကြောင့် ဂေဟာမှူးဆီသွားပြီး သူမလေးက ဘယ်သူလဲ၊ ဘယ်ကလဲ စုံစမ်းခဲ့ပါသေးသည်။

"အလှူရှင်တွေက ကြုံရင်ကြုံသလို လာတတ်တယ်၊ တချို့ကလည်း ဘယ်ကဘယ်သူဆိုတာပြောတယ်၊ တချို့ကျတော့လည်း ဘာမှ မပြောဘူး၊ သူတို့လှူချင်တာ လှူသွားကြတယ်၊ အဲဒီအဖွဲ့ကလည်း အဲလို ပြောမသွားဘူး၊ ဘာဖြစ်လို့လဲဟင်"

"သိချင်လို့ပါ"

"ဟုတ်တယ်၊ ဒီကလေးတွေကလည်း သူတို့လူငယ်အဖွဲ့ကို စိတ်ဝင်တစားနဲ့ မျှော်နေကြတာကွဲ့၊ သူတို့လေးတွေရဲ့ စိတ်ခံစားမှုတွေကို အနုပညာဆန်ဆန် ပေးလှူသွားလို့လေ၊ ကလေးတွေဆိုရင် အဲဒီကာတွန်းပုံလေးတွေကို တယုတယ သိမ်းထားကြတာကွဲ့"





"နောက် သူတို့အဖွဲ့လာရင် ကျွန်တော့်ကို အကြောင်းကြားပေးပါ"

သူ အသေအချာမှာခဲ့ပေမယ့် အကြောင်းပြန်မလာ။ ရင်ထဲမှာတော့ သူမလေး စိုးမိုးနေဆဲ။ ထိုပုံရိပ်လေးတွေက နှလုံးသားမှာ ငြိတွယ်ကာ။ အချစ်ဆိုတဲ့ ခံစားမှုအသစ်သန္ဓေ တည်လေသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဟင်"

သူ့ရင်မှာ ဒိုင်းခနဲဆောင့်ခုန်သွားသည်က သူမကို မထင်မှတ်ဘဲ ဒယ်ဒီ့ကုမ္ပဏီအဝင်အဝမှာ တွေ့ရချိန်က ဖြစ်သည်။

ဟုတ်ရဲ့လား။ သူ့နှလုံးသားက ပုံရိပ်တွေနဲ့ အပြန်ပြန်အလှန်လှန် တိုက်စစ်ကာ သူငယ်ချင်းတွေကို ပြောပြတော့ –

"မင်း ရူမှားတာ ဖြစ်မှာပါကွ"

"မပြုမ်နိုင်တာ"

"လူမှားရင်လည်း ပုံစံတူတာပဲဖြစ်မယ်၊ ဒီတစ်ခါဆုံရင် ကိုယ့်တို့ကိုပြကြည့်ပါလေ"

သူငယ်ချင်းတွေ တောင်းဆိုပေမယ့် သူ့မှာ ပြသခွင့်မရခဲ့။





မရခဲ့တာက သူမနဲ့ နောက်တစ်ကြိမ် ဆုံခွင့်မရသေး။

နောက် မကြာခင် တိုက်ထဲ ခိုးချောင်းနေတဲ့ သူမကိုမြင်လျှင် စိတ်လှုပ်ရှားမှုနဲ့ မာမီ့အပေါ်ရောက်နေတဲ့ ဒေါသတွေရောထွေးကာ သူမကို ရန်လိုစွာ မေးမိ၏။ ထိုအခါ ဒယ်ဒီက –

"သား ဒယ်ဒီပြောတဲ့အဝါနှစ်ဆိုတာ ဒီသမီးလေးပေါ့"

လို့ ပြောတဲ့နောက်မှာ သူ့နှလုံးသားလေး ကြည်နူးပီတိ စိမ့်ဖြာသွားခဲ့တာ သူအသိ။

သူငယ်ချင်းတွေကိုပြောပြတော့ သူငယ်ချင်းတွေက အံ့သြနေခဲ့သည်။

"ဟုတ်ရဲ့လားကွာ"

"ဟုတ်တယ်၊ ကိုယ် လူမမှားဘူး၊ အဲဒီကောင်မလေးအစစ်၊ ဒယ်ဒီပြောတာက အဝါနှစ်တဲ့၊ ကိုယ်နဲ့စိစဉ်နေတာ အဲဒီကောင်မလေး"

"ပြစမ်းပါဦးကွာ၊ မင်းကောင်မလေး"

သူငယ်ချင်းတွေ တောင်းဆိုလို့မှ မဆုံးသေး။ သူမနဲ့ ထွင်ထွင် တစ်ကားမှတ်တိုင်ကို သွားနေတာ ဖျတ်ခနဲမြင်လျှင် သူ့ကားကို သူမ နား ထိုးရပ်လိုက်တဲ့အထိ ရင်အခုန်မြန်နေခဲ့သည်။

သူငယ်ချင်းတွေတောင် ဘုမသိဘမသိဖြစ်ကုန်သည်။ သူလည်း အကြောင်းရှာတော့ သူ့လက်ကိုင်ဖုန်းကို သတိရ၏။

ဒါနဲ့ ဖုန်းအကြောင်းပြကာ သူမလေးကို သူ့စံအိမ်ကို ခေါ်သွင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူငယ်ချင်းတွေကို လက်တွေ့ပြလိုက်သည်။ သူငယ်ချင်းတွေလည်း စီဒီထဲက ပုံရိပ်လေးဟာ သူမ,ပါလို့ လက်ခံသွားသည်လေ။

ဒါပေမဲ့ သူ့စိတ်မှာ နင်နေတာတစ်ခုက စောစနဲ့ တွဲလျက်မြင် နေတဲ့ကိစ္စ။

အရာရာဟာ သူ့အတွက် တင်းမာစရာတွေချည်း ဖြစ်ခဲ့တာရဲ့ နောက်မှာ သူဟာ ချစ်တဲ့စိတ်ကို ဖုံးဖိခဲ့သည်က လုံခြုံစွာ။

သူငယ်ချင်းတွေ ဘယ်လိုပဲပြောပြော သူ လက်မခံခဲ့ပါ။ ...တွေဟာ သူမအတွက် စိတ်ထိခိုက်စရာ၊ ကြေကွဲစရာဖြစ်မှန်း ခုမှ ...ကောင်းစွာသိနိုင်လေသည်။

သိပေမယ့် လွန်နေပြီ။ လက်ရှိအခြေအနေက အဆိုးတကာ့ အဆိုးဆုံးရယ်။

❀

"အခု ဘယ်လိုလုပ်မလဲ၊ မင်းထင်သလို အဝါနုစ်က အန်... လှိုင့်ဆီမှာ မရှိဘူးဆိုတော့"

ဖော်သိုက်မေးတာကို သူ မဖြေဖြစ်၊ မျက်ရည်တွေကို စင်အောင် သုတ်ရင်း –





"အဝါနုစ်ကိစ္စ ထားလိုက်တော့ကွာ"

"ဟုတ်ပါပြီ၊ အဝါနုစ်ကိစ္စထားလိုက်ဆို ထားလို့ရတယ်၊ မင်း ဒယ်ဒီနဲ့ မင်းမာမီအခြေအနေကလည်း အဆိုးဆုံးမှာ"

သူ့ရင်ထဲမှာ သိနေပါသည်၊ အဆိုးဆုံးအခြေအနေဆိုတာ။ ခုချိန်မှာ သူ့ခံစားချက်ထက် ဒယ်ဒီ့ကို သနားတဲ့စိတ်က ပိုနေသည်။ အစဉ်အမြဲတက်ကြွနေတဲ့ ဒယ်ဒီက ခုတော့ ဆန့်ကျင်ဘက်။ စိတ်ဓာတ်ခွန်အားတွေ ခြောက်သွေ့ကာ ခံစားချက်တို့ ကင်းမဲ့နေသည်။

သူ့ကိုမြင်ရင်တော့ အရင်လိုပဲ ဒယ်ဒီ ပြုံးမူဆက်ဆံတတ်သည်။ ခုချိန်ထိ သူ့အပေါ် အပြစ်ရယ်လို့ မြူတစ်မှုန်စာမှ မပြောလောက်အောင် သူ့ကိုချစ်နေခဲ့သည်။

ထိုချစ်စိတ်ကြောင့်ပဲ မာမီလက်မှတ်ထိုးပေးတဲ့ ကွာရှင်းစာချုပ်မှာ ဒယ်ဒီလက်မှတ်ထိုးပြီး သူ့လက်ထဲ ထည့်ပေးသည်။

"ဒယ်ဒီ"

"သားဖြစ်ချင်တာအားလုံး ဒယ်ဒီပေးချင်တယ်၊ သားတောင်းဆိုတဲ့အတိုင်း ဒယ်ဒီတို့ ကွာရှင်းပြီးပြီ၊ သားမာမီ ဆောရီး လှိုင်သစ္စာကို အဲဒီကွာရှင်းစာချုပ်တစ်စောင် ပေးလိုက်၊ သားက တစ်စောင်သိမ်းထား။ ပြီးရင် ဒယ်ဒီနဲ့သား အင်္ဂလန်သွားမယ်၊ ဟိုမှာ သားဘဝအတွက် ...ထက်တိုးတက်အောင် ကြိုးစားဖို့အခွင့်အရေး အများကြီးရှိတယ်၊ ...တော့ သားအမေရဲ့အုတ်ဂူလည်း ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



စက်ရုပ်ဆန်ဆန်ပြောနေတဲ့ ဒယ်ဒီစကားနောက်မှာ သူ့မျက်ရည်တွေက ထိန်းထားလို့မနိုင်စွာ တဝေါဝေါကျလေသည်။

"သားဆန္ဒအတိုင်း ဒယ်ဒီတို့ သားအဖ ဟိုမှာပဲ အခြေချတာပေါ့၊ ဟုတ်ပြီလား"

မျက်နှာလွှဲပြီး ပြောနေပေမယ့် ဒယ်ဒီလည်း မျက်ရည်ကျနေမှန်း သူမြင်နေသည်။

လက်ထဲရောက်နေတဲ့ စာချုပ်နှစ်စောင်က သူ့နှလုံးသားအတိုင်း ကဆတ်ဆတ်တုန်ကာ –

"ကဲ သား မြန်မြန်ပေးလိုက်၊ ပြီးရင် ဒယ်ဒီတို့ အမြန်ဆုံးထွက်ကြတာပေါ့"

ပြောရင်း သူ့ရှေ့က ရှောင်ထွက်သွားတဲ့ဒယ်ဒီ။ ထမင်းစားခန်းမှာ ငုတ်တုတ်ထိုင်ကာ အရက်တွေချည်း မိသောက်နေတဲ့အထိ။

သူ့ဆန္ဒတဲ့။ မာမီကိုယ်တိုင်ကလည်း သူတောင်းဆိုတဲ့အတိုင်း လိုက်လျော သတဲ့။

နောက်ဆုံးတော့ သူ့ဘဝဟာ တန်ဖိုးကြီးတဲ့အရာမှန်သမျှကို လက်လွှတ်ဆုံးရှုံးရတော့မယ့် အနေအထား။

ဒီစာချုပ်နှစ်စောင်ဟာ သူ့နှလုံးသားကို ဟုန်းဟုန်းတောက်နေမယ့် မီးတောက်နှစ်စင်းနှယ်။ သူ ဘာဆက်လုပ်ရမလဲ။

✿ ✿ ✿



## အခန်း (၃၆)

သူ မသိမသာလေး ချောင်းကြည့်လိုက်သည်။

မာမီက ဆိုဖာပေါ် ခြေဆင့်၍ထိုင်နေကာ တယ်လီဖုန်းပြောနေတာ မြင်၏။ ဘေးတစောင်း မြင်ရ၏။

မာမီမြင်သွားမှာစိုးလို့ ဖျတ်ခနဲဆို တံခါးရွက်နဲ့ သူ့ကိုယ်ကို ကွယ်လိုက်မိသေးသည်။ တစ်ဖန် ပြန်ချောင်းကြည့်၏။

ဖုန်းစကားပြောနေဆဲ။ မာမီက အရင်ကထက်ပိုပြီး ကြော့မော့နေအောင် ပြင်ဆင်ထားဟန်တူသည်။ သူ့မျက်လုံးထဲမှာ ပိုလှနေသလို ပိုပြီးလည်း ချစ်စရာကောင်းနေသည်။

သူဟာ မာမီကြောင့် လူဖြစ်လာရတဲ့သူ။ မိန်းမတိုင်းဟာ မိခင်ကောင်းတွေတဲ့။ မိခင်စိတ်မရှိတဲ့ မိခင်တွေဟာ ဟောဒီလောကကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးမရှိရင်တောင် ရှားရှားပါးပါး သူ့အမေ တစ်ယောက်ရှိနေတာက သူ့ဘဝနဲ့ သက်သေထူနေသည်။

ဒါ့အပြင် သားသမီးမမွေးပေမယ့် မိခင်စစ်စစ်စိတ်ရှိတဲ့ မိန်းမတွေလည်း ဒီလောကကြီးထဲမှာ ရှိနေတယ်ဆိုတာ သူ့မာမီက သက်သေခံတယ်လေ။

သူ့ကိုချစ်တဲ့စိတ်က နှစ်ပေါင်းများစွာ သူ ငြိုးခဲ့သမျှ လည်စင်းခံခဲ့တဲ့ မာမို့နှလုံးသား ဘယ်လောက်ဖြူစင်နေခဲ့သလဲဆိုတာ မှတ်ကျောက်တင်နေစရာမလိုတော့ပါ။

ဟောဒါ ငါ့မာမီပါလို့ ငယ်ငယ်တုန်းကလို ဝင့်ကြွားချင်တဲ့ သူ့စိတ်က ဒီရေလို တရှိန်းရှိန်းတက်ကာ။

ငယ်ငယ်တုန်းကလို မာမို့ရင်ခွင်ကြားမှာ တိုးဝှေ့အိပ်စက်ချင်စိတ် ဆာလောင်နေခဲ့တာ ခုချိန်မှာ အပြင်းရှဆုံးပါပဲ။

တားမရ ဆီးမရတဲ့ သူ့ရဲ့ဆာလောင်မှုတွေက သူ့ဒူးအစုံကို ညွတ်ကျစေသည်။

ဒူးခေါင်းလေးထောက်ကာ မာမီ ဖုန်းစကားပြောနေတဲ့ အခန်းထဲ ဒူးနဲ့ပဲ တစ်လှမ်းလှမ်းချင်း လှမ်းကာ တိုးဝင်ခဲ့မိသည်က မာမို့ကို ပိုင်ဆိုင်ခွင့် ပြန်ရဖို့ပါ။

စကားပြောပြီးလို့ ဖုန်းခွက်လေး မာမီချကာ ပြန်လှည့်လျှင် သူနဲ့တည့်တည့် ဖြစ်လေသည်။ ဆင့်ထိုင်နေတဲ့မာမို့ခြေပေါ် သူ့ခေါင်းလေး





တင်ပြီး –

"မာမီ"

လို့ လှိုက်လှိုက်လှဲလှဲ ခေါ်လိုက်မိသည်။ ရုတ်တရက် မာမီက သားလို့ခေါ်လိုက်ပြီးမှ ကမန်းကတန်း ဘုရိတ်အုပ်ကာ –

"မင်း"

"သားပါ မာမီ"

"သား သား၊ ငါ့မှာ ဘာသားမှမရှိဘူး၊ မင်း ထွက်သွားစမ်း၊ ငါ့ရှေ့က ခုချက်ချင်းထွက်သွား"

သူမခြေပေါ်က သူ့ခေါင်းကို တွန်းပစ်ကာ နာနာကျင်ကျင် နှင်ထုတ်၏။

ဒါတင်မက မာမို့ခြေရှေ့မှာ ဒူးထောက်လျက်ရှိနေတဲ့ သူ့ကို ကန်ပစ်ဖို့လည်း မာမို့ခြေထောက် ရွယ်ထားသည်။

ရှောင်ရှားနေဖို့ သတိမရတော့ပါ။ မာမို့ခြေထောက်လေးကို သူ မြတ်နိုးစွာ ဖက်မိကာ –

"မာမီ"

"မခေါ်နဲ့၊ ငါ နင့်အမေ မဟုတ်ဘူး၊ နင်နဲ့ငါလည်း ဘာမှ မဆိုင်ဘူး ဖယ်စမ်းပါ"

"မာမီ၊ ကျွန်တော့်မှာ အပြစ်တွေအများကြီးရှိပါတယ်၊ အဲဒီ အပြစ်အားလုံးအတွက် မာမို့ခြေဖဝါးအောက်မှာ ပေးဆပ်ခွင့်ပြုစေ မာမီ၊



www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက ဒီအကြောင်းတွေ ကျွန်တော် ဘာမှမသိခဲ့ရဘူး။ မသိဘဲ ကျူးလွန်ခဲ့တဲ့အမှားတွေအတွက် မာမို့ခြေဖဝါးနဲ့ စေ့စေ့ညက်ညက် ကျေအောင် နင်းခြေလိုက်ပါ မာမီ''

''တော်စမ်းပါ ဖယားသစ်ရယ်၊ မင်း ငါ့ဘဝနဲ့ အသည်းနှလုံးကို လာပြီး နှောင့်ယှက်ပါနဲ့တော့၊ မင်းတို့သားအဖအတွက် ငါ့မှာ ခံစားနိုင်တဲ့နှလုံးသား မရှိတော့ဘူး၊ မင်းနဲ့ငါနဲ့လည်း ဘာမှမဆိုင်တော့ဘူး၊ မင်းနဲ့ငါနဲ့က သူစိမ်းပဲ၊ ဘာမှ တော်စပ်မှုမှ မရှိဘူး၊ မင်းအဖေကိုလည်း မင်းတောင်းဆိုတဲ့အတိုင်း ငါ့ဘက်က ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး ပေးပြီးသား၊ ခု မင်းမျက်ရည်ခံထိုးပြီး ငါ့ဘဝကို နှောင့်ယှက်ဖို့ မကြိုးစားနဲ့တော့''

''မဟုတ်ဘူး မာမီ၊ မာမို့ကို သား နှောင့်ယှက်တာမဟုတ်ဘူး။ မာမို့ကို မာမီတော်ချင်တာ၊ သားဘဝအတွက်, ဒယ်ဒီ့ဘဝအတွက် မာမီ မရှိလို့ မဖြစ်ဘူးမာမီ''

''တော်တော့၊ မပြောနဲ့တော့''

ဒေါ်လှိုင်သစ္စာ ပေါက်ကွဲအော်ဟစ်သလို ခြေကိုဖက်တွယ်ထားတဲ့ ဖယားသစ်ကိုလည်း တွန်းကန်ပစ်လေသည်။

ထိုအခါ ဒူးထောက်လျက်ဖြစ်နေသော သူ့ကိုယ်က ကန်ပစ်လိုက်တဲ့အရှိန်နှင့် နောက်လန်ကျကာ နောက်မှာရှိတဲ့ စားပွဲစောင်းနဲ့ ခေါင်းကို ဒိန်းခနဲ ဆောင့်မိလေသည်။





''မာမီ''

နာကျင်တာကို သူ မမှုနိုင်။ ကုန်းရုန်းထ၏။ ဒေါ်လှိုင်သစ္စာ ထေတ်ခနဲထကာ နာကျင်စွာ ကျောခိုင်းထားလိုက်သည်။ အနှစ်နှစ်အလလ ကြိတ်မှိတ်ခံစားရခဲ့ရတဲ့ဒဏ်က ခုချိန်မှာ ရုန်းကြွလာသလို။

''မင်း ငါ့ကို ဘယ်တော့မှ မာမီလို့မခေါ်နဲ့၊ လှိုင်သစ္စာက ထွေးပြီးတဲ့တံတွေးကို ဘယ်တော့မှ ပြန်မျိုမယ့်မိန်းမ မဟုတ်ဘူး၊ နင့်ကို သနားရအောင်, ငဲ့ညှာရအောင်, ခွင့်လွှတ်ရအောင် ငါဟာ နင့်အမေရင်း မဟုတ်ဘူး။ ငါဟာ မိထွေးမ၊ မိထွေးလိုပဲ ငါကျင့်ရမယ်၊ နင့်အမေက အင်္ဂလန်မှာ၊ သွား နင်အဲဒီကိုသွား၊ နင့်ဒယ်ဒီကိုပါ ခေါ်သွား၊ ငါဟာ နင်တို့သားအဖအတွက် မရှိသင့်တဲ့မိန်းမပါ ဖယားသစ်ရဲ့၊ ဘာကြောင့်မှ မျက်ရည်ခံထိုးပြီး ငါ့ဆီကို ခေါင်းတိုးပြီးဝင်မလာနဲ့၊ နင့်ကိုလည်း ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ နင့်ဒယ်ဒီကိုလည်း ငါ ခွင့်မလွှတ်ဘူး၊ ငါ အသက်ရှင်နေသရွေ့ နင်တို့သားအဖကို ငါ ခွင့်မလွှတ်ဘူး ဖယားသစ်၊ မင်း ပြန်တော့''

ဒေါ်လှိုင်သစ္စာပြောပြီး အပေါ်ထပ်ကို ခြေသံပြင်းပြင်းနဲ့ တက်သွားသည်။

''မာမီ''

သူ့အသည်းနှလုံးတွေ တစ်စစီ လွင့်စဉ်မတတ် အော်ဟစ်ခေါ်ဆိုနေမိတာ အကြိမ်ပေါင်းများစွာ။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲစောင်းနဲ့ ရိုက်မိတဲ့အရှိန်နဲ့ ခေါင်းနောက်စေ့က ကွဲကာ သွေးစိမ်းတွေ တတောက်တောက် ယိုကျလာသည်ကိုလည်း သတိမရ တော့ပါ။

"မာမီ မာမီ သားကိုခွင့်မလွှတ်ရင်တောင် ဒယ်ဒီ့ကို နားလည် ပေးပါ၊ ဒယ်ဒီပြုသမျှက ဒယ်ဒီ့စိတ်နဲ့ မဟုတ်ဘူး၊ ကျွန်တော့်ကြောင့်၊ အပြစ်အားလုံးဟာ ကျွန်တော့်ကြောင့်ပါမာမီ၊ ဒယ်ဒီ့မှာ ဘာအပြစ်မှ မရှိပါဘူး၊ ဒယ်ဒီ့ကို ခွင့်လွှတ်ပေးပါ၊ ဒယ်ဒီ့ကို ခွင့်လွှတ်ပေးပါ မာမီ"

သူ့အသည်းနှလုံးထဲက ရွတ်ဆိုနေမိတာ ဒါပဲဖြစ်သည်။ သူ့ အသိတရားပျောက်သည်အထိ မာမီလို့ တကြော်ကြော်ခေါ်ရင်း နောက်ဆုံး သူ့လောကကြီး မှောင်တူးသွားခါမှ သူ့အသံလည်း ပျောက်သလို သူသည် လည်း ဤကမ္ဘာလောကကြီးထဲက ပျောက်ကွယ်သွားသလို ခံစားလိုက် ရသည်။

ငရဲဆိုတာ ဒီဘဝမှာလည်း ရှိတာပဲ။ မာမီ့ကို ရင့်ရင့်သီးသီး ဆက်ဆံခဲ့လို့ သူ့နှလုံးသားဟာ ငရဲခန်းထဲ တွန်းပို့ခြင်းခံရတဲ့အဖြစ်။

မာမီ၊ ခွင့်လွှတ်ခြင်းတွေနဲ့ ကယ်တင်လှည့်ပျာ။

✿ ✿ ✿



## အခန်း (၃၇)

"ဘယ် ဘယ်လို ကိုသုတ"

"ကျွန်တော်လည်း သမီးလေးကို လိုက်ရှာတာ ဘယ်မှာမှမတွေ့ ဘူးဗျာ"

"ဘုရားရေ"

ဒေါ်မျိုးမျိုးဦး သွေးပျက်မတတ် စိုးရိမ်ထိတ်လန့်သွား၏။

"သမီးက ကိုသုတတို့အိမ်ထဲက ထွက်သွားတာ၊ အခုဘယ်မှာ မှ ရှာလို့မတွေ့ဘူး။ အဲ အဲလိုလား"

"ဟုတ်တယ် မျိုးမျိုးရယ်"

ဒေါ်မျိုးမျိုးဦး စိတ်မထိန်းနိုင်စွာ ငိုချကာ –

"အစကတည်းက မျိုးမျိုးတို့ကို ဘာလို့မပြောရတာလဲ၊ ဟင့်



www.burmeseclassic.com

www.burmeseclassic.com



''ဟင့် ဟင့်၊ အခု သမီးလေးကို ဘယ်မှာရှာရပါ့မလဲ၊ ပြောစမ်းပါ မောင်ရယ်၊ မောင့်သမီးကို ဘယ်မှာရှာရမလဲ၊ သမီး သမီးလေး''

ဒေါ်မျိုးမျိုးဦး ရင်ကွဲမတတ် ငိုယိုပြီးပြောနေတော့ ဦးရှင်းသန့်လည်း စိတ်နှလုံးသားလေး မခိုင်ရှာတော့ပါ။

''သမီးရယ်''

လို့ ရေရွတ်မိရင်း စိုးရိမ်သောကနဲ့ မျက်ရည်တွေကျလေသည်။ ဦးသုတမောင် မကြည့်ရက်နိုင်ဖြစ်ကာ မျက်နှာလေးလွှဲထားမိ၏။

သောကထဲမှာ သားသမီးအတွက် ဖြစ်ရ ခံစားရတဲ့ သောကက အပူလောင်ဆုံးပဲ မဟုတ်လား။

သူလည်း ဖခင်တစ်ယောက်အနေနဲ့ ကိုယ်ချင်းစာမိပါသည်။

''ကိုသုတ၊ အစကတည်းက အသိပေးသင့်တယ်ဗျာ''

''ပြောပါတော့ ရှင်းသန့်၊ ကိုယ်လည်း ကိုယ့်ပြဿနာနဲ့ကိုယ် ရှုပ်ထွေးနေတာတွေရဲ့နောက်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေတယ်ဗျ၊ သမီးလေး ခုလိုဖြစ်ရတာ ကိုယ့်အပြစ်တွေပါ''

''ကဲပါ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မလဲ''

ဦးသုတရင်ထဲ ဝေဒနာကို ဦးရှင်းသန့် နားလည်နေသည်။ ဒီအချိန် အပြစ်တင်စကားပြောနေလို့လည်း ထူးမှာမဟုတ်။

ဒါကြောင့် စိတ်ကိုလျှော့ချလိုက်ရသည်။ ဇနီးသည်က စိတ်မလျှော့နိုင်သလို ငိုရင်းပြော၏။





''ဖြစ်ပြီးမှ ဘာတတ်နိုင်မလဲဆိုတော့ မျိုးသမီးလေးကို ဒီလိုပဲ အဆုံးရှုံးခံရမလား မောင်ရယ်''

''မောင်ပြောတာက အဲဒီသဘော မဟုတ်ပါဘူး၊ ခေါင်းအေးအေးထားပြီး သမီးလေးကို ရှာရမှာပေါ့ကွ''

''ဟင့် ဟင့် ဟင့်၊ သမီး ခုလိုဖြစ်တာ မေမေ့ကြောင့်ပါကွယ်၊ သမီးလေး မလိုချင်ဘူး၊ မယူချင်ပါဘူး ငြင်းနေလျက်နဲ့ မေမေ အတင်းစီစဉ်လို့ ခုလိုဖြစ်ရတာပါ သမီးရယ်၊ မေမေ့ကိုခွင့်လွှတ်ပါ သမီးရယ်၊ မေမေမှားတာပါ သမီးရဲ့''

ဒေါ်မျိုးမျိုးဦး ပြောဆိုရင်း ငိုနေပြန်သည်။ ချော့မော့ဖျောင်းဖျလေ ပိုပြီးငိုလေ ဖြစ်နေတာမို့ ဦးရှင်းသန့်လည်း စိတ်ညှိုးငယ်လို့နေသည်။

''သမီးကို မတွေ့တွေ့အောင် ကိုယ်ရှာပေးပါ့မယ်၊ မင်းတို့ လင်မယားလည်း ဝိုင်းရှာကြပေါ့ကွ''

''ဟုတ်တယ်၊ အားလုံး ဝိုင်းရှာကြရင် တွေ့မှာပါ၊ ရှင့်သားကို လည်း ရအောင်ရှာခိုင်း''

ဒေါ်မျိုးမျိုးဦး ဒေါသနဲ့ပြော၏။

''သား''

ဦးသုတမောင် ရင်ထဲက ရေရွတ်ကာ –

''ဒါနဲ့ အခု ဇယားသစ်ကော''

ဦးရှင်းသန့် ခုမှပဲ သားမက်ကို သတိတရမေးရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



သား ဘယ်မှာတဲ့လဲ။ သူ ဘယ်လိုဖြေရပါ့မလဲ။

သူ မဖြေရက်ပါ။ ထိုလင်မယားရေ့က သုတ်ခနဲ ထထွက်ခဲ့သည်က မျက်ရည်ကျလျက်သားနဲ့။

✿ ✿ ✿



## အခန်း (၃၀)

"ဘုရားရေ"

ဧည့်ခန်းကြမ်းပြင်ပေါ်မှာ တစက်စက်ကျနေတဲ့ သွေးစက်တွေ။ ဒီသွေးစက်တွေ ဘယ်ကလာတာလဲ။

စဉ်းစားရင်း မြင်ယောင်လာတာက သားကို သူမ ခြေနဲ့ကန်ထုတ်မိတဲ့အဖြစ်။ သား နောက်ပြန်ကျသွားလျှင် စားပွဲစောင်းနဲ့ ဝင်ဆောင့်သလို ဖြစ်သွားသည်လေ။

ဒါ ဒါဆို ခေါင်းကွဲပြီးထွက်လာတဲ့ သားရဲ့သွေးတွေပေါ့။

အတွေးနဲ့သာမက မျက်လုံးကပါ သွေးစက်တွေနောက် ထောက်လျှောက်ပါသွားသည်။

သွေးစက်တွေက ဧည့်ခန်းအပြင်ဘက် ပေါ်တီကိုအောက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိ မြင်နေရသည်။

ဘုရားရေ။ သားခေါင်းက သွေးတွေက ဒီလောက်တောင်များသလား။ သွေးစက်လက်နဲ့ ဒီကလေး ဘယ်ထွက်သွားပြီးလဲ။

ဒေါ်လှိုင်သစ္စာ စိတ်နှလုံးသား ထိန်းထားလို့မနိုင်တော့ပါ။ ဒီကလေးကို သူမ နှလုံးသားနဲ့ရင်းပြီး မွေးခဲ့ရတာမဟုတ်လား။

သား၊ သား အခု ဘယ်မှာလဲကွယ်။

ဒေါ်လှိုင်သစ္စာ ရင်ကွဲမတတ် ခံစားရလေသည်။ သားကိုတွေ့ရနိုးနိုးနဲ့ ခြံပြင်ကိုထွက်ကြည့်မိသည်။

မတွေ့။ သားရဲ့အရိပ်အယောင်လေးပင် မမြင်။

သားကိုမတွေ့လေ သူမနှလုံးသား ပြာဝေသွားလေ။

ခန္ဓာကိုယ်ထဲက သွေးတွေလည်း ပွက်ပွက်ဆူကာ ဘာကိုမှ ဆင်ခြင်နိုင်စွမ်း မရှိတော့ပါလေ။

"သား သားရေ"

သားကိုတွေ့လိုဇောနဲ့ တကြော်ကြော် အော်ဟစ်ခေါ်မိသလို ခြေလှမ်းတွေကလည်း ကမ္ဘာလုံးစံအိမ်ထဲ ရောက်ပြန်သည်။

"ကိုကိုရေ့ သားရော သား"

စံအိမ်ထဲမှာ စိတ်နှလုံး ညှိုးချုံးစွာရှိနေတဲ့ ခင်ပွန်းသည်။ ခင်ပွန်းသည်လက်မောင်းကို လှုပ်ခါရင်း ဒေါ်လှိုင်သစ္စာ မရပ်မနား မေးလေသည်။

ဦးသုတမောင် ဘယ်လိုဖြေရမလဲ။ ဖြေဖို့စကားလုံး မတွေ့ကျ





အောင် ရင်ထဲဆို့ကာ ဇနီးသည်ကို ဆွဲယူပွေ့ဖက်ရင်း ငိုချလိုက်လေသည်။

"ဟင် သား သား ဘာဖြစ်ပြီလဲ ကိုကိုရယ်၊ သား ဘာဖြစ်နေပြီလဲ၊ လှိုင့်ကိုပြောပါ ကိုကိုရယ်၊ လှိုင့်သားလေး ဘယ်မှာလဲ၊ လှိုင့်ကြောင့် သား တစ်ခုခုဖြစ်သွားပြီလား ကိုကိုရယ်၊ လှိုင့်ကိုပြောပါနော်"

ဦးသုတမောင် စကားလုံးတွေနဲ့ ပြောနိုင်စွမ်းမရှိတော့ပါ။ ခံစားနေရတာတွေက ရင်ထဲမှာ ဘယ်လိုမှ မဖြေသာအောင် နက်ရှိုင်းနေတဲ့အဖြစ်။

ဇနီးသည်မျက်ရည်တွေကိုသာ တတ်နိုင်သမျှ သုတ်ပေးရင်း လှိုင့်ပခုံးလေးကို ပွေ့ဖက်ခေါ်ဆောင်လာမိတာက သားရှိရာဆီ။

သားရေ ဒယ်ဒီနဲ့မာမီ့ကို ထကြည့်ပါဦး။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

စူးစူးရှရှ နာကျင်မှုနဲ့အတူ သူ အသိဝင်လာပေပြီ။ ဒါပေမဲ့ မြင်လွှာလေးဖွင့်လို့ မရသေးပါ။ လေးလံကာ မှုးဝေလျက် အာရုံထဲမှာ ရှုပ်ထွေးနောက်ကျိုနေသေးသည်။

သူ ဘာဖြစ်နေတာလဲ။ သူ့ကိုယ်သူ ပြန်မေးလျှင် အဖြစ်အပျက်တွေ အစီအရီ ပေါ်လာချေသည်။

သွေးယိုပူတွေက သူ့ခေါင်းနောက်ဆက်မှ တတောက်တောက် ယိုကျနေတာတွေရဲ့နောက်မှာ သူ့ခြေလှမ်းတွေ ဦးတည်ရာမဲ့လျက်။

ဒယိမ်းဒယိုင်ဖြစ်နေတဲ့ ကိုယ်က တာရှည်မှာ တောင့်မခံနိုင်တော့ပါ။ မာမီ့ရဲ့မြိုပြင်ဘက်အရောက်မှာ ဝုန်းခနဲ ကျသွားတာပဲသိလိုက်သည်။





"ဖေ"

သူ့ကို စိုးရိမ်ကြီးစွာ ခေါ်လိုက်တဲ့သူငယ်ချင်းတွေရဲ့အသံကို သဲ့သဲ့သာ ကြားလိုက်ရသည်။

နောက်တော့ ဘာဆိုဘာမှ သူ မသိတော့ပါ။

အခု သူ ဘယ်ရောက်နေတာလဲ။ ဘာဖြစ်နေတာလဲ။

မျက်လုံးကို အားယူပြီးဖွင့်ကြည့်သည်။ ရေးရေးလေးသာ ဖွင့်လို့ရသည်။ လုံးဝပွင့်လာအောင် ဖွင့်နိုင်စွမ်းတဲ့ခွန်အား သူ့မှာမရှိသေး။

ခန္ဓာကိုယ်ထဲ တစ်စက်ချင်းစီးဝင်နေတဲ့ ဆေးစက်ကလေးများကို သူ ခံစားလို့ရနေသည်။

ဆေးစက်ကလေးများကြောင့် သူ့ကိုယ်ကြီး တဖြည်းဖြည်း ပေါ့ပါးသလို ခံစားရကာ မျက်လုံးလေးကို ဖွင့်နိုင်ဖို့ ကြိုးစားချင်စိတ်တို့လည်း ဖြစ်တည်လာပြန်သည်။ အတန်ကြာတဲ့အခါ –

"သား"

ခေါ်လိုက်တဲ့အသံလေးနဲ့အတူ ဆုပ်ကိုင်ခံလိုက်ရတဲ့ သူ့လက်မောင်းလေး နွေးအိလာသည်။ သူ့ပါးပြင်လေးကို တယုတယ ထိတွေ့လာတဲ့ မေတ္တာနွေးနွေးလေး။

"သား သား၊ မာမီပါ သားရယ်၊ မာမီ့ကိုကြည့်ပါဦး သားရဲ့"

နှလုံးသားထဲက လှိုက်လှဲကြင်နာစွာ ယိုစိမ့်ကျလာတဲ့ မာမီ့အသံလေးက သူ့ခန္ဓာကိုယ်အတွက် အလိုအပ်ဆုံးသော ခွန်အားတွေကို ရရှိ



www.burmeseclassic.com

www.burmeseclassic.com



သွားသည့်နှယ်။

သူ့မျက်လွှာလေး ဖွင့်နိုင်တဲ့အားတို့ ရလေသည်။ ဖွင့်လျှင် ဖွင့်ချင်း မှုန်ဝါးနေတဲ့ မာမီ့ပုံရိပ်။

"မာမီ"

ရင်ထဲက စူးနစ်စွာ ခေါ်မိတဲ့နောက်မှာ သူ့မျက်ဝန်းအိမ်မှ နွေးဖြာသော မျက်ရည်တွေ စီးကျလာသည်။

"သား သား မာမီ့ကို မြင်တယ်နော် သား၊ သားကို မာမီချစ် ပါတယ် သားရယ်၊ မာမီ့ကြောင့် သားလေး ခုလိုဖြစ်ရတာ၊ မာမီ့ကြောင့်ပါ သားရယ်"

"မ မဟုတ်ပါဘူး မာမီရယ်"

သူ့ရင်ထဲမှ အသံလေးက တုန်နေပြန်သည်။

"မဟုတ်ရပါဘူး၊ သားရဲ့ အရိုင်းဆန်တဲ့စိတ်ကြောင့် ကံကြမ္မာ က ဒဏ်ပေးတာပါ၊ မာမီ့ကြောင့် မဟုတ်ရပါဘူး"

"သားရယ်"

ဒေါ်လှိုင်သစ္စာ သားကို အားပါးတရ ဖက်ထားရင်း ဝမ်းနည်း ဝမ်းသာဖြစ်လျက် ထိနိုက်စွာ ငိုကြွေးလေသည်။

"မာမီ"

"ပြော ပြောလေသား"

"သားကို ခွင့်မလွှတ်ရင်တောင် ဒယ်ဒီ့ကို ခွင့်လွှတ်ပေးပါ





နော် မာမီ"

"သားရယ်"

မာမီ့မျက်ရည်တွေဟာ သူ့နှလုံးသားကို လွှမ်းမိုးသွားတဲ့ မေတ္တာ ရေစင်တွေနဲ့ သဏ္ဍာန်တူစွာ။

"မာမီ ခွင့်လွှတ်ပါတယ် သားရယ်၊ သားကို မာမီ ခွင့်လွှတ်ပါ တယ်၊ သားမရှိရင် မာမီ ရူးသွားနိုင်တယ် သားရဲ့၊ သားဟာ မာမီ့ဘဝ၊ သားဟာ မာမီ့နှလုံးသား၊ သားဟာ မာမီ့အသွေးအသားပါ သားရယ်၊ သားကို မာမီ မခွဲရက်ဘူး၊ သားက တောင်းဆိုလို့သာ သားတောင်းဆို လို့သာ မာမီ ရင်ကွဲခံပြီး ပေးရတာပါ သားရယ်"

"သား မတောင်းဆိုတော့ပါဘူး၊ သား နောက်ထပ်တောင်းဆို ရင်လည်း ဒယ်ဒီ့အတွက်ပဲ၊ ဒယ်ဒီ့ကို နားလည်ပေးပါ မာမီရယ်၊ သား နဲ့ဒယ်ဒီ အဂ်လန်မသွားတော့ဘူး၊ မာမီနဲ့အတူ နေပါရစေ၊ မာမီ့ရင်ခွင်ထဲ ခေါင်းချပါရစေ၊ မာမီ့ခြေဖဝါးအောက်မှာ ရှင်သန်ပါရစေ မာမီရယ်"

"သားရယ်"

ဒေါ်လှိုင်သစ္စာ သားမျက်ရည်တွေကို သုတ်ပေးမိသလို သား ပါးပြင်လေးကို မြတ်နိုးကြင်နာစွာ နမ်းရှိုက်မိ၏။

သားကိုယ်ကိုလည်း မေတ္တာအပြည့်နဲ့ ပွေ့ဖက်ထားကာ တရှိုက် ရှိုက် ငိုနေသည်က ကြည်နူးပီတိတွေနဲ့။

ဦးသုတမောင်က မျက်ရည်တွေသုတ်ရင်း လှိုင့်ကို ရှိုးသားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထပ်တူ ကျေးဇူးတင်နေမိသည်။

လှိုင်ဟာ သူတို့သားအဖအတွက် နှလုံးသားရဲ့အရှင်သခင်ပါပဲ။ ဘဝနဲ့ချီပြီး ကျေးဇူးဆပ်ရင်တောင် ကျေနိုင်ဖွယ်မရှိပါဘူး။

တကယ်ပါ။

✿ ✿ ✿



## အခန်း (၄၀)

"ဘယ်လိုဖြစ်တာလဲ မျိုးမျိုးရယ်"

ဒေါ်ချိုချိုဦး တရားရိပ်သာမှာ အေးအေးဆေးဆေး တရားအားထုတ်ပြီး မနေနိုင်ရှာတော့ပါ။ တူမလေးပျောက်နေတယ်ဆိုတဲ့ ဖုန်းသတင်းလည်းရရော ချက်ချင်းပဲ အစ်မဖြစ်သူဆီ လိုက်ခဲ့ရတဲ့အဖြစ်။

"ချိုရယ်၊ မမလည်း ဘယ်လိုပြောရကောင်းမှန်း မသိတော့ပါဘူး။ သမီးကိုလည်း ဘယ်မှာမှ ရှာမတွေ့ဘူးဖြစ်နေတယ်၊ သမီးလေး ခုလိုဖြစ်ရတာ မမကြောင့်"

ဒေါ်မျိုးမျိုးဦးပြောရင်း ထိခိုက်ကြေကွဲစွာ ငိုပြန်သည်။ ဒေါ်ချိုချိုဦး တူမအတွက် စိုးရိမ်နေတာပဲသိတာမို့ –

"အခုမှ မမကြောင့်၊ ဟိုလူကြောင့် မပြောပါနဲ့တော့ မမရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မမတို့ဆီရောက်ခါမှ သမီးလေး ဒီလိုဖြစ်ရတယ်လို့"

"ပြောပါတော့ချိုရယ်၊ ပြောပါတော့"

"ဒီလိုမှန်းသိရင် ချို ရိပ်သာမဝင်ဘဲ နေပါတယ်၊ အခု ဘယ်လိုလုပ်မလဲ၊ လူပျောက်တွေဘာတွေ တိုင်ထားပြီးပြီလား"

"တိုင်ထားပါတယ်၊ ကြော်ငြာတွေလည်း ထည့်ထားတယ်"

"ထည့်ထားရုံနဲ့ မပြီးသေးဘူး၊ နေဦး သမီးလေးသွားတတ်လာတတ်တဲ့နေရာတွေ ချိုလိုက်ကြည့်မယ်"

"ဘယ်ကိုလဲ"

"အို သမီးလေးက ပရဟိတစေတနာရှင်မလေးလေ၊ ခုလိုအချိန်မှာ အဲလိုနေရာတွေ ရောက်နေကောင်းရောက်နေလိမ့်မယ်"

"ဟင်"

ဒေါ်မျိုးမျိုးဦး တအံ့တသြလေး ဖြစ်သွားသည်။ သမီးက ပရဟိတ စေတနာရှင်မလေးတဲ့၊ သမီးလေး အဲဒီအလုပ်တွေ စိတ်ဝင်တစားလုပ်တတ်မှန်း ခုမှပဲ ဒေါ်မျိုးမျိုးဦး သိရတော့သည်။

"ဟုတ်တယ်၊ ကဲ ချို သွားမယ်"

"မျိုးလည်း လိုက်ခဲ့မှာပေါ့"

"လိုက်မယ်ဆိုလည်း လိုက်ခဲ့ပါအေ"

သမီးဇော၊ တူမဇောနဲ့မို့ ဒေါ်မျိုးမျိုးဦးတို့ညီအစ်မ အချိန်ဆိုင်းမနေတော့ပါ။ ဘယ်သူ့ကိုမှလည်း အကြောင်းမကြားနိုင်တော့ပါ။





ဒေါ်ချိုချိုဦး ဦးဆောင်ရာနောက် မမောမပန်းနိုင် ပါသွားရလေပြီ။

သမီးရေ၊ ရှောင်မနေပါနဲ့တော့ကွယ်။

မေမေတို့ရင်ထဲ မခံစားနိုင်တော့လို့ပါ သမီးရဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

''သက်သာလား သား''

သူ ခေါင်းလေးဆတ်ကာ မာမီပေးတဲ့ဆေးကို ခံတွင်းထဲ ထည့်လိုက်သည်။

ဦးခေါင်းနောက်စေ့ကွဲကာ သွေးထွက်လွန်သွားတဲ့ သူ့ဝေဒနာ ခုတော့ သက်သာလာပါပြီ။

ခြောက်ချက်ချုပ်ဒဏ်ရာကတော့ နာကျင်ဆဲ။

''ဆေးသောက်ပြီး ပြန်လှဲနေလိုက် သား''

ဒယ်ဒီ ကရုဏာကြီးစွာ ဆိုပြန်သည်။

''ဟုတ်တယ်သား၊ ထိုင်နေရင် ခေါင်းက ပိုကိုက်ပြီး အာရုံ မကြည်မလင်ဖြစ်နေလိမ့်မယ်''





မာမီလည်း ပြောတာမို့ သူ အိပ်ရာပေါ် ပြန်လှဲချလိုက်ရသည်။ နွေးထွေးတဲ့ မာမို့မေတ္တာတရားတွေ သူ့နှလုံးသားထောင့်တစ်နေရာမှာ ခွန်အားတွေ ဖြစ်တည်စေသည်။

မြင်လွှာလေးပိတ်ထားမိလျှင် ချစ်တတ်တဲ့နှလုံးသားက သူမလေးကို မြင်ယောင်နေသည်။

''ငါတို့တွေ စုံစမ်းနေပါတယ်ကွ၊ မင်း စိတ်မပူပါနဲ့၊ မင်းခေါင်းက ဒဏ်ရာပျောက်ဖို့ အရေးကြီးတယ်၊ မင်း ငြိမ်ငြိမ်လေး နားနေဦး''

''ဟုတ်သားပဲ၊ မင်းခေါင်းသူနေရင် အာရုံကြော ထိခိုက်နိုင်တယ်လို့ ဒေါက်တာပြောတယ်ကွ''

သူ သတိရရချင်း အဝါနှစ်ကို မေးဖြစ်၏။ သူငယ်ချင်းတွေက သူ့ကို ထိုသို့ နှစ်သိမ့်စကားဆိုကာ ဖျောင်းဖျထားရစ်ခဲ့သည်။

ခုချိန်ထိ သူမလေးသတင်း ဘယ်မှာမှ ရှာမရသေးပါ။

''သား သမီးကို ဒယ်ဒီရှာပေးပါ့မယ်၊ လောလောဆယ် သားခေါင်းက ရှုပ်ရှုပ်ထွေးထွေးအဖြစ်ခံလို့ မရဘူးသားရဲ့၊ သား ဘာကိုမှ မတွေးဘဲ အနားယူ စားနဲ့နေဦး''

ဒယ်ဒီကလည်း သူ့ကို ထိုသို့နှစ်သိမ့်စကားဆိုပြန်သည်။ ထိုနှစ်သိမ့်စကားတွေနောက်မှာ သူ ငြိမ်သက်ရကာ။

သူ့စိတ် သူ့နှလုံးသားကတော့ နှစ်နှစ်ဆီမှာ။

ဘယ်မှာလဲ နှစ်နှစ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို အဲလောက်တောင် နာကြည်းသွားသလား။

ကျောခိုင်း ရှောင်ခွာသွားတဲ့အထိ အမုန်းကြီး မုန်းနေတာလား။

✿

"တီ တီ တီ"

သူ့လက်ကိုင်ဖုန်းလေး မြည်လာပေမယ့် သူ ကိုင်ခွင့်မရပါ။ ဒယ်ဒီပဲကိုင်ပြီး ဖုန်းထူးလိုက်သည်။

"ဟဲလို"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဘာကိစ္စရှိလို့လဲ"

တစ်ဖက်က ဘာပြန်ဖြေသည်မသိပါ၊ ဒယ်ဒီ တအံ့တသြနှင့်။

"ဟေး ဟုတ်လား၊ ကျွန်တော် ခုပဲ လာမယ်၊ ကျေးဇူးတင်ပါတယ်ဗျာ"

ဒယ်ဒီ လှိုက်လှိုက်လှဲလှဲပြောကာ ဖုန်းချပြီး –

"သား သမီးလေးကို တွေ့ပြီးတဲ့"

"ဟင် ဘယ် ဘယ်မှာလဲ"

သူ ဝေါက်ခနဲ ထလိုက်လျှင် မိုက်ခနဲဖြစ်သွားတာမို့ ခေါင်းကို ပြန်လှဲချရသည်။





"သားရယ်၊ အဲလို ဆိုးဆိုးဆတ်ဆတ်ထလို့ မရဘူးလေ၊ ဘယ်လိုနေလဲ၊ မူးနေလား"

မာမီက သူ့ကို ဖေးဖေးမမ,ပြုရင်း သည်းသည်းလှုပ်လှုပ်ပြောတော့၏။ ဒယ်ဒီ့ကိုလည်း မျက်စောင်းနဲ့ကြည့်ကာ –

"ကိုကိုကလည်း"

"ဆောရီးပါ လှိုင်။ သား စိတ်အေးအေးထားနော်၊ ဒယ်ဒီ သမီးဆီ လိုက်သွားမယ်၊ လှိုင် ကိုကိုသွားမယ်"

ဒယ်ဒီပြောလို့ပင် မပြီးလိုက်၊ သုတ်ခနဲ ထွက်သွားလေသည်။ သူ့မှာ စိတ်ရှိတိုင်း ထသွားလို့မရတဲ့အဖြစ်။

ဝဋ်ကြွေးဆိုတာ ဒါပဲလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"မမ"

"ပြော စိုးစိုး"

"မမကို မေးမလို့"

"ဘာမေးမှာလဲ မေးလေ"

စိုးစိုးဆိုတဲ့ ကောင်မလေးမေးလျှင် ကျန်ကလေးများက စိတ်ဝင်တစား နားထောင်ကြလေသည်။ စိုးစိုးက နှစ်နှစ်မျက်နှာလေးကို ကြည့် ရင်း –

"စိုးကိုးတို့ ငယ်ငယ်တုန်းက စိုးစိုးတို့က အမေ့ဗိုက်ထဲမှာ ရတာဆို"

"အင်းပေါ့ စိုးစိုးရဲ့၊ ဗိုက်ထဲမှာ နေရတာပေါ့"





"အဲဒါဆို အမေ့ဗိုက်က ပူနေမှာပေါ့နော်"

"ပူနေမှာပေါ့ စိုးစိုးရဲ့"

"အဲဒါဆို အမေ့ဗိုက်လေးပူနေတဲ့ပုံ ဆွဲပြပါလား"

အဝါနှစ် မျက်ရည်လေးဆို့သည်အထိ ဝမ်းနည်းရလေသည်။ မိဘမဲ့ကလေးတွေရဲ့ရင်ထဲက ထိရှခံစားရတဲ့ ဝေဒနာတွေက နှစ်နှစ်နှလုံးသားကို အရည်ပျော်ကျသွားစေသည်။

"ဟုတ်တယ် မမရဲ့၊ အမေ့ဗိုက်လေးပူနေတဲ့ပုံ ဆွဲပြ၊ သားတို့ကိုလည်း တစ်ပုံစီဆွဲပေး"

ငါးနှစ်အရွယ် ဖိုးချစ်လေးကလည်း စိတ်အားထက်သန်စွာ တောင်းဆိုလာသည်။

ထိုအခါ နှစ်နှစ်မျက်ဝန်းအိမ်မှာ ဆို့နေတဲ့ မျက်ရည်စလေးများကို တို့သုတ်ရင်း ကလေးတွေလိုချင်တဲ့ပုံလေးတွေ တစ်ယောက်တစ်ပုံစီ ဆွဲပေးလိုက်သည်။

ဗိုက်ပူးအကျီလေးတွေနဲ့ မိခင်လောင်းပုံလေးတွေကို ကြည့်ရင်း တချို့ကလေးတွေက ကြည်နူးနေကြသည်။ တချို့က တွေးတွေးငေးငေးနဲ့ တစ်စုံတစ်ရာကို စဉ်းစားနေဟန် ငြိမ်လျက်။

"ဒါနဲ့ မမဗိုက်လည်း ဒီလိုပဲ ပူလာမှာပေါ့နော်"

တင်မာချိုလေးက နှစ်နှစ်ဗိုက်ကို လက်ညှိုးလေးလာဆိုးရင်း ရှုးရှူးစမ်းစမ်း မေး၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မာချိုမေးတာကို တခြားကလေးတွေကလည်း စိတ်ဝင်တစားနှင့် ဝိုင်းကြည့်ကြ၏။ နှစ်နှစ်ရင်ထဲမှာ နင့်ခနဲခံစားရကာ –

"ပူလာမှာပေါ့ သမီးရယ်"

"ဒါ ဒါဆို မမဗိုက်ထဲမှာ ကလေးလေးရှိနေတယ်ပေါ့၊ ဟုတ်လား မမ"

စုစုလေးက တောက်ပတဲ့မျက်လုံးဝိုင်းလေးနဲ့ကြည့်ပြီး မေး၏။ နှစ်နှစ် ခေါင်းလေးအသာညိတ်မိလျှင် ကလေးအားလုံး အားရဝမ်းသာ အော်ဟစ်ကြလေသည်။

"ဟေး ဒါမှ မမ"

"မမဗိုက်ထဲက ကလေးက သားတို့ကလေး"

"ကလေးပိစိလေးကို မီးတို့က မမလိုပဲ အရုပ်လေးတွေ ချုပ်ပြမယ်၊ နော် မမ"

ကလေးတွေစိတ်ကူးထဲက စကားလေးတွေ ညံစီလို့သွားလျှင် နှစ်နှစ်နှလုံးသားမှ မျက်ရည်တွေ ကျရပြန်သည်။

"ဒါနဲ့မမ မမဗိုက်ထဲက ကလေးလေးမှာ အဖေမရှိဘူးလား ဟင်"

"ရှိတာပေါ့"

"ဒါဆိုခေါ်ခဲ့ပေါ့ မမရဲ့၊ သားတို့နဲ့ ပျော်ပျော်ကြီးနေလို့ရအောင်လေ"





မောင်သူရိန်လေးကို နှစ်နှစ် ဖက်ထားမိသည်။ ဒီကလေးက မိသားစုအပြည့်အစုံနဲ့ နေချင်တဲ့စိတ်ကူးနဲ့ အမြဲတမ်း အဖေအမေကို တောင်းဆိုနေတဲ့ ကလေးလေး။

မောင်သူရိန်ရဲ့စိတ်ကူးလေးနဲ့ ဆန့်ကျင်နေတဲ့ သူမအဖြစ်။

"ဟုတ်တယ် မမရဲ့၊ မမဗိုက်ထဲက ကလေးဖေဖေကို ခေါ်လိုက်ပါလား၊ အခု အဲဒီကလေးလေး ဖေဖေ ဘယ်မှာလဲဟင်"

ဝိုင်းမေးကြတဲ့ ကလေးလေးတွေကို နှစ်နှစ် ဘာပြန်ဖြေရမလဲ။

အင်္ဂလန်ကိုထွက်သွားပြီလို့ ပြောရင် သူတို့နားလည်ကြမလား။ ဘာလို့ထွက်သွားတာလဲလို့မေးရင် နှစ်နှစ် ဘယ်လိုဖြေရမလဲ။

ဒီကလေးလေးကို မလိုချင်လို့ပေါ့လို့ ပြောလိုက်ရင် ကလေးလေးတွေ ဘယ်လောက်တောင် စိတ်ထိခိုက်ကြမလဲ။

ဟင့်အင်း၊ မပြောရက်ပါဘူးကွယ်။ သူ မလိုချင်တဲ့ကလေးကို နှစ်နှစ်ပဲ လိုလိုချင်ချင် မွေးယူပါ့မယ်။ သူက တားဆေးတွေနဲ့ တားခိုင်းပေမယ့် နှစ်နှစ် မတားရက်ပါဘူး။

နှစ်နှစ် ကလေးလေးတွေကို ချစ်တတ်ပါတယ်။ သူနဲ့ မပေါင်းရခင်ကတည်းက နှစ်နှစ်ရင်ထဲမှာ သူရှိနေတယ်လေ။

သူ မချစ်ပေမယ့် သူနဲ့ ပေါင်းခွင့်ရတာကို နှစ်နှစ် မြတ်နိုးနေမိတယ်။

ဒါကြောင့် ကံကြမ္မာကပေးတဲ့ ရင်သွေးလေးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ နှစ်နှစ် နလုံးသားနဲ့မွေးဖွားဖို့ ဆုံးဖြတ်ပြီး သူ့ရင်သွေးလေးကို ကြိုဆိုမိတယ်ကွယ်။

သူသာသိရင် နှစ်နှစ်ကို သတ်မလားပဲ။

ဒါကြောင့် နှစ်နှစ် ရှောင်ခဲ့တာပါ။ တစ်သက်လုံး ရှောင်ပါရစေ ကွယ်။

✿ ✿ ✿



## အခန်း (၄၃)

"ဘယ် ဘယ်လို"

ဂေဟာမှူး ဒေါ်ယုယုခင်ပြောလျှင် အားလုံး မျက်လုံးပြူးကုန်သည်။

"သ သမီးလေးက"

"ဟုတ်ပါတယ်၊ သူမလေး ရောက်လာတယ်၊ မိုးချစ်တို့ကလေးတွေအုပ်စုကို အရုပ်လေးတွေခွဲပေးပြီး ပြန်ထွက်သွားတယ်"

"ဟင်"

"ဘယ် ဘယ်ကိုသွားမယ်လို့ ပြောသွားလဲဟင်"

ဒေါ်ယုယုခင် ခေါင်းလေးပဲ ရမ်းရလေသည်။

"ဘုရားရေ သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မျိုးမျိုးဦး ငိုချလေသည်။ သူမသမီးလေး ဘယ်လောက်တောင် စိတ်သောကများနေရလဲကွယ်။

နှစ်ဖက်မိဘအားလုံးလည်း ယူကျုံးမရ ဖြစ်လျက်။

ဘယ်သူ့ကိုမှ ဘယ်သူအားပေးနှစ်သိမ့်နိုင်စွမ်း မရှိဖြစ်ကာ။ တစ်ယောက်တစ်ဖက် မျက်နှာတွေလွှဲထားရင်း မျက်ရည်ကိုယ်စီ ကျလို့နေသည်။

ဂေဟာမှူးလည်း စိတ်မကောင်းခြင်းကြီးစွာဖြစ်လျက်။

''အစကတည်းက ကြိုသိရင် ကျွန်မ သွားခွင့်ပေးမှာမဟုတ်ဘူး ရှင်''

''ခု ဘယ်လိုလုပ်ကြမလဲ မောင်ရယ်''

ဒေါ်မျိုးမျိုးဦး ခင်ပွန်းသည်ကို အားကိုးတကြီး မေးလေသည်။ ဦးရှင်းသန့်လည်း ဘာလုပ်ပါလို့ ပြန်ပြောဖို့စကားတွေ ရှာမရဖြစ်ကာ ခေါင်းသာရမ်း၏။

''မျိုးကိုသာ သတ်လိုက်ပါတော့ မောင်ရယ်၊ သမီးလေး ခုလိုဖြစ်ရတာ မျိုးကြောင့်၊ မျိုးကိုပဲ သတ်လိုက်ပါတော့''

ဒေါ်မျိုးမျိုးဦး ဟီးခနဲ ငိုချလျှင် ဒေါ်ချိုချိုဦးရင်ထဲမှာ တကယ် ထိခိုက်လေသည်။

တူမလေးခမျာ။

✿ ✿ ✿

ဇျူးစာပေ

အခန်း (၄၄)

ပြုံးချိုသောမျက်ဝန်းလေးနဲ့ ပူသောဝမ်းဗိုက်လေးကို ကြည့်နူးစွာငုံ့ကြည့်နေတဲ့ ကိုယ်ဝန်ဆောင်မိန်းကလေးရဲ့ ကာတွန်းရုပ်ပုံလေး။

ဒါ သူမလေးလက်ရာ။

ကာတွန်းပုံလေးကိုကြည့်ရင်း သူ့မျက်ဝန်းမှာ မိုးသည်းလေပြီ။

နှစ်နှစ်ရယ်၊ မောင့်ကိုလည်းမကြည့်ချင်လောက်အောင် နာကြည်းသတဲ့လား။ မောင် တောင်းပန်ပါရစေ ချစ်ရယ်။

နှလုံးသားနဲ့ရင်းပြီး တောင်းပန်ပါရစေ။ နှစ်နှစ်ကို မောင် မြတ်မြတ်နိုးနိုး ချစ်ခဲ့တာပါကွာ။ တန်ဖိုးထားပြီး ချစ်ခဲ့တာပါကွ။

✿ ✿ ✿

ဇျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၅)

နှစ်နှစ်ရေ –

မောင်တို့ အချစ်တွေနဲ့ ပြန်ဆုံပါရစေ။

✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၅၆)

"နှစ်"

သူ ဟန်မဆောင်နိုင်တော့ပါ။ ဆင်စွယ်နှစ်ရောင် ကိုယ်ဝန်ဆောင်အင်္ကျီလေးနဲ့ အစွမ်းကုန် လှနေတဲ့နှစ်နှစ်လေးရယ်။

မြင်လျှင်မြင်ချင်း သူ ပြေးပွေ့မိလေ၏။

"အိုး ရှင်"

နှစ်နှစ် အထိတ်တလန့်နဲ့ ကိုယ်ဝန်ကို ကာကွယ်ကာ ကြည့်လိုက်တော့ သူ။

"နှစ် မောင့်ကို မရက်စက်ပါနဲ့တော့၊ နှစ်ကို မောင်ရှာနေခဲ့ရတာ ရှုးတော့မယ် ချစ်ရယ်"

"ဟွန်း ခုမှ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ နှစ်ရယ်၊ နှစ်ကိုသာ မတွေ့ရရင် မောင် ရူးနိုင်တယ် နှစ်ရယ်၊ မောင့်ကို ခွဲမသွားပါနဲ့ နှစ်ရယ်၊ နှစ်ရင်ခွင်မှာ မောင်ခိုနားပါစေ"

နှစ်နှုတ်ခမ်းလေးနဲ့ ပါးပြင်လေးကို တရှိုက်မက်မက် မွှေးကြူရင်း ပြောနေတဲ့မောင်ရယ်။ နှစ်နှစ် ငြင်းဆန်လို့လည်းမရနဲ့ ရှက်လည်း ရှက်လှသည်။

ပတ်ဝန်းကျင်က သူများတွေလည်း ကြည့်ကြကုန်ပြီ။ နှစ်နှစ် ဆေးခန်းလာပြတာလေ။ ပြပြီး နှစ်နှစ်ငှားနေတဲ့ အိမ်လေးဆီသွားဖို့ ဘတ်စ်ကားမှတ်တိုင်ကို လျှောက်လာတဲ့လမ်းအလယ်မှာ။

မောင်က ဘာကိုမှလည်း ဂရုမစိုက်တော့၊ နှစ်နှစ်ကို ဝင်ဖက်ပြီး တတွတ်တွတ် ပြာရင်း မွှေးရှိုက်နေတဲ့အဖြစ်။

နှစ်နှစ် မရှက်ဘဲ နေမတဲ့လား။

"ဖယ်ပါကွယ်"

"မဖယ်ဘူး၊ မောင့်ကို နောက်ထပ်ရူးအောင်လည်း မလုပ်ပါနဲ့တော့၊ မောင်တောင်းပန်ပါတယ်ကွာ၊ ဟောဒီက မောင့်ရင်သွေးလေးကိုလည်း"

"တော်ပါ၊ မောင်ပဲ မလိုချင်ဘူး ပြောပြီးတော့"

"အခုလိုချင်နေပြီ နှစ်ရယ်၊ အရမ်းလိုချင်နေပြီ"

"လိုချင်ရင် မွေးပြီးရင် လာယူ၊ ဖယ်"





"ဟင့်အင်း၊ မွေးပြီးမှ မယူဘူး၊ အခုကတည်းက ယူမှာ၊ ဟောဒီဗိုက်ထဲက ကလေးရော, အမေလုပ်မယ့် ဟောဒီက မိန်းမကိုရော"

ပြောရင်းဆိုရင်း နှစ်နှစ်ကို ဆွဲခနဲပွေ့ချီကာ နှစ်နှစ် ငြင်းဆန်ချိန်လေး မရတော့ပါ။

"အိုး"

ချစ်တဲ့စိတ်က ဖွင့်ပြောနေဖို့မလို။ ပေါင်းစပ်သင်္ကေတက ဝမ်းကြာတိုက်မှာ နှလုံးသွေးလေး သန္ဓေတည်နေပြီး မဟုတ်ပါလား။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**မိန်းကလေး**
အမှတ် ၂၇ (B)၊ ပထမထပ်၊
ဦးလွန်းလမ်း၊ အရှိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၉၂၅၁၄၁၇

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မိန်းကလေး

ကြယ်စေတမန်



www.burmeseclassic.com